ကြေးမုံ
The Mirror
Established in 1957
၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့ (28-1-2014) (၇၇၃၉)

ကျန်ရှိသော ၂၆ လအတွင်း ပြည်သူကို တိုက်ရိုက်အကျိုးပြုမည့် ဦးစားပေးကဏ္ဍ ခုနစ်ရပ်ဖြစ်သည့် လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်းတိုးတက်ရေး၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိ။

နိုင်ငံတိုးတက်မှုနှင့် ဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်

ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကူအညီအထောက်အပံ့များကို ထိရောက်အကျိုးရှိစွာအသုံးပြုဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၇

ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (MICC)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

အဆိုပါဖိုရမ်သို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှစီးပွားရေးဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများမှကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Dr.Jim Yong Kim နှင့် ဒုတိယဥက္ကဋ္ဌများ၊ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်အမှုဆောင်အတွင်းရေးမှူး ဒေါက်တာ နိုလင်းဟေဇာ၊ မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် ဌာနေကိုယ်စားလှယ်များ၊ သံအမတ်ကြီးများ၊ IMF,ADB စသည့်ငွေကြေးအဖွဲ့အစည်းများ၊ ကမ္ဘာတစ်ဝန်းမှ အလှူရှင်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များနှင့်နိုင်ငံတကာအဖွဲ့အစည်း၊ ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သောအဖွဲ့များမှ ကိုယ်စားလှယ်များနှင့်အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပခဲ့ပါကြောင်း၊ အဆိုပါဖိုရမ်တွင် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် နေပြည်တော်သဘောတူညီချက်ကို ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ နေပြည်တော် သဘောတူညီချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ဆောင်ရွက်ရန်ကတိကဝတ်များနှင့် လုပ်ဆောင်ချက်များရှိသကဲ့သို့ ဖွံ့ဖြိုးမှုမိတ်ဖက်များဘက်မှ လုပ်ဆောင်ပေးရမည့် ကတိကဝတ်နှင့်လုပ်ဆောင်ချက်များ ပါဝင်ပါကြောင်း၊ မိမိဘက်က ဆောင်ရွက်ရမည့် ကတိကဝတ်များမှာလည်း နိုင်ငံတော်မှ ကျင့်သုံးဆောင်ရွက်လျက်ရှိသည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးစင်တာ ဘွဲ့လက်မှတ်များအပ်နှင်း

စာမျက်နှာ - ၁၀

ကိန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော် နစ်ကိုးလ်ကစ်ဒ်မင်းန်ဇာတ်ကားဖြင့် ဖွင့်လှစ်မည်

စာမျက်နှာ - ၁၂

၂၀၁၃–၂၀၁၄ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ပို့ကုန်၊ သွင်းကုန် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၇

၂၀၁၃-၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၉၉ ဒသမ ၈၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၇ ဒသမ ၇၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၅၇ ဒသမ ၅၈ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၉၁ ဒသမ ၀၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၀ ဒသမ ၀၀ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၅၁ ဒသမ ၀၅ သန်းဖြစ်သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှု ပို‌ငွေမှာ အမေရိကန်ဒေါ်လာ ၄၀၆ ဒသမ ၅၃ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၆၄၉ ဒသမ ၂၅ သန်း၊ နယ်စပ်ပို့ကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၂၇၀ ဒသမ ၃၈ သန်းနှင့်စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၉၁၉ ဒသမ ၆၃ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၃၈၆ ဒသမ ၁၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၆၁ ဒသမ ၉၁ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၇၄၈ ဒသမ ၀၆ သန်းဖြစ်သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၈၂၈ ဒသမ ၄၃ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေအစီရင်ခံစာအရ သိရှိရသည်။

(သတင်းစဉ်)



ကြေးမုံစာတည်းရှုထောင့် ၂၈-၁-၂၀၁၄ [အင်္ဂါနေ့]

ကျွမ်းကျင်မှု စိတ်ချရ

ယနေ့ကမ္ဘာပေါ်တွင် အလုပ်အကိုင်ရှားပါးမှုပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး အချို့နိုင်ငံများ၌ အလုပ်လက်မဲ့ဦးရေ တိုးပွားနေသည်ကို မြင်တွေ့ရပါသည်။ ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင်ပင် အလုပ်လက်မဲ့ဦးရေများနေဆဲဖြစ်ပြီး မဖွံ့ဖြိုးသေးသောနိုင်ငံများတွင်မူ ထိုပြဿနာများနှင့် ပိုမိုရင်ဆိုင်နေရပါသည်။

မြန်မာနိုင်ငံတွင်မူ လွတ်လပ်ပွင့်လင်းပြီး ပြုပြင်ပြောင်းလဲမှုများကို အလေးထားဖော်ဆောင်လာသော ယနေ့အခါကာလ၌ အလုပ်အကိုင်အခွင့်အလမ်းများ ယခင်နှင့်မတူ တိုးတက်ဖြစ်ပေါ်လာသည်မှာ အမှန်ဖြစ်သည်။ ပြီးခဲ့သည့်ရက်ပိုင်းက တရားဝင်ထုတ်ပြန်ချက်အရ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်သစ်ရရှိသူ ၁၃ သန်းကို ယခုသုံးနှစ်တာကာလအတွင်း ဖော်ဆောင်ပေးနိုင်ခဲ့သည်ဟု သတင်းထုတ်ပြန်ထားသည်။

ယင်းမှာ တရားဝင်အလုပ်သမားမှတ်ပုံတင်စာရင်းအရဖြစ်ပြီး ပြင်ပလုပ်ငန်းနယ်ပယ်အသီးသီးမှ ဖြစ်ထွန်းလာသည့် လုပ်ကွက်များရှိ နေ့စား၊ ပုတ်ပြတ်အလုပ်အကိုင်များ မပါဝင်သေးချေ။ ကျပန်းဟုခေါ်သော ထိုအလုပ်သမားများမှာ သူ့ရာသီနှင့်သူ့နယ်ပယ်အလိုက် အလုပ်သစ်အကိုင်သစ်များတွင် စဉ်ဆက်မပြတ်လုပ်ကိုင်နေကြရသဖြင့် မြန်မာနိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်းများမှာ ယခင်နှင့်မတူ တစ်မူထူးခြားသည်ဟု ဆိုနိုင်ပါသည်။

သို့သော် အလုပ်အကိုင်များတိုးတက်ရရှိနိုင်သော်လည်း ရေရှည်တည်တံ့သည့် ကျွမ်းကျင်လုပ်သားများဖြစ်ဖို့လည်း လိုအပ်မည်ဖြစ်သည်။ အစိုးရအလုပ်အကိုင်ဖြစ်စေ၊ ပြင်ပအလုပ်အကိုင်ဖြစ်စေ ကျွမ်းကျင်မှုမရှိဘဲ အရေအတွက်သက်သက်သာဖြစ်ပါက အလုပ်သမားအတွက်ရော၊ အလုပ်ရှင်အတွက်ပါ ထိခိုက်နစ်နာနိုင်သည်ကို သတိမူရမည် ဖြစ်ပေသည်။

ပြည်တွင်း၊ ပြည်ပ၌ သင့်လျော်သော အလုပ်အကိုင်သစ်များရရှိအောင် ဆောင်ရွက်ပေးနေသော်လည်း အဓိကလိုအပ်ချက်မှာ လုပ်သားအင်အားကို စနစ်တကျအသုံးချရန်၊ ကျွမ်းကျင်သည့်လုပ်သားများမွေးထုတ်ပေးရန်၊ အလုပ်အကိုင်ဆိုင်ရာ အတတ်ပညာကျွမ်းကျင်သူများအား ၎င်းတို့နှင့်သင့်လျော်သည့် အလုပ်အကိုင်များရရှိရေးအတွက် ဆောင်ရွက်ပေးရန်တို့လည်း လိုအပ်ပေသည်။

ပြည်ပအလုပ်အကိုင်နှင့်ပတ်သက်၍ သက်ဆိုင်ရာနိုင်ငံ၏ ဘာသာစကား၊ ဥပဒေ၊ ဓလေ့ထုံးစံ၊ လုပ်ငန်းဆိုင်ရာ အတတ်ပညာများကို ကြိုတင်တတ်မြောက်ထားရန်အတွက် လေ့ကျင့်သင်ကြားထားရမည်ဖြစ်သည်။ ပြည်ပတွင်သွားရောက်လုပ်ကိုင်ရာ၌ ကျွမ်းကျင်မှုရှိရန်လိုအပ်သကဲ့သို့ ပြည်တွင်းအလုပ်အကိုင်တွင်လည်း ကျွမ်းကျင်မှုအလိုက် အလုပ်အကိုင်ရရှိနိုင်ရန် စီမံဆောင်ရွက်သွားရမည်ဖြစ်သည်။

လာမည့် ၂၀၁၅ ခုနှစ်တွင် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုနယ်မြေ (အာဖတာ)စတင်သတ်မှတ်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံရှိပြည်ပလုပ်ငန်းရှင်များအနေဖြင့် မြန်မာလုပ်သားများ၏ အရည်အသွေးကို သဘောမကျပါက ကျွမ်းကျင်လုပ်သားများကို ပြောင်းလဲခေါ်ယူနိုင်ခွင့်ရှိသောကြောင့် လုပ်သားများအနေဖြင့် ကိုယ့်လုပ်ငန်းကိုယ်ကျွမ်းကျင်မှုရှိနေရန် အထူးလိုအပ်ပေသည်။

လက်ရှိတွင် ပြည်ပအလုပ်အကိုင်ကဏ္ဍ၌ ထိုစနစ်အတိုင်းဆောင်ရွက်နေပြီး ပြည်တွင်းအလုပ်အကိုင်များတွင်မူ ကျွမ်းကျင်လုပ်သားရှားပါးနေဆဲဖြစ်သော်လည်း အလုပ်အကိုင်နှင့်အလုပ်သမား ချိန်ထိုးညှိနှိုင်းဆောင်ရွက်နေရဆဲ ဖြစ်သည်။ ကျွမ်းကျင်လုပ်သားရှားပါးမှုကို ကျွမ်းကျင်မှုဆိုင်ရာအလုပ်ခွင်သင်တန်းများဖြင့် ဖြေရှင်းရမည်ဖြစ်သလို အထွေထွေလုပ်သားနှင့် ကျွမ်းကျင်လုပ်သားမျှတအောင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတကာလုပ်ငန်းနယ်ပယ်များတွင် ကျွမ်းကျင်လုပ်သားတစ်ဝက်ကျော်လွှမ်းမိုးထားသဖြင့် လုပ်ငန်းများ အစဉ်တိုးတက်အောင်မြင်နေသည်။

ထို့ကြောင့် မည်သည့်လုပ်ငန်းနယ်ပယ်သို့ဝင်ရောက်သည်ဖြစ်စေ မိမိကိုယ်ကိုကျွမ်းကျင်မှုရှိအောင် ဦးစွာတည်ဆောက်ထားသင့်ပြီး လုပ်ငန်းခွင်နယ်ပယ်ရောက်ပါကလည်း သက်ဆိုင်ရာက စွမ်းဆောင်ရည်မြှင့် ကျွမ်းကျင်မှုသင်တန်းများကို ဆက်လက်ပြုလုပ်ပေးကာ အလုပ်ရှင်၊ အလုပ်သမားဘဝများ တိုးတက်မြင့်မားလာစေရေးတို့အတွက် ဆက်လက်ဆောင်ရွက်ကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

(၂၃)ကြိမ်မြောက် အကောက်ခွန်နေ့အခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

(၂၃)ကြိမ်မြောက် အကောက်ခွန်နေ့ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရ ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးဒေါက်တာမောင်မောင်သိမ်းက အမှာစကားပြောကြားရာတွင် ဇန်နဝါရီ ၂၆ ရက်သည် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ဖြစ်သဖြင့် နှစ်စဉ်နှစ်တိုင်းကမ္ဘာတစ်ဝန်းရှိ အကောက်ခွန်ဌာနအသီးသီး၌ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပကြကြောင်း၊ သမိုင်းကြောင်းအရ အကောက်ခွန်အဖွဲ့နှင့် အကောက်ခွန် လုပ်ငန်းများသည် ရှေးနှစ်ပေါင်းများစွာကပင် ဆောင်ရွက်ခဲ့ကြကြောင်း၊ ခေတ်အဆက်ဆက်မှ ယနေ့အထိ အကောက်ခွန်လုပ်ငန်းများ ခေတ်မီတိုးတက်အောင် ဆောင်ရွက်ခဲ့ကြကြောင်း၊ အကောက်ခွန်လုပ်ငန်းများသည် ပြည်သူလူထုနှင့် အမြဲထိတွေ့ဆက်ဆံနေရသော အဖွဲ့အစည်းဖြစ်၍ နေ့စဉ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် မည်သည့်အကျိုးရလဒ်များကိုမျှ မျှော်ကိုးခြင်းမရှိဘဲ စေတနာဖြင့် ဆောင်ရွက်ပေးကြရန်၊ ကိုယ်ချင်းစာစိတ်ဖြင့် အပြုံးကို ဆောင်ပြီး တာဝန်ထမ်းဆောင်ပေးကြရန် မှာကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်မှစ၍ ကမ္ဘာ့အကောက်ခွန်အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၀ ရှိပြီဖြစ်ကြောင်း၊ အကောက်ခွန်အဖွဲ့အစည်းများသည် ပြင်ပမှတင်သွင်းလာသော ပစ္စည်းနှင့်ပြည်ပသို့တင်ပို့သော ပစ္စည်းများအပေါ် အကောက်ခွန်နှင့် အခြားအခွန်အခများကို ကောက်ခံပေးရုံသာမက ကမ္ဘာ့အကောက်ခွန်အဖွဲ့ကြီး၏ အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်များတွင် အစဉ်တစိုက်ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု လုံခြုံစိတ်ချရမှုကတစ်ဆင့် လူမှုအဖွဲ့အစည်းများကာကွယ်ရေးကို အဓိကထားဆောင်ရွက်ပြီး အကောက်ခွန်ဥပဒေစိုးမိုးရေးကို ဆောင်ရွက်ခြင်းနှင့် မသမာမှုများ လျှော့ကျရေးလှုပ်ရှားမှုများလည်း ဆောင်ရွက်ခဲ့ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းကျင့်ဝတ်စာမေးပွဲတွင် ဆုရရှိသူများ၊ လုပ်ငန်းဆိုင်ရာ ချီးကျူးမှတ်တမ်းတင်ခံရသူများ၊ ဌာနခွဲအလိုက်လုပ်ငန်းစွမ်းဆောင်ရည် အကောင်းဆုံးဆုရရှိသူများ၊ ဌာနတွင်း/ဌာန ပြင်ပသင်တန်းများတွင် သင်တန်းထူးချွန်ဆုရရှိသူများ၊ (၅) ကြိမ်နှင့်အထက် သွေးလှူဒါန်းသူများ၊ အိမ်ရာသန့်ရှင်းရေးနှင့် စိုက်ပျိုးရေးဆု၊ အားကစားထူးချွန်ဆုတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် သင်တန်းကျောင်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် အကောက်ခွန်ဦးစီးဌာန၏ လူမှုရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ အားကစားလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ MACCS စနစ်အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(ကြေးမုံ)**

ရွှေဈေး [illegible]

ရန်ကုန် ရွှေဈေး	၆၆၂၅၀၀	- ၆၆၃၄၀၀
မန္တလေး ရွှေဈေး	၆၆၂၂၀၀	- ၆၆၃၁၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ) အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ) အောက်တိန်း92	တစ်လီတာ	၉၂၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	= ၉၈၇. ၀၀
(ခ) ဥရောပ	တစ်ယူရို	= ၁၃၅၀. ၃
(ဂ) စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၁. ၉၁
(ဃ) တရုတ်	တစ်ယွမ်	= ၁၆၃. ၁၇
(င) ထိုင်း	တစ်ဘတ်	= ၃၀. ၀၀၉
(စ) မလေးရှား	တစ်ရင်းဂစ်	= ၂၉၅. ၀၂
(ဆ) အိန္ဒိယ	တစ်ရူပီး	= ၁၅. ၇၄၃
(ဇ) ဂျပန်	တစ်ရာယန်း	= ၉၆၄. ၅၇
(ဈ) တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၀. ၉၇၆
(ည) ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၅၇. ၄၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

❐ ရှေ့ဖုံးမှ

ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် အကျုံးဝင်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်အနေဖြင့် ပြီးခဲ့သည့် လ ၃၀ အတွင်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် လေးရပ်ဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ပုဂ္ဂလိက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမအဆင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခဲ့သည့်အတွက် တိုင်းရင်းသားလူမျိုးစုများအကြား အပြန်အလှန်နားလည်မှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အခြေအနေကောင်းများ ဖြစ်ထွန်းခဲ့ပါကြောင်း။

ဒုတိယအဆင့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုကို ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုနည်းလမ်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တိုးတက်ဖွံ့ဖြိုးမှုရလဒ်ကောင်းများ ရရှိနေသကဲ့သို့ ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် စီးပွားရေးတိုးတက်နှုန်း ၇ ဒသမ ၃ ရာခိုင်နှုန်းရရှိခဲ့သည့်အတွက် မူလခန့်မှန်းသော ၆ ဒသမ ၇ရာခိုင်နှုန်းကို ကျော်လွန်စွာဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဤအောင်မြင်ဖြစ်ထွန်းရရှိခဲ့သည့် စီးပွားရေးတိုးတက်မှုရလဒ်များသည် နိုင်ငံတော်၊ ပြည်သူနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ ပူးပေါင်းဆောင်ရွက်ခြင်း၏ ရလဒ်တစ်ခုအနေဖြင့် တွေ့မြင်နိုင်ပါကြောင်း။

တတိယအဆင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးစနစ် ပြုပြင်ပြောင်းလဲမှုကို ဗဟိုထိန်းချုပ်မှု လျှော့ချခြင်းနှင့် ဒေသဆိုင်ရာအစိုးရများ၏ အုပ်ချုပ်မှုစွမ်းရည်တိုးတက်ရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုလုပ်ငန်းများ တိုးတက်ရေးအတွက် ဒေသခံပြည်သူများကိုယ်တိုင် ပါဝင်ဆုံးဖြတ် အကောင်အထည်ဖော်နိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

စတုတ္ထအဆင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုကို စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာကိစ္စရပ်များကို အဟန့်အတားဖြစ်စေသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့ပေးလျက်ရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုတိုင်းတွင်အားလုံးပါဝင်သော အရေးပါသည့် ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်လင်းထင်သာမြင်သာရှိမှု၊ တာဝန်ယူမှုများကို တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိကာလ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုများ စတင်ရရှိနေပြီဖြစ်သော်လည်း အပြည်ပြည်ဆိုင်ရာအဆင့်သို့ တက်စေရန် များစွာဆောင်ရွက်ရဦးမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသော ၂၆ လအတွင်း ပြည်သူကို တိုက်ရိုက်အကျိုးပြုမည့်ဦးစားပေးကဏ္ဍ ခုနစ်ရပ်ဖြစ်သည့် လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်းတိုးတက်ရေး၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သည့်နေရာ၌ နိုင်ငံတော်ဘဏ္ဍာငွေတစ်ခုတည်းပေါ်တွင်သာ မှီခိုအားထားလုပ်ဆောင်သည့် အစဉ်အလာမှ အခြားသောငွေကြေးဇာစ်မြစ်များဖြစ်သည့် နိုင်ငံတကာအကူအညီ အထောက်အပံ့၊ ချေးငွေနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ရယူအသုံးပြုပြီး ကဏ္ဍအလိုက်၊ ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် နေပြည်တော်သဘောတူညီချက်တွင်ပါရှိသည့် ဖွံ့ဖြိုးရေးမိတ်ဖက်များက ဆောင်ရွက်ရန် ကတိကဝတ်ပြုထားသည့် အချက်များနှင့်အညီ မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကို တိုးတက်အောင် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း။

၂၀၁၃ ခုနှစ်သည် မြန်မာနိုင်ငံ၏ နိုင်ငံတည်ဆောက်မှုနှင့် ဖွံ့ဖြိုးမှုသမိုင်းတွင် အားတက်စရာကောင်းသည့် နှစ်တစ်နှစ်ဖြစ်ပါကြောင်း၊ တိုးတက်မှုရလဒ်များသည်လည်း နိုင်ငံတော်အစိုးရ၊ ပြည်သူများနှင့် နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပူးပေါင်းဆောင်ရွက်နိုင်မှုများ၏ ရလဒ်များဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဘက်စုံပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့်အတူ နိုင်ငံတကာ အသိုင်းအဝန်းနှင့် ပိုမိုပေါင်းစည်းလာပြီဖြစ်ပါကြောင်း၊ စီးပွားရေးပေါင်းစပ်ဆောင်ရွက်ချက် သာဓကအားဖြင့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၊ (၂၂) ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်(အရှေ့အာရှ)၊ ပထမအကြိမ် မြန်မာ-အီးယူဖိုရမ်၊ မြန်မာဂလိုဘယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ်တို့ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြောင်း။

နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှု အောင်မြင်မှုများကိုကြည့်လျှင် ပြည်တွင်းငြိမ်းချမ်းရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံရေးအကျဉ်းသားများအားလုံးကို လွတ်ငြိမ်းခွင့်ပေးနိုင်ခြင်း၊ ပဋိပက္ခများ တည်ငြိမ်အေးချမ်းလာခြင်းများစသည့် တိုးတက်မှုများဖြစ်ပေါ်ခဲ့ပြီး နိုင်ငံရေးတည်ငြိမ်မှုနှင့် ပေါင်းစည်းဆောင်ရွက်မှုကို တည်ဆောက်လာနိုင်ပြီဖြစ်ပါကြောင်း၊ ယင်းတို့မှာ ပြည်သူများပါဝင်သော ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက ပါဝင်ဆောင်ရွက်မှုများပြုလာ၍ ဖြစ်ကြောင်း၊ ထို့အပြင် လူမှုရေးနှင့်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖြစ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို နှစ်ပေါင်း ၄၀ကျော်အတွင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ဤသို့ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက်လည်း နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်နိုင်ငံများ၏ နည်းပညာအကူအညီ၊ ဖွံ့ဖြိုးမှုအကူအညီများကို များစွာပါဝင်ပံ့ပိုးနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တွင် အားရစရာ တိုးတက်ဖြစ်ပေါ်မှုများအနေဖြင့် မြန်မာနိုင်ငံအား အီးယူ၊ ဥရောပ၊ ဩစတြေးလျနိုင်ငံများက ပိတ်ဆို့မှုများ ရုပ်သိမ်းခြင်း၊ ပို့ကုန်များအပေါ် ကုန်သွယ်ရေး အထူးခံစားခွင့်ပေးခြင်း (GSP)တို့ကိုလည်း ရရှိခဲ့ပါကြောင်း၊ နယူးယော့ခ်ကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံဝင်ရောက်ခွင့်ရရှိခဲ့ပြီး ကမ္ဘာ့နိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်ပါကြောင်း။

ထိုသို့ ဖြစ်ပေါ်တိုးတက်လာသည့်ဖြစ်စဉ်များကို ပိုမိုအရှိန်အဟုန်မြှင့်တင်နိုင်ရန် ယခုနှစ်ဖိုရမ်၏ ခေါင်းစဉ်ကို တိုးတက်မှုအရှိန်မြှင့်ရေး အားလုံးပါဝင်ပူးပေါင်းမြှင့်တင်ပေး (Accelerating Action for Progress Through Enhancing Inclusive Coordination) ဆိုသည့် အနှစ်သာရ (Theme) ကို ရွေးချယ်ထားပါကြောင်း၊ ဤဖိုရမ်မှ ထိရောက်စွာ အားလုံးပူးပေါင်းထိတွေ့ခံစားနိုင်သည့် လုပ်ဆောင်ချက်ရလဒ်ကောင်းများ အလျင်အမြန်ဖော်ထုတ်ဆောင်ရွက်နိုင်ကြရန် ဖိတ်ခေါ်လိုပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းဖြင့် ၂၀၁၃ ခုနှစ်တွင်ရရှိခဲ့သည့် အောင်မြင်မှုများကို အရှိန်မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နိုင်ငံ၏ဂျီဒီပီကို ၉ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်အောင်ဆောင်ရွက်ရန် ရည်မှန်းထားပါကြောင်း၊ ထိုသို့ရည်မှန်းထားရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် နိုင်ငံဖွံ့ဖြိုးမှုအတွက် အဓိကကျသည့် အကူအညီ၊ အထောက်အပံ့များ၊ အတိုးမဲ့ချေးငွေ၊ အတိုးနှုန်းသက်သာသည့်ချေးငွေ၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာအကူအညီများကို စနစ်တကျ စီမံခန့်ခွဲခြင်းဖြင့် မျှော်မှန်းသည့်ဂျီဒီပီတိုးတက်မှုနှုန်းရရှိရန် စီမံထားခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်၏အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ပထမငါးနှစ်စီမံကိန်းနှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများကို ရေးဆွဲပြီးဖြစ်သည့်အတွက် နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ဆက်လက်ပူးပေါင်းပါဝင်စေရန် ထိရောက်သည့်ဖွံ့ဖြိုးရေး အကူအညီများပေးအပ်ရေးအတွက် ဆောင်ရွက်ရာ၌ ပိုမိုရှင်းလင်းလွယ်ကူစေမည်ဖြစ်ပါကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အစီအမံများတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များပါဝင်ဆောင်ရွက်သည့် အကူအညီအထောက်အပံ့များကို လိုအပ်သောနေရာသို့ ရောက်ရှိနိုင်အောင် နိုင်ငံတော်က အဓိကမောင်းနှင်သူနေရာယူပြီး နိုင်ငံတကာမှ ချမှတ်ထားသည့် ထောင်စုနှစ်ရည်မှန်းချက်များကဲ့သို့သော အစီအစဉ်များကို ဖြည့်ဆည်းဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း။

ထို့အပြင် နိုင်ငံ၏တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုကိုအထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကူအညီအထောက်အပံ့များကိုလည်း အထိရောက်ဆုံးအကျိုးရှိစွာ အသုံးပြုဆောင်ရွက်စေလျက်ရှိပါကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် မိမိတို့ဆောင်ရွက်လိုသော စီမံချက်များ၊ ဦးစားပေးများနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များဖလှယ်ခြင်း၊ ဦးစားပေးအစီအစဉ်များ ရေးဆွဲညှိနှိုင်းခြင်းစသည်တို့ ပါဝင်ဆောင်ရွက်ခြင်းဖြင့် နေပြည်တော်သဘောတူညီချက်ကို နှစ်ဖက်ပူးတွဲဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

ယခု ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစပြီး မြန်မာနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တစ်နှစ်အလှည့်ကျတာဝန်ယူ ဆောင်ရွက်နေပြီဖြစ်ရာ အာဆီယံမိသားစုဝင်ကိစ္စများ၊ အရှေ့အာရှနှင့် အာရှဒေသဆိုင်ရာကိစ္စများ၊ တစ်ကမ္ဘာလုံးဆိုင်ရာကိစ္စများကို အာဆီယံဥက္ကဋ္ဌနိုင်ငံအဖြစ် ဘက်စုံထောင့်စုံမှ လေးလေးနက်နက် ပါဝင်ဆောင်ရွက်နေပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဖိတ်ခေါ်ပါကြောင်း ထပ်လောင်းပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံအနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသော နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ၊ ရည်ရွယ်ချက်များအပေါ် မိမိတို့ပါဝင်ဆောင်ရွက်နိုင်သည့် နယ်ပယ်ရှုထောင့် ဦးစားပေးအစီအစဉ်နှင့် ဦးတည်အုပ်စုများအပေါ် ဘက်စုံထောင့်စုံမှ ပါဝင်ကူညီအားဖြည့်ပေးကြသည့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကမ္ဘာ့ဘဏ်အုပ်စု၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မိတ်ဖက်အလှူရှင်များအပေါ် မြန်မာနိုင်ငံအနေဖြင့် ပြည်သူများ၏ကိုယ်စား နှစ်ထောင်းအားရဝမ်းမြောက်စွာ ကြိုဆိုပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းပြောကြားရင်း အနာဂတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုးပူးပေါင်းလက်တွဲ ဆောင်ရွက်သွားကြပါစို့ဟု ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌ Dr.Jim Yong Kim က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ကမ္ဘာ့ဘဏ်အဖွဲ့အနေဖြင့် မြန်မာနိုင်ငံအစိုးရ၏ဒီမိုကရေစီ အသီးအပွင့်များကို ပြည်သူအားလုံးအတွက် စွမ်းဆောင်နိုင်ရေး ရဲရင့်သော ဆောင်ရွက်မှုများကြောင့် ယခုလက်ရှိအပါအဝင် အနာဂတ်တွင် မြန်မာနိုင်ငံနှင့် ခိုင်မာသည့် မိတ်ဖက်အဖွဲ့အစည်းအဖြစ် ရပ်တည်သွားမည်ဖြစ်ပါကြောင်း။

လာမည့်နှစ်များအတွင်း ကမ္ဘာ့ဘဏ်အဖွဲ့အနေဖြင့် မြန်မာနိုင်ငံအား ကူညီထောက်ပံ့မှုများကို သိသာစွာ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ သန်း ၂၀၀၀ ပမာဏရှိ အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ရှည်စီမံကိန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင် နိုင်ငံတော်အစိုးရအပါအဝင် ပြည်သူများနှင့် မိတ်ဖက်အဖွဲ့အစည်းအဖြစ် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ပိုမိုထိရောက်ကောင်းမွန်၍ ပွင့်လင်းမြင်သာပြီး တာဝန်ခံနိုင်သော အမျိုးသားအဆင့် အဖွဲ့အစည်းများ တည်ဆောက်ရေးတွင်လည်း အထောက်အကူပေးသွားမည်ဖြစ်ပါကြောင်း၊ ယင်းရန်ပုံငွေများကို မြန်မာနိုင်ငံ၏ ဦးစားပေးဆောင်ရွက်ရမည့်ကဏ္ဍများဖြစ်သော စွမ်းအင်၊ ကျန်းမာရေးနှင့် လယ်ယာစိုက်ပျိုးရေး အစရှိသည့် ကဏ္ဍများတွင် လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အကူအညီပေးရန် အသုံးပြုသွားမည်ဖြစ်ပါကြောင်း။

လတ်တလောတွင် မြန်မာနိုင်ငံ၏ ပြည်သူ ၇၀ ရာခိုင်နှုန်းခန့်မှာ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်သည့် အခြေအနေတွင် မရှိသေးသည့်အတွက် လာမည့်ငါးနှစ်တာကာလတွင် မိမိတို့အနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဘီလီယံအထိ မြှုပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားကဏ္ဍ အနာဂတ်အလားအလာများအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံသားများ၏ ဘဝတိုးတက်ရေးအတွက်သာမက ပိုမိုကောင်းမွန်သော စီးပွားရေးဝန်းကျင်ကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးပွားလာမည်ဖြစ်ပါကြောင်း။

ဒုတိယအနေဖြင့် အခြေခံအဆောက်အအုံကဏ္ဍနှင့် အများပြည်သူရင်းနှီးမြှုပ်နှံမှုများကို ယှဉ်တွဲဆောင်ရွက်သွားနိုင်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့်ခိုင်မာသော စီးပွားရေး အသီးအပွင့်များကို မိသားစုများသာမက နိုင်ငံအနေဖြင့်ပါ ခံစားနိုင်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးကဏ္ဍအတွက် ၁ ဒေါ်လာရင်းနှီးမြှုပ်နှံခြင်းသည် အခြားမည့်သည့်ကဏ္ဍအတွက်မဆို ၉ ဒေါ်လာမှ ဒေါ်လာ ၂၀ ပမာဏအထိ အကျိုးဖြစ်ထွန်းစေပါကြောင်း၊ နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သော ၂၀၃၀ မတိုင်မီ ပြည်သူအားလုံး ကျန်းမာရေးစောင့်ရှောက်မှုတွင် ပါဝင်နိုင်ရေးကြိုးပမ်းမှုမှာ မြန်မာနိုင်ငံအတွက် သတင်းကောင်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ယင်းရည်မှန်းချက်ကို ထောက်ခံပါကြောင်း၊ အခြားမိတ်ဖက်အဖွဲ့များလည်း အလားတူထောက်ခံမည်ဟု ယုံကြည်ပါကြောင်း၊ အလှူရှင်နိုင်ငံများက လာမည့် ၃ နှစ် (သို့မဟုတ်) ၄ နှစ်တာကာလအတွက် ဒေါ်လာသန်း ၈၀၀ ခန့် ဖြည့်ဆည်းနိုင်ရေး ကတိကဝတ်ထားဆောင်ရွက်ရန် ဆုံးဖြတ်ထားပါကြောင်း၊ ကမ္ဘာ့ဘဏ်အနေဖြင့် နိုင်ငံတော်အစိုးရ၏ ကျန်းမာရေးရည်မှန်းချက်အတွက် အားထုတ်ကြိုးပမ်းမှုကို အထောက်အကူပြုရန် ဒေါ်လာသန်း ၂၀၀ ခန့် ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားပါကြောင်း။

တတိယအနေဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ နိုင်ငံဂျီဒီပီ၏ ၄၃ ရာခိုင်နှုန်း၊ အလုပ်အကိုင်များ၏ ၅၄ ရာခိုင်နှုန်းနှင့် နိုင်ငံလူဦးရေ ၇၀ ရာခိုင်နှုန်း၏ အသက်မွေးဝမ်းကျောင်းဖြည့်ဆည်းပေးနိုင်မှုတို့အတွက် အရေးပါပါကြောင်း၊ နိုင်ငံတော်အစိုးရရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်မှာ သဘာဝအရ အလျှံအပယ်ရှိသော မြေယာနှင့် ရေရရှိမှုတို့ရှိသော်လည်း ထုတ်လုပ်နိုင်မှုစွမ်းအား နည်းပါးနေခြင်းပင်ဖြစ်ပါကြောင်း၊ ယင်းကို မိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီဖြင့်ပြောင်းလဲပြင်ဆင်နိုင်ပါကြောင်း၊ ကျေးလက်လျှပ်စစ်မီးရရှိရေးလုပ်ငန်းများသည် နိုင်ငံ၏သန်းချီသော လယ်သမားများအတွက် ကြီးမားသောအထောက်အကူတွန်းအားဖြစ်ပြီး အရည်အသွေးရှိသော ကျန်းမာရေးစောင့်ရှောက်မှုကို တိုးတက်အသုံးပြုနိုင်မည်ဖြစ်ရာ လယ်ယာများ၏ထွက်နှုန်းကို တိုးပွားစေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ထင်ဟပ်စေသည့် Video Presentation ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါဖိုရမ်ကို နေပြည်တော်၌ နှစ်ရက်ကြာကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားစဉ်။
(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Dr. Jim Yong Kim ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်မှ ကူညီထောက်ပံ့ပေးနေမှု၊ ကမ္ဘာ့ဘဏ်မှ ကူညီထောက်ပံ့မှုများသည် မြန်မာပြည်သူများအတွက် များစွာအထောက်အကူပြုမှု၊ လာမည့်သုံးနှစ်တာကာလအတွင်း ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံအား အမေရိကန်ဒေါ်လာ သန်း ၂၀၀၀ ထောက်ပံ့ပေးမည်ဖြစ်ပြီး နောင်တွင် ယခုထက်ပိုမိုကူညီထောက်ပံ့သွားရန် စီစဉ်ထားရှိမှု၊ ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံ၌ စွမ်းအင်၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် အလေးထားပူးပေါင်းဆောင်ရွက်ရန် စီစဉ်ထားမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးဉာဏ်ထွန်းအောင်၊ ဦးခင်မောင်စိုး၊ ဒေါက်တာဖေသက်ခင်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ Mr. Axel Frans Boudewijn Van Trotsenburg၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ဒုတိယဥက္ကဋ္ဌ Ms. Karin Margaret Finkelston နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ် Air Marshal Muhammad Enamul Bari, ndu, psc အား ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ်နှင့်အတူ ဘင်္ဂလားဒေ့ရှ်လေတပ်မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်သံမှူး Brigadier General Md Mahbubul Haque, ndc, afwc, psc တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာဖြင့် ဆက်ဆံနိုင်မှု အခြေအနေများ၊ နှစ်နိုင်ငံ လေတပ်အချင်းချင်း ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်နိမိတ်ဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ်တို့သည် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကြပြီး အဖွဲ့ဝင်များနှင့်အတူ စုပေါင်းအမှတ်တရဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဘုတ်အဖွဲ့အစည်းအဝေး တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၇

(၁၃၄) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အလုပ်အမှုဆောင်ဘုတ်အဖွဲ့အစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက်မှ ၂၅ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံး ဌာနချုပ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံး ဌာနချုပ်ခန်းမ၌ပြုလုပ်သည့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တီဘီရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးအစီအစဉ်များကို ဆွေးနွေးသည်။

ထို့နောက် WHO ညွှန်ကြားရေးမှူးချုပ် Dr.Margret Chan ၏ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံမှ International Health Partnership (IHP+) အစီအစဉ်တွင်ပါဝင်ကြောင်း Global Compact တွင် လက်မှတ်ရေးထိုးသည့် အခမ်းအနားကျင်းပရာ ပြည်ထောင်စုဝန်ကြီးက လက်မှတ်ရေးထိုးခဲ့သည်။

ဇန်နဝါရီ ၂၂ ရက် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ တိုးတက်အောင်မြင်မှုများ၊ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျန်းမာရေးဆိုင်ရာထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေးဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လော်ဆန်းမြို့ရှိ Nestle Research Center သုတေသနဓာတ်ခွဲခန်းများကို လေ့လာကြသည်။

ဇန်နဝါရီ ၂၃ ရက်တွင် ဘေဆယ်မြို့ရှိ ROCHE ဆေးဝါးစက်ရုံ ဆေးဝါးနှင့် သုတေသနအထောက်အကူပြုကိရိယာများ ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်လေ့လာခဲ့သည်။

ဇန်နဝါရီ ၂၄ ရက် အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ ကမ္ဘာတစ်ဝန်း ကြုံတွေ့လျက်ရှိသည့် ဆေးယဉ်ပါးမှုထိန်းချုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အမိန့်ကြော်ငြာစာထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၄

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်

(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိရေးအတွက် ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များကို အများပြည်သူတို့ ရှင်းလင်းစွာသိရှိနိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅၆၊ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိရေးအတွက် အဆိုပြုချက်များ တင်ပြရာတွင်ငွေကြေးကုန်ကျမှုများပြားကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိရာ ရင်းနှီးမြှုပ်နှံသူများနှင့် ကမကထပြုသူများအနေဖြင့် ကော်မရှင်က ဆောင်ရွက်သည့် ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာစွာ သိရှိရန် လိုအပ်လျက်ရှိသည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိရေးအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သတ်မှတ်ထားသော အဆိုပြုချက်ပုံစံတွင် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူက ရေးသားဖြည့်သွင်းပြီး ပြည့်စုံသော အဆိုပြုချက်ပြုစုရခြင်း။

(ခ) အဆိုပြုချက်ကို နေပြည်တော်ရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးအဖွဲ့သို့သော်လည်းကောင်း၊ ရန်ကုန်(ရုံးခွဲ) သို့သော်လည်းကောင်း သွားရောက်တင်ပြရခြင်းနှင့် တင်ပြလာသော အဆိုပြုချက်ကို ကော်မရှင်ရုံးအဖွဲ့ ဝန်ထမ်းများက စာရွက်စာတမ်းပြည့်စုံမှု ရှိ၊ မရှိ စိစစ်လက်ခံခြင်း။

(ဂ) ပြည့်စုံသော အဆိုပြုချက်ကို နေပြည်တော်၌ အပတ်စဉ် ကျင်းပသည့် အဆိုပြုချက် စိစစ်ရေးအဖွဲ့ (Proposal Assessment Team) အစည်းအဝေးသို့ တင်ပြဆွေးနွေးခြင်း။

(ဃ) အဆိုပြုချက်စိစစ်ရေးအဖွဲ့ (Proposal Assessment Team) အစည်းအဝေးက အတည်ပြုလျှင် အဆိုပြုချက်ကိုလက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အဆိုပြုချက်တင်သွင်းသူထံသို့ အကြောင်းပြန်ကြားခြင်း။

(င) လက်ခံပြီးသည့် အဆိုပြုချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သဘောထားနှင့် သက်ဆိုင်ရာဝန်ကြီးဌာန သဘောထားများ တောင်းခံခြင်း။

(စ) သဘောထားမှတ်ချက်များပြည့်စုံပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးသို့ အဆိုပြုချက်ကို တင်ပြဆွေးနွေးခြင်းနှင့် အဆိုပါအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူကို ဖိတ်ကြား၍ တက်ရောက်ဆွေးနွေးတင်ပြခွင့်ပြုခြင်း။

(ဆ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးက ခွင့်ပြုကြောင်းဆုံးဖြတ်လျှင် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူထံ ခွင့်ပြုမိန့်ထုတ်ပေးခြင်း။

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိရေးအတွက် အပိုဒ် ၂ ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံသူနှင့် ကမကထပြုသူတို့သည် ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများ ပေးဆောင်ရန်မလိုအပ်ကြောင်း ဖော်ပြအပ်ပါသည်။

၄။ အမိန့်ကြော်ငြာစာပါ ကိစ္စရပ်နှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ညွှန်ကြားရေးမှူးချုပ်	၀၆၇-၄၀၆၀၁၂
ဒုတိယညွှန်ကြားရေးမှူးချုပ်	၀၆၇-၄၀၆၃၄၂
ညွှန်ကြားရေးမှူး(နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဌာန)	၀၆၇-၄၀၆၃၃၄
ညွှန်ကြားရေးမှူး(မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဌာန)	၀၆၇-၄၀၆၁၃၉

(ဝင်းရှိန်)

ဥက္ကဋ္ဌ

တောင်ဥက္ကလာပ၌ ဖောက်ထွင်းမှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်တွင် ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက အလုပ်သွားနေစဉ် နေအိမ်နောက်ဖေး ဖောက်ထွင်းခံရပြီး ကျပ်သိန်း ၁၀၀ ကျော်ဖိုးခန့်ရှိ စိန်ထည်များ ခိုးယူမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက်နေ မချိုလဲ့ထွေးသည် ခင်ပွန်းဖြစ်သူနှင့်အတူ နေအိမ်သော့ခတ်၍ မျက်နှာချင်းဆိုင်ရှိ ယောက္ခမနေအိမ်သို့ သော့ပေးကာ အလုပ်သွားခဲ့ကြောင်း၊ ညနေ ၄ နာရီခန့်တွင် အိမ်နောက်ဖေးတံခါးပေါက်များ ပျက်စီးနေကြောင်း အကြောင်းကြားခဲ့သဖြင့် ပြန်လည်စစ်ဆေးခဲ့သည်။ အိပ်ခန်းအတွင်းရှိ ဗီရိုပွင့်နေပြီး စိန်ထည်၊ ရွှေထည်ပစ္စည်းများနှင့်ဟန်းဆက်၊ ဖန်စီပစ္စည်းများ ကျပ် ၁၀၀၅၀၀၀၀ ဖိုးခန့် ခိုးယူခံရသည်ကို သိရသဖြင့် အရေးယူပေးရန် တိုင်ကြားခဲ့သဖြင့် တောင်ဥက္ကလာပမြို့မရဲစခန်းက(ပ)၃၈/၁၄ ပြစ်မှုပုဒ်မ ၄၅၄ အရ အမှုဖွင့်စုံစမ်းလျက်ရှိသည်။

(၃၀)

ဆွစ်ဇာလန်နိုင်ငံ၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်အဖွဲ့ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၇

ဆွစ်ဇာလန်နိုင်ငံ ဒါဗို့မြို့၌ ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum)သို့ မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဦးဆောင်၍ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့် အမျိုးသားစီးပွားရေးနှင့် လူမှုရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ရင်လှိုင်တို့ အဖွဲ့ဝင် အဖြစ်ပါဝင်သည့် အဖွဲ့သည် ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိတက်ရောက်ခဲ့ကြသည်။**(ယာပုံ)**

မြန်မာအဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ကမ္ဘာ့စီးပွားရေးခေါင်းဆောင်များ အစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ ဥရောပသမဂ္ဂနှင့် အခြားနိုင်ငံအသီးသီးမှ ခေါင်းဆောင်များနှင့် ကမ္ဘာ့စီးပွားရေးပြဿနာများကို ဆွေးနွေးခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် အခြားသောအာဆီယံနိုင်ငံများမှ ခေါင်းဆောင်များနှင့် Relationship-ing of ASEAN ခေါင်းဆောင်များနှင့် ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည်လည်း ကမ္ဘာ့စွမ်းအင်ပြဿနာဆိုင်ရာ အကြောင်းအရာများကိုအခြားနိုင်ငံများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီး Mr.Borge Brende ၊ Open Society Institute ကို ထူထောင်သူ မစ္စတာ ဂျော့ဆိုရော့၊ Estonia နိုင်ငံသမ္မတ၊ Standard Chartered Bank ဥက္ကဋ္ဌ၊ Telenor ဥက္ကဋ္ဌ၊ GE အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ Sun အဖွဲ့ဒုတိယဥက္ကဋ္ဌ၊ TaTa အဖွဲ့ဥက္ကဋ္ဌ၊ Carlsberg အဖွဲ့ဥက္ကဋ္ဌ တို့နှင့်လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် နိုင်ငံတကာ အလုပ်သမားအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်နှင့် အလုပ်သမားရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံရဲ့ဆင်းရဲမှုလျှော့ချရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကူညီပေးနေ

နေပြည်တော် ဇန်နဝါရီ ၂၇

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်သူများဆင်းရဲမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်များ၏ အဓိကအုတ်မြစ်ဖြစ်သည်။ မြန်မာနိုင်ငံလူဦးရေ သန်း ၆၀၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်သည့်အတွက် လယ်ယာလုပ်ငန်းသည် ဂျီဒီပီ၏ ၄၀ ရာခိုင်နှုန်းခန့်ရှိနေဆဲပင်ဖြစ်သည်။

ယနေ့ နေပြည်တော်ရှိ MICC ၌ ကျင်းပသည့် ဖိုရမ်၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကဏ္ဍ ဆွေးနွေးပွဲတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး ဌာနဆိုင်ရာ အကြီးအကဲများ၊ Development Partners/Agency တို့မှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် တက်ရောက်ခဲ့သည့် ပုဂ္ဂိုလ်အချို့၏အမြင်များကိုလည်း သိရှိခွင့်ရခဲ့သည်။



မစ္စတာ ခရစ်(စ်) မီလီဂန် (မစ်ဒင်ညွှန်ကြားရေးမှူး)

ဂျပန်နိုင်ငံသား မစ္စတာ တာဒါယူကီ

ဂျပန်နိုင်ငံသား မစ္စတာ တာဒါယူကီ (မြန်မာအစိုးရ၏ဆင်းရဲမှုလျှော့ချရေးနှင့် စားနပ်ရိက္ခာလုံခြုံမှုကြိုးပမ်းချက်အပေါ် စီမံကိန်းရေးဆွဲသူ)

အစိုးရရဲ့ကြိုးပမ်းမှုတွေအပေါ် ကျွန်တော်တို့ကြိုဆိုပါတယ်။ ဆင်းရဲမှုလျှော့ချရေးဆိုတာ အခြားသောပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတွေလို အခက်အခဲတွေရင်ဆိုင်ရပေမယ့် အောင်မြင်မှုတွေကိုလည်း တွေ့ရပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသတွေမှာ ရေကောင်းရေသန့်၊ လျှပ်စစ်မီးလင်းရေး၊ ဆက်သွယ်ရေးနဲ့ စိုက်ပျိုးမွေးမြူရေးတွေကို တိုးတက်အောင်ဦးစားပေးလုပ်ဆောင်တာကို တွေ့ရပါတယ်။

ဂျပန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ဆင်းရဲမှုလျှော့ချရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွေမှာ ODA အစီအစဉ်နဲ့ ကူညီပေးနေပါတယ်။ ဆက်လက်ပြီး ကျေးလက်ဒေသရဲ့ ပညာရေးနဲ့ကျန်းမာရေးကဏ္ဍတွေကိုပါ ပါဝင်ကူညီသွားမှာပါ။

မြန်မာနိုင်ငံဟာ ကမ္ဘာ့နိုင်ငံတွေနဲ့ အချိန်ကြာမြင့်စွာ အလှမ်းဝေးနေခဲ့ပါတယ်။ အခု အစိုးရသစ်လက်ထက်မှာ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေပြုလုပ်ခဲ့ပြီး နိုင်ငံအတွင်းမှာလည်း အဘက်ဘက်က ပြုပြင်ပြောင်းလဲမှုတွေကို လုပ်ဆောင်နေတာကိုတွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာပြည်ကို သုံးကြိမ်ရောက်ပါတယ်။ တစ်ချိန်နဲ့တစ်ချိန်မတူဘဲ ပြောင်းလဲမှုတွေ မတူတာကိုတွေ့ရပါတယ်။ ဒါပေမယ့် လုပ်ဆောင်စရာတွေအများကြီးကျန်နေသလို စိန်ခေါ်မှုတွေကနေတစ်ဆင့် အတွေ့အကြုံနဲ့ အခွင့်အလမ်းတွေအများကြီးရမှာပါ။

ဒုတိယအကြိမ် မြန်မာဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကနေ မြန်မာနဲ့ကမ္ဘာ့နိုင်ငံများအကြားမှာ ပိုမိုနီးကပ်စွာပူးပေါင်းညှိနှိုင်းဆွေးနွေးခွင့်ရခဲ့ပါတယ်။ အထူးသဖြင့် အလှူရှင်နိုင်ငံတွေကနေအကူအညီပိုရတယ်။ ကမ္ဘာ့နိုင်ငံတွေနဲ့ ချိတ်ဆက်နိုင်တဲ့အတွက်လည်း နည်းပညာနဲ့လက်တွေ့ကျတဲ့ ဖွံ့ဖြိုးတိုးတက်ရေးအကူအညီတွေရနိုင်တဲ့အတွက် အကျိုးကျေးဇူးများစွာ ရနိုင်တယ်လို့ ဆိုနိုင်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကဏ္ဍ ဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

မစ္စတာ ခရစ်(စ်) မီလီဂန် (မစ်ဒင်ညွှန်ကြားရေးမှူး)အမေရိကန် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ

ဒီဖိုရမ်ကနေ မြန်မာပြည်သူအတွက် အကျိုးကျေးဇူးများစွာ ရရှိလာမှာဖြစ်ပါတယ်။ US AID အနေနဲ့ကတော့ မြန်မာပြည်သူတွေ ဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲမှုလျော့နည်းသွားရေးအတွက် မြန်မာအစိုးရနဲ့ ပြည်သူတွေပူးပေါင်းဆောင်ရွက်လိုတဲ့ဆန္ဒ အပြည့်အဝရှိပါတယ်။ US AID အဖွဲ့ဟာ အပူပိုင်းဇုန်တိုးတက်ရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ နောင်ကာလမှာ မြန်မာအစိုးရရဲ့ မူဝါဒနဲ့ နည်းပညာကဏ္ဍတွေမှာ ပါဝင်ဆောင်ရွက်ဖို့ အစီအစဉ် ရှိပါတယ်။ US AID အနေနဲ့ မြန်မာပြည်အတွက် ဆိုရင်ကူညီဖို့ အရန်သင့်ရှိသလို ကူညီနိုင်အောင်လည်း ကြိုးစားနေပါတယ်။ ဒါကြောင့် ဒီဆွေးနွေးပွဲဟာ မြန်မာပြည်သူတွေအတွက် ကောင်းမွန်တဲ့ အခွင့်အလမ်းလို့ ဆိုနိုင်ပါတယ်။

မြန်မာနိုင်ငံ၏ လယ်ယာနှင့်အခြားအသေးစားလုပ်ငန်းများထဲမှ အများစုသည် ပုဂ္ဂလိကလက်ထဲတွင် ရှိနေသည်ကို ကြည့်ခြင်းအားဖြင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာ၌ အခက်အခဲများ ရှိနေဦးမည်ဖြစ်သည်။ မကြာမီကပင်မြန်မာ့ကျေးလက်ဖွံ့ဖြိုးရေးမူဘောင်နှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ချမှတ်ခဲ့ပြီဖြစ်ရာ ယခုအခါ ယင်းမူဘောင်ကို အကောင်အထည်ဖော်ရန် အကူအညီများ လိုအပ်နေမှုကို ပြသရန် အကောင်းဆုံးသော အခွင့်အလမ်းတစ်ရပ်ရရှိခဲ့ပြီဖြစ်သည်။ **(သူရဇော်)**

ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆက်လက်ဖော်ဆောင်သွားမည်

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ရွှေဘိုမြို့ ရန်ကြီးအောင်အားကစားခန်းမ၌ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များမှ စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများ၊ နိုင်ငံရေးပါတီများ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။**(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့်ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်အောင် တည်ဆောက်လျက်ရှိပါကြောင်း၊ ယင်းသို့ တည်ဆောက်ရာ၌ နိုင်ငံတော်၏ အစိတ်အပိုင်းအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်လည်း အရေးကြီးကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေမည့် အကြောင်းအရာများကို ဆောင်ရွက်ခဲ့သည်မှာ သုံးနှစ်ကျော်ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း။

လွှတ်တော်များ၏ ယနေ့တာဝန်နှင့် ဆောင်ရွက်ချက်များကို အလျဉ်းသင့်၍ ပြောကြားလိုပါကြောင်း၊ လွှတ်တော်များတွင် ပြည်သူအကျိုးစီးပွားဖြစ်ထွန်းစေသော၊ ပြည်သူကို ကာကွယ်စောင့်ရှောက်နိုင်သော၊ တရားမျှတသော ဥပဒေများ ဖြစ်ပေါ်လာရေးအတွက် လုပ်ဆောင်လျက်ရှိပါကြောင်း၊ ပြည်သူများ၏ အမှန်တကယ် လိုအပ်ချက်ဖြစ်သည့် သောက်သုံးရေရရှိရေး၊ ကျေးလက်လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလိုအပ်သည့် ကိစ္စရပ်များကို ဖြည့်ဆည်းပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်က မြို့နယ်တစ်မြို့လျှင် သာမန်အားဖြင့် ငွေကျပ် သိန်း ၁၀၀၀ ဖြင့် ဖွံ့ဖြိုးရေးရန်ပုံငွေ ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများက ဖွံ့ဖြိုးရေးရန်ပုံငွေကို စနစ်တကျ သုံးစွဲအကောင်အထည်ဖော်ရန်လိုကြောင်း။

ယခုအခါ ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စရပ်များကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များကို နိုင်ငံရေးပါတီများ၊ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပြည်သူများထံမှ သဘောထားအကြံဉာဏ်များရယူပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ လွှတ်တော်အတွင်း၌ နိုင်ငံရေးပါတီ ၁၈ ပါတီမှ ပြည်သူကိုယ်စားလှယ်များပါဝင်ပြီး ပါတီအချင်းချင်း လုပ်ဖော်ကိုင်ဖက်များအဖြစ် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ညီညီညွတ်ညွတ်ဖြင့်ပူးပေါင်းဆောင်ရွက်မှသာ လက်တွေ့အကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီနှင့်ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလာပြီးနောက် ကမ္ဘာအရပ်ရပ်မှ အစိုးရများနှင့် ပြည်သူများက မြန်မာနိုင်ငံအပေါ် ပိုမိုစိတ်ဝင်စားလာကြကြောင်း၊ စနစ်ပြောင်းလဲကျင့်သုံးလာချိန်တွင် မြန်မာဆိုလျှင် နိုင်ငံတကာက ခေါင်းထောင်ကြည့်လာကြကြောင်း၊ မိမိတို့လွှတ်တော်များကိုလည်း နိုင်ငံတကာက အကဲခတ်လေ့လာကြပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မတီများကို ဖိတ်ကြားမှုများရှိလာခဲ့ကြောင်း။

ယခင်က မြန်မာနိုင်ငံ၌ ဒီမိုကရေစီမရှိ၍ လွှတ်တော်မကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ ယခု ဒီမိုကရေစီရှိ၍ လွှတ်တော်များ ကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီကျင့်စဉ်များကို ဆက်လက် ဖော်ဆောင်သွားရန် လိုကြောင်း စသဖြင့် နိုင်ငံတကာမှပုဂ္ဂိုလ်များက ပြောကြားခဲ့ကြကြောင်း၊ ဒီမိုကရေစီသည် အမြဲတမ်းလုပ်ဆောင်နေရမည့် လုပ်ငန်းစဉ်ကြီးတစ်ရပ်ဖြစ်၍ ဒီမိုကရေစီကျင့်စဉ်များကို အစဉ်အမြဲပြောင်းလဲကျင့်သုံးနေရမှာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီနောက်ကြောင်းပြန်လှည့်မည်၊ ရှေ့မတိုးဘူးစသဖြင့် တွက်ဆနေမှုများရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများနှင့်အတူ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆက်လက်ဖော်ဆောင်သွားမည် ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတကြီးက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲရေးကော်မတီများ၊ ရပ်ကွက်၊ ကျေးရွာနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းကာ ဆောင်ရွက်သွားကြရန် စီမံပေးထားပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြမည့်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းသည် မိမိတို့ဒေသအကျိုးဖြစ်ထွန်းစေသကဲ့သို့ တိုင်းပြည်အကျိုးကိုလည်း ဖြစ်ထွန်းစေမှာဖြစ်ကြောင်း၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများ ပါဝင်၍ အကျိုးရှိစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

လူသားတိုင်း၌ မိမိဒေသကိုချစ်ခင်သည့် ဇာတိစိတ်ရှိကြကြောင်း၊ ဇာတိစိတ်သည် ရှိသင့်သည့်စိတ်ဓာတ်ဖြစ်ပြီး အမျိုးသားရေးစိတ်ဓာတ်ကို ဖြစ်ထွန်းစေကြောင်း၊ ဇာတိစိတ်၊ အမျိုးသားရေးစိတ်ကို အခြေခံပြီး မိမိတို့ရပ်ရွာ အကျိုးဆောင်ရွက်ခြင်းသည် နိုင်ငံအကျိုး ဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း၊ ယခုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများသည် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ကြမည့် သူများဖြစ်၍ ပွင့်ပွင့်လင်းလင်းရင်းရင်းနှီးနှီး ဆွေးနွေးပြောဆိုကြရန်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ရေဦးမြို့နယ်၊ ခင်ဦးမြို့နယ်၊ ဒီပဲယင်းမြို့နယ်၊ ကျွန်းလှမြို့နယ်နှင့် တန့်ဆည်မြို့နယ်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် ရွှေဘိုမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းသည် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Dr. Jim Yong Kim နှင့်အဖွဲ့အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်သောင်း၊ ဦးစိုးသာ၊ ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု အောင်မြင်စေရေးအတွက် ကမ္ဘာ့ဘဏ်မှ အကူအညီများ တိုးတက်ရရှိရေး၊ လူမှုဘဝမြင့်မားရေးနှင့် စက်မှုကဏ္ဍ တိုးတက်ရေးအတွက် လိုအပ်သော အကူအညီများရရှိရေး၊ လျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးနှင့် ICT ကဏ္ဍ၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးနှင့် လေကြောင်းပို့ဆောင်ရေး ကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘဏ်နှင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့် အကူအညီများရရှိရေးတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဗိုလ်ချုပ်ကြီးသူရသက်ဆွေ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၂၇

မလေးရှား တော်ဝင်ရေတပ်ဦးစီးချုပ် Admiral Tan Sri Abdul Aziz Jaafar ၏ ဖိတ်ကြားချက်အရ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ မလေးရှားနိုင်ငံသို့ ထွက်ခွာကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းနိုင်နှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ စစ်သံမှူး Col.Gan Seng Lock နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

မှူခင်းအသိပညာပေးဟောပြော

မြန်အောင် ဇန်နဝါရီ ၂၇

မြန်အောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဖေသည် မြို့ပေါ်ရှိ ရွှေဆိုင်များ၊ မြန်မာ့စီးပွားရေးဘဏ်၊ ကမ္ဘောဇဘဏ်၊ MOB ဘဏ်များမှ တာဝန်ရှိသူများနှင့် ဇန်နဝါရီ ၂၅ ရက် ညနေ ၃ နာရီက မြို့မရဲစခန်းဓမ္မာရုံ၌ တွေ့ဆုံခဲ့ပြီး လုံခြုံရေးကင်မရာများ စနစ်တကျ တပ်ဆင်ထားရန်၊ လုံခြုံရေး စနစ်တကျဆောင်ရွက်ထားရန်နှင့် အရေးပေါ်ဆက်သွယ်မှုစနစ်များ ဆောင်ရွက်ထားရန်တို့ကို ဆွေးနွေးမှာကြားပြီး မှုခင်းအသိပညာပေးဟောပြောကြောင်း သိရသည်။**ဝင်းဗိုလ် (ပြန်/ဆက်)**

လွှတ်တော်သို့လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဇန်နဝါရီ ၂၇

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပါတီဝင် ၁၅၀ တို့သည်လည်းကောင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှဥက္ကဋ္ဌ ဦးတင်ဦးလေး ခေါင်းဆောင်သောအဖွဲ့ဝင် ခုနစ်ဦးတို့သည် လည်းကောင်း၊ ချင်းတိုးတက်ရေးပါတီမှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးရိုန်ထွန်း ခေါင်းဆောင်သော ပါတီဝင် ၁၅ ဦးတို့သည်လည်းကောင်း၊ ရှမ်းပြည်နယ် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ ပါတီဝင်လေးဦးတို့သည်လည်းကောင်း ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမမြောက်နေ့ကျင်းပနေမှုနှင့်လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ပြည်သူ့လွှတ်တော်သယံဇာတပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ လျှပ်စစ်ဥပဒေကြမ်းတင်သွင်း

ဒုတိယဝန်ကြီး ဦးအောင်ထူး
စွမ်းအင်ဝန်ကြီးဌာန

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်သူ့လွှတ်တော်နဝမပုံမှန်အစည်းအဝေးသတ္တမနေ့ကိုအစီအစဉ်(၉)ခုဖြင့်ကျင်းပခဲ့ရာ မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်း၏ **မော်လိုက်မြို့နယ် အင်းတော်ဒေသတွင် မူလသဘာဝဓာတ်ငွေ့တွင်း(၂)တွင်းနှင့် စမ်းသပ်တူးဖော်ခဲ့သည့်တွင်း(၁)တွင်းတို့ကို သဘာဝဓာတ်ငွေ့ ပမာဏတိုင်းတာသည့် ကျွမ်းကျင်ပညာရှင်များ စေလွှတ်ရန်နှင့် သဘာဝဓာတ်ငွေ့သုံးအင်ဂျင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြည်တွင်း သဘာဝဓာတ်ငွေ့ လိုအပ်ချက်ပမာဏ မြင့်တက်လာသဖြင့် အဆင့်မြင့်နည်းပညာများအသုံးပြု၍ သဘာဝဓာတ်ငွေ့နှင့် ရေနံရှာဖွေတူးဖော်ထုတ်လုပ်မှုများ ပြုလုပ်ရန် ၂၀၁၃ ခုနှစ်တွင် 2nd Bidding Round နိုင်ငံတကာ တင်ဒါခေါ်ယူခဲ့ပါကြောင်း၊ တင်ဒါရွေးချယ်အောင်မြင့်ခဲ့သော Pacific Hunt Energy Corporation, Canada သည် Block PSC- C1 (ရနန်း-အင်းတော်)ဒေသတွင် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ် (Production Sharing Contract) ချုပ်ဆိုရန်အတွက် ပြင်ဆင်နေပြီး စာချုပ်ချုပ်ဆိုပြီးပါက ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ စီးပွားဖြစ် သဘာဝဓာတ်ငွေ့ရှာဖွေတွေ့ရှိပြီး သဘာဝဓာတ်ငွေ့ခိုအောင်းမှုပမာဏ ခန့်မှန်းတွက်ချက်အတည်ပြုပြီးမှသာ သက်ဆိုင်ရာဌာနများမှ သဘာဝဓာတ်ငွေ့သုံး (GAS TURBINE ENGING) အင်ဂျင်တည်ဆောက်ရေးအတွက် ဆုံးဖြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ပြည်သူ့လွှတ်တော်သယံဇာတပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက လျှပ်စစ်ဥပဒေကြမ်းကို တင်သွင်းခဲ့သည်။

ယင်းဥပဒေ၏ ရည်ရွယ်ချက်မှာမြန်မာနိုင်ငံစီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် အခြေခံစွမ်းအင်ဖြစ်သည့် လျှပ်စစ်ဓာတ်အားကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးရန် လိုအပ်လျက်ရှိနေခြင်း၊ မြန်မာနိုင်ငံတွင် ၁၉၈၄ ခုနှစ်က ပြဋ္ဌာန်းထားရှိသော လျှပ်စစ်ဥပဒေရှိသော်လည်း ယခုမျက်မှောက်ခေတ်ကာလနှင့် လိုက်လျောညီထွေမရှိသဖြင့် ခေတ်စနစ်နှင့်အညီ အသစ်ပြုပြင်ရေးဆွဲရန်လိုအပ်ခြင်း၊ အထူးသဖြင့် လျှပ်စစ်ကဏ္ဍအရှိန်အဟုန်ဖြင့် တိုးတက်ရေးနှင့်ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ရရှိလာစေရန် ခေတ်မီသော လျှပ်စစ်ဥပဒေတစ်ရပ် မလွဲမသွေ လိုအပ်နေခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် စွမ်းအင်ဆိုင်ရာ မေးခွန်း(၂)ခု၊ ကျန်းမာရေးဆိုင်ရာမေးခွန်း(၄)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးကို နံနက်ပိုင်းတွင်ရပ်နားလိုက်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံသားအားလုံးသည် နိုင်ငံတော်ကိုကူညီရန် တာဝန်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၇

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ အရေးကိစ္စအတွက် အခြားအာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများကဲ့သို့ ပြည်ထောင်စုအဆင့်လူငယ်ဆိုင်ရာကော်မရှင် သို့မဟုတ် ကော်မတီတစ်ရပ် သို့မဟုတ် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန ဖွဲ့စည်းထားရှိမှု မရှိသေးသည့်အတွက် လိုအပ်သလိုဖွဲ့စည်း၍ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းကာ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက ဆွေးနွေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က ဖွံ့ဖြိုးတိုးတက်ပြီး သာယာသည့် နိုင်ငံတော်ကြီးဖြစ်ရန် နိုင်ငံသားအားလုံးတွင် တာဝန်ရှိသကဲ့သို့ လူငယ်များတွင်လည်း တာဝန်ရှိပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံသားအားလုံးသည် နိုင်ငံတော်ကို ကူညီရန်တာဝန်ရှိပါကြောင်း၊ လူငယ်များကို စိတ်ပိုင်း၊ ရုပ်ပိုင်းဖွံ့ဖြိုးတိုးတက်ရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်က ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ယနေ့လူငယ်များသည် တက်ကြွစွာဖြင့် နိုင်ငံတော်၏ ကဏ္ဍအသီးသီး၌ ၎င်းတို့တွင်ရှိသည့် ကိုယ်ပိုင်စွမ်းရည်၊ အရည်အသွေးများဖြင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုချင်နေပါကြောင်း၊ ၎င်းတို့ တတ်နိုင်သည့်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ချင်ကြကြောင်း၊ အချို့နိုင်ငံများတွင် လူငယ်များနှင့်ပတ်သက်သည့် ဥပဒေများပြဋ္ဌာန်းထားပြီး လူငယ်များ၏ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ တားမြစ်ချက်များ ပြဋ္ဌာန်းထားသော်လည်း မိမိတို့နိုင်ငံတွင် မရှိသေးပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကလေးသူငယ်နှင့် ပတ်သက်သည့်ဥပဒေ၊ အမျိုးသမီးနှင့်ပတ်သက်သည့် ဥပဒေ၊ လယ်သမား အလုပ်သမားနှင့်ပတ်သက်သည့် ဥပဒေများရှိပါကြောင်း၊ အလွှာတော်တော်များများ၌ ပြဋ္ဌာန်းထားပြီးသား ဥပဒေများရှိသော်လည်း လူငယ်များအတွက် ပြဋ္ဌာန်းထားခြင်း မရှိသေးပါကြောင်း၊ နိုင်ငံတော်မှ လူငယ်ထုအတွက် သီးသန့်စုစည်းထားသည့် အဖွဲ့အစည်းလည်း မရှိသေးပါကြောင်း။

အလွှာအသီးသီးရှိ လူငယ်များကို နိုင်ငံတော်မှ စုစည်းပေးပါက မျက်နှာစုံညီဆွေးနွေးနိုင်ကြပြီး ၎င်းတို့တွေ့ကြုံနေရသည့် အတွေ့အကြုံများ၊ ခံစားချက်များ၊ လိုလားချက်များ၊ မျှော်လင့်ချက်များကို တင်ပြသည့်အခါ ၎င်းတို့၏ ထိုက်သင့်သည့်လုပ်အားဖြင့် ပီပီပြင်ပြင်ဆောင်ရွက်နိုင်မည့် နေရာများတွင် တာဝန်ယူဆောင်ရွက်စေခြင်းဖြင့် မိမိတို့နိုင်ငံသည် ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ သဘာဝသယံဇာတများ ပေါကြွယ်ဝသော်လည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုမရှိလျှင် တိုင်းပြည်သည် ချမ်းသာသင့်သလောက်ချမ်းသာမည် မဟုတ်ပါကြောင်း၊ လူငယ်များ၏ အပြုသဘောဖြင့် ဆောင်ရွက်လာမှုများအပေါ် သွားနိုင်လာနိုင်၊ လုပ်နိုင်ကိုင်နိုင်အောင် လမ်းဖွင့်ပေးရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက မိမိတို့နိုင်ငံ၏ လူငယ်များသည် နိုင်ငံ၏အနာဂတ်ကံကြမ္မာကို ဖန်တီးကြမည့်သူများဖြစ်ကြောင်း၊ အနာဂတ်တွင် လူငယ်များ အရည်အချင်းရှိသလောက်၊ တော်သလောက် မိမိတို့တိုင်းပြည်တိုးတက်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြောင်းလဲစဆိုသော်လည်း နိုင်ငံတကာ၏ စနစ်ထဲကို ဝင်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ လူငယ်များသည် နိုင်ငံတကာစနစ်ထဲတွင် ပါဝင်ရန်လိုအပ်ပါကြောင်း၊ တန်းတူ၊ အဆင့်အတန်းတူဖြစ်ရန် လိုအပ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ ဒေါက်တာဗညားအောင်မိုး

တိုးတက်သည့်နိုင်ငံများ၌ လူငယ်များ ပညာသင်ကြားသည့်အရွယ်တွင် အစိုးရက အပြည့်အဝ ရင်းနှီးမြှုပ်နှံ၍ နိုင်ငံရေးဘာသာရပ်၊ စီးပွားရေးဘာသာရပ်၊ လူမှုရေးဘာသာရပ်၊ ဒဿနိက၊ အမျိုးသားရေး၊ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေစသည့်ဘာသာရပ်ပေါင်းစုံကို လေ့လာသင်ယူနိုင်ပြီး မိမိနိုင်ငံထဲတွင် လေ့လာရုံမက နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဆက်သွယ်၍ ပြိုင်ပွဲများ၊ ပူးပေါင်းဆောင်ရွက်လုပ်ရှားမှုများကို လုပ်ဆောင်ကြပါကြောင်း၊ ၎င်းတို့သည် လူငယ်ဘဝတွင် ပညာကို ကောင်းစွာသင်ယူလေ့လာခွင့်ရခဲ့သည့်အတွက် နိုင်ငံရေးလုပ်မည်ဆိုလျှင် ကောင်းစွာလုပ်နိုင်ပြီး စီးပွားရေးလုပ်မည်ဆိုလျှင်လည်း ကောင်းစွာလုပ်ကိုင်နိုင်ပါကြောင်း၊ နိုင်ငံတကာအတွေ့အကြုံရအောင် လူငယ်များကို လမ်းဖွင့်ပေးရန် လိုအပ်ပါကြောင်း၊ အနာဂတ်တိုင်းပြည်၏ ခေါင်းဆောင်များ၊ တာဝန်ယူမည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် အဆင့်အတန်းမီအောင်၊ အဆင့်အတန်းမြင့်အောင် ယနေ့အချိန်မှစ၍ လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က နိုင်ငံတော်တွင် ပြည်ထောင်စုအဆင့် လူငယ်ဆိုင်ရာကော်မရှင်၊ ကော်မတီနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန ဖွဲ့စည်းထားမှုမရှိသော်လည်း လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို ဝန်ကြီးဌာနအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း၊ ဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အရပ်ဘက်အဖွဲ့အစည်းများ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အချို့ပြည်ပနိုင်ငံများတွင်လည်း လူငယ်ရေးရာကိစ္စရပ်များကို ဝန်ကြီးဌာနတစ်ခုတည်း၏ ကွပ်ကဲမှုအောက်တွင် ထားရှိဆောင်ရွက်သည်ကို တွေ့ရှိရပါကြောင်း၊ ဝန်ကြီးဌာနတစ်ခုတည်း၏ ကွပ်ကဲမှုအောက်တွင် ထားရှိခြင်းကြောင့် ပညာရေး၊ လူငယ်၊ အားကစား စသည့် လူငယ်ဆိုင်ရာမူဝါဒများ၊ အစီအမံများ ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုထိရောက်ပြီး မြန်ဆန်နိုင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် လူငယ်များဖွံ့ဖြိုးမှုလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ (National Task Force) မှ UN အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အခြားသောလူငယ်အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ လူငယ်ရေးရာမူဝါဒများကို ရေးဆွဲလျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် လူငယ်ရေးရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူငယ်များ၏ ကောင်းမွန်သောအနာဂတ်အတွက် ကင်းထောက်လူငယ်များဖွဲ့စည်း၍ လှုပ်ရှားဆောင်ရွက်စေခြင်း၊ ဘက်စုံထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ချီးမြှင့်ခြင်း၊ နှီးနှောဖလှယ်ပွဲ ကျင်းပစေခြင်း၊ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ကြက်ခြေနီအသင်းများဖွဲ့စည်း၍ သင်တန်းပေး လှုပ်ရှားဆောင်ရွက်စေခြင်း၊ သာရေးနာရေးအသင်းအဖွဲ့၊ အားကစားအသင်းအဖွဲ့ ဖွဲ့စည်းခြင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖွဲ့စည်း၍ လေ့ကျင့်ပေးခြင်း၊ စက်ရုံအလုပ်ရုံများနှင့် လုပ်ငန်းခွင်များတွင်လည်း လုပ်ငန်းများအလိုက် လူငယ်များအား ဖွဲ့စည်းလှုပ်ရှားစေခြင်း၊ ရပ်ကွက်၊ ကျေးရွာအထိ စာကြည့်တိုက်များ ထူထောင်ပေးခြင်း၊ တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ဂျပန်၊ ကိုရီးယားနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ အပြန်အလှန် လူငယ်များစေလွှတ်ပြီး လေ့လာစေခြင်း၊ NGO၊ INGO အဖွဲ့များတွင်လည်း ပါဝင်ဆောင်ရွက်စေခြင်း၊ လူငယ်ကွန်ရက်များ၊ ပါတီများတည်ထောင်ခွင့်ပြုခြင်းတို့ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

သို့ပါ၍ လူငယ်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဝန်ကြီးဌာနတစ်ခုအနေဖြင့် သီးသန့်ထူထောင်ထားရှိပါက လုပ်ငန်းဆောင်ရွက်ချက်များကို အခြားဝန်ကြီးဌာနများနှင့် Overlapping ဖြစ်နိုင်ပြီး မလိုအပ်ဘဲ ငွေကြေးကုန်ကျမှုများ ရှိလာနိုင်ပါ၍ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းဝန်ကြီးဌာနတစ်ခုကို သီးသန့်ဖွဲ့စည်းရန် မလိုအပ်သေးပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေး၌ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သတင်းမီဒီယာဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မှ ဦးဖုန်းမြင့်အောင်က ဆွေးနွေးရာ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းမှုများမြှင့်တင်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ရာတွင် အသိပညာ၊ ဗဟုသုတ၊ အတွေ့အကြုံနှင့် အရင်းအမြစ်များကို တတ်နိုင်သလောက် လက်လှမ်းမီရယူနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာ အသိုက်အဝန်းနှင့် ပူးပေါင်းမှုများမြှင့်တင်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ စတင်ကျင်းပသည့် ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သဘာပတိအဖြစ် ဆောင်ရွက်၍ “အနာဂတ်တွင် ရှေ့ဆက်ဆောင်ရွက်မည့်ဖွံ့ဖြိုးမှု မဟာဗျူဟာများ” ခေါင်းစဉ်ကို ဆွေးနွေးခဲ့ကြသည်။

ပြောင်းလဲမှု လုပ်ငန်းစဉ်အပေါ် သုံးသပ်ချက်တို့ကို တင်ပြခဲ့ကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် နေပြည်တော် သဘောတူညီချက်ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် အတည်ပြုချမှတ်နိုင်ခဲ့သည်။

အဆိုပါ သဘောတူညီချက်အရ မြန်မာအစိုးရဘက်က အပြန်အလှန်ထားရှိခဲ့သည့် ကတိကဝတ်များမှာ ဦးစားပေး ဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် စီမံကိန်းများရေးဆွဲချမှတ်ရာတွင် ပိုမိုနက်ရှိုင်းစွာ ဆက်လက်ညှိနှိုင်းဆွေးနွေးသွားရန်၊ အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းများ ပေါ်ပေါက်ရေးအတွက် အလေးထားဆောင်ရွက်ရန်၊ ထိရောက်သည့် ဆုံးဖြတ်ချက် ချမှတ်မှုဖြစ်ပေါ်စေရန်၊ အချိတ်အဆက်မိ၍ စွမ်းဆောင်ရည်ရှိသည့် အကူအညီအထောက်အပံ့

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း တင်ပြစဉ်။ (သတင်းစဉ်)

ယင်းဆွေးနွေးပွဲတွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနိုင်က နေပြည်တော် သဘောတူညီချက် အကောင်အထည်ဖော်ရေး စီမံချက်၊ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက အမျိုးသားဘက်စုံ တိုးတက်မှု မြှင့်တင်ရေးစီမံချက်နှင့် နိုင်ငံတော်သမ္မတ၏ စီးပွားရေး အကြံပေးပုဂ္ဂိုလ် ဒေါက်တာဇော်ဦးက စီးပွားရေးနှင့်လူမှုရေး ပြုပြင်

စီမံခန့်ခွဲရေးစနစ် ဖွံ့ဖြိုးလာစေရန်၊ အစိုးရ၏စီမံကိန်းများအတွက် နိုင်ငံခြား အကူအညီများထိရောက်မှုနှင့် မြင်သာထင်သာရှိမှုကို မြှင့်တင်ရန် အတွက် ပြည်သူ့ရေးရာအုပ်ချုပ်ရေး စနစ် ခိုင်မာစေရန်တို့ဖြစ်သည်။

အလားတူ ဖွံ့ဖြိုးမှုမိတ်ဖက်များ ဘက်က အပြန်အလှန်ထားရှိခဲ့သည့် ကတိကဝတ်များမှာ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အား ပံ့ပိုးကူညီပေးရန်၊ ဖွံ့ဖြိုးမှုအကူ

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အညီများကို နိုင်ငံ၏ ဦးစားပေး လုပ်ငန်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်သွားရန်၊ မြန်မာနိုင်ငံက ဦးဆောင်သော ညှိနှိုင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တွင် ပံ့ပိုးပါဝင်ဆောင်ရွက်ရန်၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေးကို အထောက်အကူပြုပံ့ပိုးရန်၊ မြန်မာပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်မှုရလဒ်များ အများဆုံးရရှိအောင် အလေးထားကြိုးပမ်းရန်၊ အဖွဲ့အစည်းများခိုင်မာရေး၊ စွမ်းဆောင်ရည် တည်ဆောက်ရေး၊ အနာဂတ်အကောင်အထည်ဖော်ဆောင်မည့် စီမံကိန်းများအား ပိုမိုထိရောက်စေရေးအတွက် အစိုးရနှင့် လက်တွဲဆောင်ရွက်ရန်တို့ဖြစ်သည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနိုင်က “မြန်မာနိုင်ငံအနေနဲ့ အပြန်အလှန်လေးစားမှုရှိတဲ့ လက်တွဲပူးပေါင်းဆောင်ရွက်မှုတွေကို နွေးထွေးစွာကြိုဆိုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နေပြည်တော် သဘောတူညီချက်ကို အထောက်အကူပေးနိုင်မယ့် ကြိုးပမ်းမှုတွေကို တိုးမြှင့်ပြီး မြန်မာပြည်သူတွေရဲ့ ဘဝတွေအတွက် ပိုမိုကောင်းမွန်တဲ့ အကျိုးကျေးဇူးများစွာရရှိအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်ကလည်း “ဒီနှစ်တွေမှာ မြန်မာနိုင်ငံအနေနဲ့ ဖွံ့ဖြိုးတိုးတက်မှု အကူအညီပေးရေး နယ်ပယ်တွေ၊ နိုင်ငံတကာ အကူအညီတွေကို ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တွေအားလုံးအပေါ် လွှမ်းခြုံအသုံးပြုနိုင်ဖို့ ပိုမိုဦးစားပေးဆောင်ရွက်ဖို့ ရည်မှန်းထားပါတယ်” ဟု အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက သဘာပတိအဖြစ် ဆောင်ရွက်ရာ “ဒီမိုကရေစီယဉ်ကျေးမှုနှင့် အမျိုးသားဟန်ချက်ညီမှုကို မြှင့်တင်ရေး” ခေါင်းစဉ်ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဗဟိုဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ရင်လှိုင်က ငြိမ်းချမ်းရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာတင်ထွဋ်ဦးက လူမှုအသိုက်အဝန်း ပူးပေါင်းပါဝင်မှုနှင့် ဒီမိုကရေစီယဉ်ကျေးမှု မြှင့်တင်ရေးတို့ကိုတင်ပြခဲ့ကြပြီး တက်ရောက်လာကြသူများက ပြန်လှန်ဆွေးနွေးခဲ့ကြသည်။

“တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိဖို့နဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုပြုလုပ်ဖို့အတွက် မူဘောင်ချမှတ်ခြင်း၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုနဲ့ နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပခြင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ငြိမ်းချမ်းရေး သဘောတူညီမှု လက်မှတ်ရေးထိုးခြင်း စတာတွေကို ငြိမ်းချမ်းရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းရဲ့ လမ်းပြမြေပုံအဖြစ် သတ်မှတ်ဆောင်ရွက်ပါတယ်” ဟု ဒေါက်တာ ကျော်ရင်လှိုင်က ထည့်သွင်းတင်ပြခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကလည်း “ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်မှာ အဓိကကြုံတွေ့နေရတဲ့ စိန်ခေါ်မှုကတော့ နားလည်မှုနဲ့ အမြင်ကွဲလွဲမှုကို ညှိနှိုင်းစဉ်းစားဖို့ မစွမ်းဆောင်နိုင်ခြင်းပဲဖြစ်ပါတယ်။ ဒီနေ့မြင်တွေ့နေကြရတဲ့ တိုးတက်မှုတွေဟာ အပြန်အလှန်ဆွေးနွေးမှုတွေကနေ ယုံကြည်မှုနဲ့ နားလည်မှုတွေကို တည်ဆောက်နိုင်လို့ပဲဖြစ်ပါတယ်။ နိုင်ငံရေးအခြေအနေသစ်ကို ဆောင်ရွက်ဖို့အချိန်ကျနေပါပြီ။ ဒါမှ ဖွံ့ဖြိုးတိုးတက်မှုနဲ့ နိုင်ငံတော်တည်ဆောက်ရေးကို အတူတကွ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံရေးအခြေအနေသစ်ကို ကြိုးပမ်းတည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းမှုနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်ကို ဆက်လက်ထိန်းထားနိုင်မှ ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ ဒီမိုကရေစီယဉ်ကျေးမှုကို မီးမောင်းထိုးပြနိုင်မှာဖြစ်ပါတယ်” ဟု အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခုဖိုရမ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၏ ပြောပြချက်များကိုလည်း ကြားသိခွင့်ရရှိခဲ့သည်။

ဒေါက်တာဇော်ဦး (နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ်)

စီးပွားရေးနဲ့ လူမှုရေး ပြုပြင်ပြောင်းလဲရေးမှာ နိုင်ငံတကာနဲ့ အတူလက်တွဲဆောင်ရွက်ထားတာဖြစ်တဲ့အတွက် ဒီနေ့ဟာ အင်မတန်အရေးပါတဲ့ ထူးခြားတဲ့နေ့တစ်နေ့လို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်တွေကို နိုင်ငံတကာ အဖွဲ့အစည်းတွေဘက်က တုံ့ပြန်မှုတွေရှိလာမှာ ဖြစ်တဲ့အတွက် သင်ခန်းစာ ဖော်ထုတ်ပြီး ရှေ့ဆက်သွားဖို့နဲ့ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ စဉ်းစားထားပါတယ်။

ကျွန်တော်တို့ စီးပွားရေးနဲ့လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရဲ့ အရေးပါတဲ့ လုပ်ငန်းစဉ်တချို့ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း တခြားနိုင်ငံတွေနဲ့မတူဘဲ တစ်မူထူးခြားတဲ့ အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။ ဒါပေမယ့် ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေလည်း အများကြီးရှိနေဆဲပါပဲ။ ဒီအခက်အခဲတွေ ကျော်လွှားနိုင်ဖို့အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအပါအဝင် နိုင်ငံတွင်းမှာလည်း အစိုးရတင်မကဘဲ အရပ်ဘက်အဖွဲ့အစည်းတွေ၊ နိုင်ငံရေးအင်အားစုတွေကပါ ပူးပေါင်း ဆောင်ရွက်ကြမှသာ အောင်မြင်မှာဖြစ်ပါတယ်။

အခုဖိုရမ်ကတော့ ပိုပြီးလက်တွေ့ကျမယ့် ဖိုရမ်ဖြစ်မယ်လို့ ယူဆပါတယ်။ ဝမ်းသာစရာကောင်းတဲ့ အလားအလာတစ်ခုက ဒီဖိုရမ်မှာ နိုင်ငံတကာက တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ တော်တော်များတာကြောင့် နိုင်ငံတကာထောက်ခံမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုမှာ အတော်အသင့်အောင်မြင်မှု ရှိတယ်လို့ ပြောလို့ရပါတယ်။ ဒီလိုများပြားလှတဲ့ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်ရတဲ့အတွက် စီမံခန့်ခွဲမှုနဲ့ပတ်သက်ပြီး စိန်ခေါ်မှုတွေ ကြုံတွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံရဲ့ တကယ့်လိုအပ်ချက်နဲ့ ဘယ်လို ဆက်စပ်စဉ်းစားဆောင်ရွက်သွားဖို့ လိုတယ်ဆိုတာကို အရေးတကြီး စဉ်းစားဖို့လိုပါတယ်။

ဒေါက်တာကျော်ရင်လှိုင် (Director of Myanmar Peace Centre)

၂၀၁၃ ခုနှစ်အတွင်းမှာ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်ပြီး အဖွဲ့(၁၄)ဖွဲ့နဲ့ အပစ်အခတ်ရပ်စဲဖို့ လက်မှတ်ထိုးပြီးပါပြီ။ ကေအိုင်အိုနဲ့က

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပစဉ်။ (သတင်းစဉ်)

တော့ အပစ်အခတ်ရပ်စဲတယ်လို့ တရားဝင် လက်မှတ်ထိုးထားတာ မဟုတ်ပေမယ့် လက်မှတ်ရေးထိုးထားပြီးတဲ့ သဘောတူညီချက်တွေက အပစ်အခတ်ရပ်စဲရေးလိုပဲပြည့်စုံပါတယ်။ ဒီမှာရှိတဲ့အဖွဲ့အစည်းတွေ အားလုံးက တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲဖို့အတွက်လုပ်နေကြပါတယ်။ မကြာခင်အချိန်မှာ လက်မှတ်ရေးထိုးဖို့ သေချာသလောက်ဖြစ်နေပါပြီ။ နိုင်ငံရေးဆွေးနွေးပွဲတွေကျင်းပဖို့ ဆက်လုပ်နေပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကြည့်ရင် တိုက်ခိုက်မှုဆိုတာမရှိတော့သလောက် ဖြစ်ပါတယ်။ အလွန်အင်မတန် တိုးတက်ပြောင်းလဲမှုရှိတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် လမ်းကြောင်းပေါ်မှာ ရောက်နေပြီလို့ ပြောလို့ရတဲ့အတွက် ၂၀၁၃ ခုနှစ်ရဲ့ အပြောင်းအလဲတွေအားလုံးထဲမှာ တိုင်းပြည်တည်ငြိမ်ဖို့နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အအောင်မြင်ဆုံးအရာကိုပြောပါဆိုရင် “အပစ်အခတ်ရပ်စဲဖို့ လမ်းကြောင်းပေါ်ကို အားလုံးရောက်လာပြီး သိုက်သိုက်ဝန်းဝန်းနဲ့ လုပ်ဆောင်သွားဖို့သဘောတူညီတဲ့အချက်” ဟာ အအောင်မြင်ဆုံးအချက်လို့ ပြောလို့ရပါတယ်။

ငြိမ်းချမ်းရေး လုပ်ငန်းတွေ လုပ်ဆောင်ရာမှာ အရေးကြီးဆုံးအချက်တစ်ချက်က ဘာလဲဆိုတော့ ယုံကြည်မှုတည်ဆောက်ဖို့အတွက် Stakeholder အားလုံးက လုပ်သွားဖို့ပဲဖြစ်ပါတယ်။ အရင်ကထက်စာရင် ပိုကောင်းလာပါတယ်။ တကယ့်ကို သိသာထင်ရှားတဲ့ တိုးတက်မှုတွေရှိပါတယ်။ အခုလက်ရှိရှိနေတဲ့ တိုးတက်မှုထက် ပိုမိုယုံကြည်မှုရှိဖို့ လိုပါတယ်။

ညနေပိုင်းတွင် အဖွဲ့ရှစ်ဖွဲ့ခွဲ ဆွေးနွေးခဲ့ကြပြီး ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ပြည်သူများ၏ လိုအပ်ချက်ကို ဖော်ဆောင်ရာတွင် အစိုးရအဖွဲ့၊ လွှတ်တော်များ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှု၊ နိုင်ငံတကာအသိုက်အဝန်းနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့်သာ ထိရောက်သည့် အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အလှူရှင်နိုင်ငံများနှင့် လက်ရှိ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုပေါင်းစည်းညှိနှိုင်းမှုဖြင့် တိုးတက်မှုအရှိန်မြှင့်တင်ရေးနှင့် ထိရောက်သည့် ဖွံ့ဖြိုးမှုအကူအညီများဖြစ်စေရေးအတွက် ရည်ရွယ်၍ ယခုဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်းနှင့် ဖိုရမ် ဒုတိယနေ့ကို ဇန်နဝါရီ ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(မြတ်သန္တာမောင်)

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဗဟိုဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ရင်လှိုင် တင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွဋ်ဦး တင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနိုင် တင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ် ဒေါက်တာဇော်ဦး တင်ပြစဉ်။ (သတင်းစဉ်)

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးကဏ္ဍ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၇

ယခု မြန်မာနိုင်ငံက လုပ်ဆောင်နေသော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများသည် မြန်မာနိုင်ငံ အစိုးရ၏ အခန်းကဏ္ဍကို လုံးဝပြောင်းလဲစေခဲ့သည်။ ယနေ့အစိုးရသည် ပြည်သူများအတွက် ကောင်းမွန်သော လူမှုရေးနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို ဖော်ဆောင်ပေးသည့်နည်းတူ ပြင်ပပုဂ္ဂလိကကဏ္ဍ တိုးတက်ရှင်သန်စေရေးကိုလည်း ဖန်တီးပေးရမည်ဖြစ်သည်။

ယနေ့ နေပြည်တော်ရှိ MICC ၌ ကျင်းပသည့် ဖိုရမ်၏ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးကဏ္ဍ ဆွေးနွေးပွဲ **(အောက်ယာပုံ)**တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ဌာနဆိုင်ရာ အကြီးအကဲများ၊ Development Partners/Agency တို့မှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၏ ဖြေကြားချက်များကို ကြားသိခွင့်ရရှိခဲ့သည်။

MR.BERTRAND BAINVEL (UNICEF ဌာနေကိုယ်စားလှယ်)

ကျွန်တော်တို့ UNICEF အနေနဲ့ လျှပ်စစ်စွမ်းအားနဲ့ လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေမှာလည်း ရင်းနှီးမြှုပ်နှံသွားဖို့ရှိပါတယ်။ ပြည်သူတစ်ရပ်လုံး ကျန်းမာရေးနဲ့ပတ်သက်ပြီး အသိပညာရရှိစေဖို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံသွားဖို့ရှိပါတယ်။ UNICEF က မြန်မာနိုင်ငံနဲ့ ပူးပေါင်းပြီး လူသားအကျိုးပြုလုပ်ငန်းတွေကို ဆောင်ရွက်လာတာ နှစ်ပေါင်း ၆၀ လောက်ရှိပါပြီ။ အဲဒီလုပ်ငန်းတွေအပြင် ပဋိပက္ခတွေ၊ အကြမ်းဖက်မှုတွေဖြစ်ပွားတဲ့ နေရာတွေမှာ ဘေးကင်းလုံခြုံရေးနဲ့ ကျန်းမာရေး လုပ်ငန်းတွေမှာ ငွေကြေးဘယ်လောက် သုံးစွဲသွားမယ်ဆိုတာ ပွင့်လင်းမြင်သာအောင် ချပြသွားရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ သဘာဝသယံဇာတအရင်းအမြစ်ပေါကြွယ်ဝတဲ့နိုင်ငံဖြစ်တာကြောင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဲဒါတွေကိုအသုံးချပြီး ပြောင်းလဲနိုင်ရပါမယ်။ ကျွန်တော်တို့အခုလိုလက်တွဲဆောင်ရွက်ခြင်းဖြင့် လူသားအကျိုးပြုလုပ်ငန်းတွေနဲ့ ပဋိပက္ခဖြစ်ပွားတဲ့ နေရာတွေမှာ ပြည်သူတွေကို ဘယ်လိုအကောင်းဆုံးစနစ်တွေကိုသုံးပြီး ကာကွယ်ပေးသွားလဲဆိုတာကို ပြသကြရမှာဖြစ်ပါတယ်။ ကလေးတွေရဲ့ ပညာရေး၊ ကျန်းမာရေးကိစ္စတွေမှာ စောင့်ရှောက်မှုတွေ ရရှိလာမှာဖြစ်ပါတယ်။ တိုးတက်လာတဲ့ လူဦးရေအရရော၊ ကမ္ဘာ့အလယ်မှာရော နိုင်ငံတော်ရဲ့ပြုပြင်ပြောင်းလဲရေးကာလမှာ အကျိုးရလဒ်ကောင်းတွေ ရလာအောင် ကျွန်တော်တို့ဟာပိုပြီး ကြိုးစားရုန်းကန်ကြရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ရေရှည်စီမံကိန်းတွေရေးဆွဲပြီး ပြုပြင်ပြောင်းလဲမှုတွေကိုဆောင်ရွက်နေပြီဖြစ်တဲ့အတွက် အများပြည်သူတွေကိုလည်း ချပြဖို့လိုပါတယ်။ အခုဆိုရင် မူလတန်းကလေးတွေကို အခမဲ့ပညာရေးကိုဖော်ဆောင်ပေးနေတာ အရမ်းကောင်းတဲ့ အစီအစဉ်ဖြစ်ပါတယ်။ မြန်မာတစ်ပြည်လုံးက ကလေးတွေပါဝင်ရမှာဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံပေးမှုကိုလည်း တစ်ပြည်လုံး အတိုင်းအတာနဲ့ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဦးတင်ထွဋ်ဦး (အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီဥက္ကဋ္ဌ)

ဒီဖိုရမ်မှာ Inclusive Development တွေရအောင် Development Partner တွေနဲ့အစိုးရနဲ့ ဘယ်လိုပေါင်းလုပ်မလဲဆိုတဲ့ ဒုတိယအကြိမ်အစည်းအဝေး ဖြစ်တဲ့အတွက် လက်တွေ့အကောင်အထည်ဖော်တဲ့အပိုင်းဖြစ်ပါတယ်။ အခု အစည်းအဝေးမှာ ပထမအကြိမ်တုန်းက သဘောတူညီခဲ့တဲ့ သဘောတူညီချက်တွေ ဘယ်လောက်အထိ အကောင်အထည်ဖော်ခဲ့သလဲဆိုတာတွေကို ဆွေးနွေးမှာပါ။ Sector အလိုက် Sector Working Group တွေ အုပ်စုရှစ်စုဖွဲ့ပြီးတော့ ဘယ်လောက် Progress တွေရှိတယ်၊ ဘာတွေဆက်လုပ်မယ်ဆိုတာတွေ ဆွေးနွေးမယ်။ ဆွေးနွေးပွဲတွေပြီးရင်တော့ အဖြေထွက်ပါမယ်။

ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွေ လုပ်တဲ့အခါမှာ စီမံကိန်းတွေ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် International Development Partner တွေနဲ့ ဘယ်လိုဆောင်ရွက်မလဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒါတွေကို ဆောင်ရွက်တာဖြစ်ပါတယ်။

ဖိုရမ်မှာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု National Plan တွေအကုန်လုံးပါပါမယ်။ မြန်မာနိုင်ငံရည်ရွယ်နေတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံကို သွားမယ်ဆိုတာတွေ နိုင်ငံတော်အစိုးရက ချမှတ်ထားတဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ People centered development ဒါတွေကိုရောက်အောင် အစိုးရက လုပ်နေတဲ့အချိန်မှာ နိုင်ငံတကာအသိုင်းအဝိုင်းက ဘယ်လိုကူညီမလဲဆိုတာ ဒါက အဓိကပါ။ ဒီနေ့ဆိုရင် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ကိုယ်တိုင်တက်ရောက်တဲ့အတွက် မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကို သူတို့ဘက်ကလည်း အထူးအလေးပေးတယ်ဆိုတာ ဖော်ပြတာဖြစ်ပါတယ်။

ဖြစ်သင့်ဖြစ်ထိုက်တဲ့၊ လုပ်သင့်လုပ်ထိုက်တဲ့ အလွန်အရေးကြီးတဲ့ ဖိုရမ်ကြီးတစ်ခုဖြစ်ပါတယ်။ ဒါမှလည်း ဟန်ချက်ညီ လုပ်နိုင်မှာပါ။ နိုင်ငံတော်အစိုးရက လုပ်နေတဲ့ဖွံ့ဖြိုးတိုးတက်မှုထဲမှာ ဝိုင်းဝန်းအထောက်အကူပြုမယ့်သူတွေဟာ ဟန်ချက်ညီညီနဲ့ လိုက်ပါလာနိုင်မှာ ဖြစ်ပါတယ်။

ယခုကဏ္ဍတွင် အစိုးရအဖွဲ့အစည်းများ၏ အမှတ်တကယ်ပြောင်းလဲနေမှု၊ စွမ်းဆောင်ရည်မြှင့်တင်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် ကျော်လွှားနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ရေရှည်ငြိမ်းချမ်းရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတိုးမြှင့်စေရန်အတွက် ဗဟိုမှထိန်းချုပ်မှုစနစ်ကို လျှော့ချနေပြီး အဆင့်ဆင့်သော အဖွဲ့အစည်းအားလုံးအတွက် စွမ်းဆောင်ရည် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ **(ဖြိုးစန္ဒာမြင့်)**

ပုဂ္ဂလိကပါဝင်မှု အားကောင်းစေရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကဏ္ဍ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၇

ယနေ့ညနေပိုင်းက နေပြည်တော်ရှိ MICC ၌ ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ ပုဂ္ဂလိကပါဝင်မှု အားကောင်းစေရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုကဏ္ဍ ဆွေးနွေးပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေက သဘာပတိအဖြစ် ဆောင်ရွက်ပြီး Development Partners/Agency တို့မှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။ **(အောက်ယာပုံ)**

ယင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူ UMFCCI မှ ဒေါ်သက်သက်ခိုင်က “ဒီနေ့မှာတိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပုဂ္ဂလိကအခန်းကဏ္ဍပါဝင်မှုတွေကို မြှင့်တင်ဖို့ခေါင်းစဉ်နဲ့ ဆွေးနွေးခဲ့ပါတယ်။ စီးပွားရေးတိုးတက်ဖို့ဆိုရင် ရာခိုင်နှုန်းအများဆုံးက ပုဂ္ဂလိကအခန်းကဏ္ဍဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကလည်း စီးပွားရေးကောင်းမှ ဖြစ်မှာဆိုတော့ ပုဂ္ဂလိကအခန်းကဏ္ဍဟာ မပါမဖြစ်ကို လိုအပ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ပုဂ္ဂလိကအပိုင်းကို မြှင့်တင်ဖို့ဆိုရင် စည်းမျဉ်းစည်းကမ်း တင်းကျပ်တာတွေကို ဖြေလျှော့ပေးရမှာဖြစ်ပါတယ်။ ဘာတွေ ဖြေလျှော့ပေးရမလဲ ဆိုတာကို Private Public နဲ့ ပူးပေါင်းပြီး ဖြေလျှော့ချင်တာကို ပြောရမယ်။ အစိုးရအပိုင်းကလည်း ကူညီပေးရမယ်။ နောက်တစ်ခုက ငွေရေးကြေးရေးအရ အကူအညီတွေလိုတယ်။ နည်းပညာ၊ လုပ်ထုံးလုပ်နည်း အကူအညီတွေ အများကြီးလိုပါတယ်။ ဒီမှာ Development Partner တွေလည်း လာတဲ့အတွက် ကျွန်မတို့ဘက်ကလည်း လက်ခံယူဖို့ အဆင်သင့်ပါပဲ” ဟု ပြောပြခဲ့သည်။

အလားတူ “အနုပညာလုပ်ငန်းတွေကနေတစ်ဆင့် ခရီးသွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မယ်ဆိုရင် ထုတ်လုပ်မှုအပိုင်းမှာ ကိုယ့်ဆီမှာလာပြီးတော့ ထုတ်လုပ်ပေါ့။ ပြည်တွင်းက ထုတ်လုပ်မှုတွေကလည်း ပြည်ပကိုသွားရမှာပေါ့။ ဒါဆို ကျွန်မတို့ရဲ့ location တွေ၊ culture (ယဉ်ကျေးမှု)တွေ အားလုံးဟာ ကမ္ဘာကိုပျံ့နှံ့သွားမှာပါ။ အပြင်ကနေပြီး မြန်မာနိုင်ငံကို စိတ်ဝင်စားလို့ လာကြည့်ချင်တဲ့သူတွေကိုလည်း ဒီကိုခေါ်ရာကျပါတယ်။

အခု လောလောဆယ်ကတော့ ကျွန်မတို့ဆီမှာ စက်ပစ္စည်းတွေ၊ ကျွမ်းကျင်လုပ်သားတွေနဲ့ အရင်းအနှီးတွေလိုတာပေါ့။ စောစောက ဆွေးနွေးခဲ့တဲ့ စာတမ်းထဲမှာလည်း ထုတ်လုပ်ခြင်းက ၄၉ ရာခိုင်နှုန်း၊ ပြသခြင်းက ၅၁ ရာခိုင်နှုန်းပေါ့။ တစ်ရာ ရာခိုင်နှုန်းအပြည့်လုပ်နိုင်တဲ့ အရာတွေလည်း ကျွန်မရှင်းပြခဲ့ပါတယ်။

ဒီလုပ်ငန်းနဲ့ သက်ဆိုင်တဲ့ နယ်ပယ်ကြီးတစ်ခုလုံးဟာ တိုးတက်လာမှာပေါ့။ ကျွန်မတို့ဟာအနည်းဆုံး အာဆီယံနိုင်ငံထဲမှာ မျက်နှာမငယ်ပြီး နေနိုင်တာပေါ့။ အာဆီယံကနေ တစ်ဆင့် အာရှပစိဖိတ်ဒေသအဆင့်ထိပေါ့။ နောက် တဖြည်းဖြည်းနဲ့ ချဲ့ထွင်သွားမှာပေါ့။ အားလုံး စည်းစည်းလုံးလုံးလုပ်ရင် ရပါလိမ့်မယ်” ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဒေါ်ဆွေဇင်ထိုက်က ပြောပြခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ယှဉ်ပြိုင်မှုရှိခြင်း၊ တီထွင်ဆန်းသစ်မှုရှိခြင်းနှင့် တိုးတက်မှုရှိခြင်း စသည်တို့နှင့် ပြည့်စုံသော ပုဂ္ဂလိကကဏ္ဍလိုအပ်ကြောင်း၊ ၂၀၁၁ ခုနှစ်နောက်ပိုင်း မူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို အကောင်အထည်ဖော်လျက်ရှိသော်လည်း ပုဂ္ဂလိကကဏ္ဍတိုးချဲ့ရေးဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အကန့်အသတ်များကို အစိုးရအဖွဲ့က အာရုံစိုက်ရန်လိုအပ်ကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် တစ်ဖက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေး ဆောင်ရွက်ရချိန်တွင် အခြားတစ်ဖက်၌လည်း ရှိရင်းစွဲလုပ်ငန်းများ၏ ယှဉ်ပြိုင်လုပ်ကိုင်နိုင်စွမ်း တိုးတက်လာစေရန် ဆန္ဒရှိနေကြောင်း၊ တန်ဖိုးမြှင့်လုပ်ငန်းများကို တိုးချဲ့သွားရန် လိုအပ်ကြောင်းဖြင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ရဲခေါင်ညွန့်)**

လူမှုအကာအကွယ်ပေးရေးနှင့် လူသားလုံခြုံမှုဖြစ်ပေါ်စေရေးကဏ္ဍ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံသည် လူမှုအကာအကွယ်ပေးရန် အလိုအပ်ဆုံးသူများအပါအဝင် နိုင်ငံသားများ၏ ဘဝမြင့်မားရေးကို အလေးထားကာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များနှင့်အတူ ဆောင်ရွက်လျက်ရှိသည်။

ယနေ့ နေပြည်တော်ရှိ MICC ၌ကျင်းပသည့် ဖိုရမ်၏ လူမှုအကာအကွယ်ပေးရေးနှင့် လူသားလုံခြုံမှုဖြစ်ပေါ်စေရေးကဏ္ဍဆွေးနွေးမှု**(အပေါ်ပုံ)**တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး Development Partners/Agency တို့မှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသော ပုဂ္ဂိုလ်များ၏ ပြောပြချက်များကိုလည်း ကြားသိခွင့်ရခဲ့သည်။

ဦးအောင်ထွန်းခိုင်
(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန)

ဒီနေ့ဆွေးနွေးတာကတော့ လူမှုအကာအကွယ်ပေးရေးနဲ့ လူမှုဖူလုံရေးကိစ္စရပ်တွေကို ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးတဲ့ဧရိယာကတော့ အများကြီးပါ။ ခေါင်းစဉ် ရှစ်ခုနဲ့ ဆွေးနွေးခဲ့ပါတယ်။ အဓိကကတော့ လူမှုအကာအကွယ်ပေးရေးကို ဘယ်လိုလုပ်မလဲ။ ပြီးရင်တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်အောင် ဘယ်လိုလုပ်မလဲ၊ လူမှုဖူလုံရေးကဏ္ဍမှာတန်းတူညီမျှရေး၊ လူ့အခွင့်အရေး၊ လုပ်ငန်းခွင်လုံခြုံရေးစတာတွေကို ဆွေးနွေးခဲ့ပါတယ်။ Development partner ဘက်ကလည်း ကျွန်တော်တို့တင်ပြတဲ့ လုပ်ငန်းအစီအစဉ်တွေနဲ့ ကျွန်တော်တို့ဆောင်ရွက်နေတာတွေကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုပြီးတော့ ကတိပြုကြပါတယ်။ အဓိကအကြံဉာဏ်ပေးတာကတော့ အစိုးရ၊ လူမှုအဖွဲ့အစည်းတွေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းတို့က ပွင့်လင်းမြင်သာမှုရှိရှိ ပူးပေါင်းဆောင်ရွက်ဖို့၊ တကယ့်လူမှုအသိုင်းအဝိုင်းတွေဆီရောက်ဖို့ အမြန်ဆောင်ရွက်မယ့်ကဏ္ဍတွေရှိသလို ရေရှည်ဆောင်ရွက်ရမယ့် ကိစ္စတွေကိုလည်း ရေရှည်စီမံချက်ရှိရှိ ဆောင်ရွက်ကြဖို့ ဆွေးနွေးခဲ့ပါတယ်။

ဒေါ်မြမြ
(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်)

ဒီကဏ္ဍမှာဆွေးနွေးချက်တွေအရ အမျိုးသမီးတွေရဲ့ ဘဝဖွံ့ဖြိုးတိုးတက်ဖို့ အဘက်ဘက်က ဝိုင်းဝန်းကူညီပံ့ပိုးကြမယ်၊ ပံ့ပိုးနေကြတယ်ဆိုတာတွေကို သိခဲ့ရပါတယ်။ ကျွန်မတို့အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေနဲ့လည်း အမျိုးသမီးတွေရဲ့ ဘဝဖွံ့ဖြိုးဖို့၊ ဘဝလုံခြုံမှုရှိစေဖို့ ဆောင်ရွက်ကြတဲ့အခါမှာ အတူဝိုင်းဝန်းပြီးတော့ ဆောင်ရွက်ကြမယ်ဆိုတာ ပြောကြားလိုပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသစီမံကိန်းများတွင် ဒေသခံများအား အလုပ်အကိုင်ဖန်တီးပေးခြင်း၊ ငွေကြေးထောက်ပံ့ခြင်းနှင့်စရိတ်မျှဝန်ဆောင်မှုပေးခြင်း၊ လိုအပ်ချက်များပံ့ပိုးဖြည့်ဆည်းခြင်းအပါအဝင် လူမှုအကာအကွယ်ပေးရေးအစီအစဉ်များကို အကောင်အထည်ဖော်လျက်ရှိသည်။

(ရန်ကြီးအောင်)

မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးစင်တာ၏ ဘွဲ့လက်မှတ်များပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသော Center For Strategic and International Studies (CSIS) ၏ Post Graduate Diploma in Political Management ဘွဲ့ပေးအပ်ပွဲ ကျင်းပရာ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးစင်တာ၏ ဌာနမှူး ဒေါက်တာနေဇင်လတ်က ဘွဲ့လက်မှတ်များ ချီးမြှင့်ပေးအပ်ပြီး အမှာစကားပြောကြားသည်။**(အောက်ပုံ)**

ပါမောက္ခချုပ်က အမှာစကားပြောကြားရာတွင် ယနေ့သည် Center For Strategic and International Studies (CSIS) ၏ဂုဏ်ယူစရာ ဝိသေသထူးသည့် ပထမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားဖြစ်သလို မမေ့နိုင်သည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ ဘွဲ့တက်ရောက်ယူမည့်သူ ၁၂၀ နှင့် အဝေးရောက်ဘွဲ့ခြောက်ဦး စုစုပေါင်း ၁၂၆ ဦးတို့ကို ဘွဲ့အပ်နှင်းမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အနာဂတ်ကို ခေါင်းဆောင်ကြမည့် နိုင်ငံရေးနှင့် လူမှုစီးပွားရေးအမြင်ရှိသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ Myanmar Development Resource Institute နှင့်အတူ Center For Strategic and International Studies (CSIS)ကို ၂၀၁၂ ခုနှစ်တွင် တည်ထောင်ဖွဲ့စည်းခဲ့ပြီး Post Graduate Certificate in Peace, Democracy and Development အချိန်ပြည့် နှစ်လသင်တန်းကို အပတ်စဉ်(၆)အထိ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံရေးပါတီပေါင်း ၂၀ ကျော်မှ သင်တန်းသားများ အပါအဝင် စုစုပေါင်းသင်တန်းသား ၇၂၀ ကို မွေးထုတ်ခဲ့ပြီး အပတ်စဉ် (၇)ကိုလည်း ဖွင့်လှစ်နေဆဲဖြစ်ကာ ယခုဆိုလျှင် Post Graduate Diploma in Political Management ဘွဲ့ကို အပ်နှင်းနိုင်ခဲ့ကြောင်း၊ တိုးတက်ပြောင်းလဲလာသော ခေတ်သစ်ကမ္ဘာကြီး၌ ပညာရပ်နှင့် အတွေ့အကြုံဆိုသည်မှာ ဘဝတစ်သက်တာလုံး ဆည်းပူးရယူကြရမည်ဖြစ်ပြီး တာဝန်ကျေပွန်သော နိုင်ငံ့သားကောင်းများအနေဖြင့် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို အကောင်းဆုံး အလုပ်အကျွေးပြုနိုင်ရန် အမြဲတမ်းလေ့လာဆည်းပူးပြီး အတွေ့အကြုံများယူ၍ တစ်ဆင့်ဖြန့်ဝေနိုင်ကြရန်လိုကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ - ဌေးအောင်

မြို့နယ်ဖွံ့ဖြိုးရေး ရန်ပုံငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၇

မရမ်းကုန်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့မှ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မရမ်းကုန်းမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မေဝင်းမြင့်က အဖွင့်အမှာစကားပြောကြားကာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ဒုဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်က ဒေသဖွံ့ဖြိုးရေးရန်ပုံငွေပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေးတင်ပြပြီး မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေ ၉၉၄ သိန်းကျပ်ကို မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(ဇော်ကြီး-ပဏ္ဍိတ)

Y.E.S. International English Language Centre
Since 1994
Intermediate English | Mon to Thurs-1:00-3:00pm | 3 Feb
Academic Writing Course | Sat & Sun - 5:00-7:00pm | 1 Feb
Academic Preparation for IELTS (API) | Mon to Thurs- 10:00-12:30pm | 3 Feb
IELTS (Test Practice) | Sat & Sun 10:30-12:30 pm | 1 Feb
IELTS (Speaking Course) | Sat & Sun 1:00-3:30 pm | 1 Feb
SAT | Mon to Thurs 3:30-5:00 pm | 3 Feb
TOEFL | Mon to Thurs 5:30-7:00 pm | 3 Feb
ဖွင့်မည်။
No.190, 2nd Flr, 28th St (Upper), Pabedan Tsp ☎243950

To Open Mind and Knowledge of Society
NEWSWEEK JOURNAL

ရွှေမြည်မြန်မာ 09-420248633,420119826

ဆီးဂိမ်းအဖွဲ့ဝင်

အဝေးသင်ကျောင်းသားများသို့ အသိပေးခြင်း

၁။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ပိတ်ပွဲအခမ်းအနားနှင့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများတွင် ပါဝင်ကပြနေကြရခြင်းကြောင့် စာမေးပွဲဖြေဆိုခွင့် လွတ်သွားသောကျောင်းသား/ကျောင်းသူ များကို ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့၌ ဖြေဆိုရမည်ဟု သိရပါသည်။

၂။ ရန်ကုန်မြို့တွင် စာမေးပွဲဖြေဆိုရန်အတွက် နေထိုင်သွားလာမှုအခက်အခဲရှိသော ကျောင်းသား/သူများအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူပေးမည်ဖြစ်ရာ ရန်ကုန်မြို့သို့ ရောက်ရှိပါက မော်ကွန်းထိန်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်သို့ ဆက်သွယ်သတင်းပို့ကြရန် အောက်ပါစရိတ်များကိုယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူပေးမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်-

(က)နေရပ်ဒေသမှရန်ကုန်ထိ မော်တော်ယာဉ်အသွား/အပြန်စရိတ်
(ခ) ရန်ကုန်တွင်နေထိုင်စဉ် ရောက်ရှိသည့်ရက်မှ စာမေးပွဲပြီးသည့်နေ့ထိ နေ့စဉ်ကျောင်းတက်ရန် ယာဉ်စီစဉ်ပေးခြင်း
(ဂ) ရန်ကုန်တွင် နေထိုင်ရန်အတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွင် နေထိုင်ခွင့် စီစဉ်ပေးခြင်း
(ဃ)နေ့စဉ်စားစရိတ် ထောက်ပံ့ပေးခြင်း

၃။ အကူအညီယူလိုသော ကျောင်းသား/သူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ရန်

(က) ဦးအောင်ဆန်းဦး ပါမောက္ခ(ပန်းချီ) — ၀၆၇-၄၀၈၁၆၄၊ ၀၉-၈၃၀၃၁၉၁
(ခ) ဦးဇော်ဦး မော်ကွန်းထိန်း — ၀၁-၅၉၀၂၅၄၊၀၉-၄၂၀၁၀၁၃၆၅

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)

မင်းကွန်းဘိုးဘွားရိပ်သာ ရာပြည့်ခရီးသို့

ဇော်မြင့်ဝင်း

ဟေမာန်ကာလဆောင်းနှင်းကျသည့် နံနက်မိုးသောက်စအချိန်ဖြစ်သည်။ ပုလဲရောင်ဥ နှင်းဖြူဆွတ်တို့သည် ဖြည်းညင်းလေးတွဲ့စွာဖြင့် ကျဆင်းလျက်ရှိနေသည်ကို တွေ့ရသည်။ ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတားသစ်ကြီးပေါ်တွင် တရိပ်ရိပ်ပြေးလျက်ရှိသော ကားအတွင်းမှ လှမ်းမျှော်ကြည့်လျှင် နှင်းငွေရောင်ကန့်လန့်ကာကြားမှ ဧရာဝတီမြစ်ကမ်းဘေးရှိ စစ်ကိုင်းတောင်ရိုးတစ်လျှောက်ကို မြင်တွေ့ရသည်။ "တောင်စဉ်တောင်တန်း၊ အုံ့မခန်းတွင်၊ ပုထိုးစေတီ၊ အစီရီဖြင့် ဧရာမြစ်တွင်း၊ ငွေရောင်ခင်းသည်၊ လိုက်ဖက်ပနံ၊ တင့်လှဟန်ပ" ဆိုသကဲ့သို့ မြင်ရသူအဖို့ ရင်ဝယ်စွဲငြိစေသည့် အနုပညာမြောက် သဘာဝပန်းချီကားချပ်ကြီး တစ်ချပ်ကို ခံစားကြရသည်။

ဧရာဝတီမြစ်ကြီးကို ဖြတ်ကျော်ဖောက်လုပ်ထားသည့် စစ်ကိုင်းတံတားကြီး အလွန်တွင် မင်းကွန်းသို့ ဟူသော လမ်းညွှန်ဆိုင်းဘုတ်တစ်ခုကို တွေ့ရ၏။ မြစ်ကမ်းဘေးတစ်လျှောက် မိနစ် ၃၀ ခန့် ဆက်လက်မောင်းနှင်လာရာ မင်းကွန်းသို့ ရောက်ရှိတော့သည်။ ယခင်က မင်းကွန်းသို့သွားရာတွင် မန္တလေးဂေါဝိန်ဆိပ်ကမ်းမှ မင်းကွန်းဘိုးဘွားရိပ်သာဆိပ်ကမ်းသို့ ရေယာဉ်ငယ်များဖြင့် သွားရောက်ခဲ့ကြရပြီး ယခုတော့ မင်းကွန်းသို့ မော်တော်ယာဉ်များဖြင့် တိုက်ရိုက်သွားရောက်နိုင်ပြီဖြစ်သည်။

မင်းကွန်းသို့ရောက်လျှင် ထင်ရှားသော ဘုရား၊ စေတီ၊ ပုထိုး ၁၃ ဆူနှင့် ကျောင်းပေါင်း ၂၈ ကျောင်းတို့ကို ရောက်အောင်သွားနိုင်ပါမှ မင်းကွန်းရောက်သည်ဟု လူကြီးသူမများက ဆိုစကားပြုကြသည်။ သို့သော် မင်းကွန်းသို့ ရောက်ရှိသူအများစုသည်မင်းကွန်းပုထိုးတော်ကြီး၊ မင်းကွန်းခေါင်းလောင်းကြီး၊ ဧရာဝတီမြစ်ကမ်းဘေးမှ ခြသေ့်ကြီး၊ မြသိန်းတန်စေတီ၊ မိုးမိတ်ကုန်းမြေ၊ ဓမ္မနာဒကျောင်းတိုက်ကဲ့သို့သော ထင်ရှားသည့်နေရာများသို့သာ အရောက်အပေါက်များလှသည်ကို တွေ့ရှိရသည်။

မင်းကွန်းဒေသတွင် "မင်း-ဖြူ-မှန်-မှန်-ပြော" ဟူသော သင်္ကေတတစ်ခုရှိသည့် ကမ္ဘာကျော်မင်းကွန်းခေါင်းလောင်းတော်ကြီးတစ်ခုရှိ၏။ ကြေးညိုကို မဏ္ဍိုင်ထား၍ ကြေးသားထဲတွင် ရွှေစ၊ ငွေစ၊ ကြေးနီ၊ ကြေးဝါ၊ ဘော်၊ သံကြွပ်စသည့် ဓာတ်သတ္တုပစ္စည်းများဖြင့် သွန်းလောင်းထားသည်။ အလေးချိန်မှာ ၅၅၅၅၅ ပိဿာရှိကြောင်း မှတ်သားခဲ့ရ၏။ မင်းကွန်းခေါင်းလောင်းကြီး၏ အရှေ့ဘက်တွင် မင်းကွန်းသို့ရောက်ရှိသူတိုင်း ကပ်ကျော်ဖြစ်ကြသည့် နေရာတစ်ခုကား "မင်းကွန်းဘိုးဘွားရိပ်သာ"ပင် ဖြစ်တော့သည်။

မင်းကွန်းဘိုးဘွားရိပ်သာကိုစတင်ပျိုးထောင်သူမှာ ဘွားဦးဇွန်း (ဒေါ်ဦးဇွန်း) ဖြစ်သည်။ ဘွားဦးဇွန်းသည် မိဘနှစ်ပါး ဘဝတစ်ပါးပြောင်းသွားသည့်အခါ မိဘနှစ်ပါးကိုယ်စား အသက်ထင်ရှားရှိနေသော ခိုကိုးရာမဲ့ အဘိုးအဘွားများအား ပြုစုစောင့်ရှောက်ရင်း စိတ်ချမ်းသာမှုကို ရယူတော့မည်ဟု သန္နိဋ္ဌာန်ချမှတ်ကာ သက္ကရာဇ် ၁၂၇၆ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက် (၁၁-၁-၁၉၁၅) ခုနှစ်မှ စတင်၍ မင်းကွန်းခေါင်းလောင်းကြီးအနီး အေးချမ်းလှသော မြေနေရာ၌ ကမ္မဋ္ဌာန်းကျောင်းသုံးကျောင်း ဆောက်လုပ်ကာ အဘိုးတစ်ဦး၊ အဘွားနှစ်ဦးတို့အား ဒေါ်ဦးဇွန်းကိုယ်တိုင် အဖော်မိန်းကလေးတစ်ဦးအကူအညီဖြင့် ကျွေးမွေးစောင့်ရှောက်ပြုစုမှုပြုတော့သည်။ ၁၂၈၀ ပြည့်နှစ် (၁၉၁၉) ခုနှစ်တွင် ဦးဘဂျမ်း၊ ဦးမောင်ကြီးတို့နှင့်ပူးပေါင်း၍ "မင်းကွန်းဗုဒ္ဓဘာသာလူအိုရုံအသင်း"ကို တည်ထောင်ကာ ရန်ပုံငွေဖွင့်လှစ်ခဲ့သည်။ ဘွားဦးဇွန်း တည်ထောင်ခဲ့သော မင်းကွန်းဗုဒ္ဓဘာသာလူအိုရုံကို ၄-၂-၁၉၉၈ နေ့မှစ၍ "မင်းကွန်းဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာ" အမည်သို့ ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

ဘိုးဘွားရိပ်သာ၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော သားထောက် သမီးခံမရှိ၊ ရှိပြန်ပါကလည်း ဆင်းရဲနွမ်းပါးကြ၍ ကျွေးမွေးထောက်ပံ့မှုမပြုနိုင်သဖြင့် စားဝတ်နေရေးအတိဒုက္ခနှင့် အခက်အခဲရင်ဆိုင်ကြုံတွေ့နေရသော သက်ကြီးရွယ်အိုဘိုးဘွားများအား လူမျိုး၊ ဘာသာအဆင့်အတန်းမရွေးချမှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာနိုင်ပါက အချိန်မရွေးလက်ခံကျွေးမွေးစောင့်ရှောက်ပေးလျက်ရှိပြီး ရိပ်သာတွင်နေထိုင်သည့် ဘိုးဘွားများ၏စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာဖြင့် ဘဝကူးကောင်းမွန်ရေးတတ်စွမ်းသရွေ့ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်းလည်း သိရသည်။ ဘိုးဘွားရိပ်သာသို့ အသက်(၇၀)နှစ်ပြည့်ပြီး ကျန်းမာရေးကောင်းမွန်ပြီး စိတ်ဖောက်ပြန်ခြင်းမရှိ၊ ကူးစက်ရောဂါမရှိ၊ သားသမီးဆွေမျိုးကျောထောက်နောက်ခံမရှိ၊ နိုင်ငံသားမှတ်ပုံတင်ကတ်ပြား(သို့)အိမ်ထောင်စုဇယားတင်ပြနိုင်သူ၊ အခြားဘိုးဘွားရိပ်သာများ၌ နေထိုင်ခဲ့ဖူးခြင်းမရှိသူ၊ လူမှု၊ စီးပွားအရှုပ်အရှင်းကင်းသူများကို သက်ဆိုင်ရာရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်ဖြင့် လက်ခံပေးလျက်ရှိကြောင်းလည်း သိရသည်။

မင်းကွန်းဘိုးဘွားရိပ်သာသည် ကျယ်ဝန်းပြီး သစ်ပင်ကြီး၊ ငယ်များဖြင့် အုံ့ဆိုင်းလျက်အေးချမ်းသာယာလှသည့် ဌာနတစ်ခုဖြစ်သည်။ ဘိုးဘွားရိပ်သာအတွင်း အဘွား ၃၂ ဦးစီနေထိုင်နိုင်သော ဘွားသုမာလာဆောင်၊ ဘွားဦးဇွန်းဆောင်၊ ဘီအိုင်အေဦးမောင်ကြီးဆောင်အပါအဝင် အဆောင်ကြီးသုံးဆောင်ရှိပြီး အဘိုး ၂၈ ဦးနေထိုင်နိုင်သော အခန်း ၁၅ ခန်းပါသည့် ဘိုးအေးမောင်ဆောင်တစ်ဆောင် စုစုပေါင်းအဆောင်ကြီးလေးဆောင်နှင့် အခန်းတွဲတိုက်များကိုလည်း တွေ့ခဲ့ရသည်။ ထို့အပြင် ဘိုးဘွားများဝတ်တက်ရန် ဓမ္မာရုံကြီးနှစ်လုံး၊ ဂန္ဓကုဋ္ဌိတိုက်တစ်လုံး၊ ဆေးကုသဆောင်ကြီးနှင့် ဆေးပေးခန်း၊ စားသောက်ဆောင်ကြီး၊ စားဖိုဆောင်၊ စတိုဆောင်၊ ဧည့်ခံတိုက်နှင့် ကွန်ကရစ်စောင်းတန်း၊ နားနေ ခုတင်ထိုင်ခုံများ၊ ရုံးခန်းစာဖတ်ခန်း၊ ရေ၊ မီး၊ စက်ရုံရေကန်ကြီး၊ ငယ်တို့ဖြင့် ပြည့်ပြည့်စုံစုံရှိလှ၏။ ဘွားဦးဇွန်းနှင့် ဘီအိုင်အေဦးမောင်ကြီးတို့အား ဂုဏ်ပြုထားသည့်ကြေးရုပ်တုကြီးများသည်လည်း ဘိုးဘွားရိပ်သာနှင့်လိုက်ဖက်၍ ပန်းရလှ၏။

စာရေးသူတို့မိသားစုသည် ဘိုးဘွားရိပ်သာအတွင်း လှည့်ပတ်လေ့လာကြရင်း အဘိုးဆောင်ဘက်သို့ရောက်ခဲ့ကြ၏။ အဘိုးဆောင်အဝင်ဝမှ နေပူဆာလှုံနေသော အဘိုးတစ်ဦးက "လာကြပါ၊ ဝင်ကြပါ၊ ဘယ်အရပ်က ဘုရားဖူးလာပါသလဲ၊ ကျန်းမာချမ်းသာကြပါစေ"ဟု ဆီးကြိုနှုတ်ဆက်၏။ စာရေးသူကလည်း အဘိုးတို့၏နေရေး၊ စားရေးကိစ္စများမေးမြန်းခဲ့ရာ လက်ရှိအဘိုးဆောင်အတွင်း အဘိုး ၂၇ ဦးရှိကြောင်း၊ နေ့စဉ်လေးကြိမ်ကျွေးမွေးကြောင်း၊ နံနက်စာဆန်ပြုတ်သောက်ပြီးဖြစ်ကြောင်း၊ နံနက်စာကို ၁၀ နာရီခွဲတွင် ထမင်းဟင်းလျာများကျွေးမွေးကြောင်း၊ မွန်းလွဲ ၂ နာရီတွင် လက်ဖက်ရည်၊ မုန့်တိုက်ကျွေးကြောင်း၊ ညနေ ၅ နာရီတွင် ညနေစာကျွေးမွေးကြောင်းရှင်းပြသည်။ ထပ်မံ၍ သိလိုသည်များနှင့်ပတ်သက်၍ မေးမြန်းကြည့်ခဲ့ရာ နေ့စဉ်အသားဟင်းတစ်ခွက်၊ အရန်ဟင်းတစ်ခွက်ကျွေးမွေးကြောင်း၊ ရိပ်သာနေဘိုးဘွားများအားလုံး စိတ်ချမ်းသာမှုရှိအောင်ထားပေးကြောင်း၊ ကျန်းမာရေးအတွက်လည်း ဂရုပြုဆောင်ရွက်ပေးကြောင်း၊ဆရာဝန်ကြီးများကိုယ်တိုင် တစ်ပတ်လျှင်တစ်ကြိမ်ခန့်လာရောက်စစ်ဆေးကုသပေးကြောင်း၊ နေ့စဉ် နံနက် ၆ နာရီတစ်ကြိမ်၊ မွန်းလွဲ ၂ နာရီတစ်ကြိမ်ဝတ်တက်၊ ဝတ်ကပ်ပြုလုပ်ကြရကြောင်း၊ ၁၂ လရာသီပွဲတော်များ၊ ဘာသာရေးနေ့ကြီး၊ ရက်ကြီးများ၊ လပြည့်နေ့များတွင်လည်း သက်ဆိုင်ရာပွဲများကျင်းပပေးကြောင်း၊ နှစ်ကူးသင်္ကြန်ပွဲတော်တွင် ဘိုးဘွားများအား ခေါင်းလျှော်/ရေချိုးပေးခြင်း၊ ခြေသည်း၊ လက်သည်းများညှပ်ပေးခြင်း၊ ရိပ်သာသန့်ရှင်းရေးပြုလုပ်ခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဆိုခြင်း၊ ဘိုးဘွားများအတွက် နှစ်သစ်ကူးဝတ်စုံများ ဝေငှချီးမြှင့်ပေးခြင်း စသည်ဖြင့် ၁၂ လရာသီလအလိုက် သင့်တင့်သော ဘာသာရေးပွဲတော်များ ပြုလုပ်ပေးကြောင်း အားပါးတရရှင်းပြကြသည်။

စာရေးသူတို့မိသားစုသည် ဘိုးဘွားရိပ်သာအတွက် အလှူငွေများ လှူဒါန်းခြင်း၊ အဘိုးအဘွားဆောင်မှ အဘိုးအဘွားများအား တတ်အားသရွေ့ ပေးအပ်လှူဒါန်းကြရာ အဘိုးအဘွားများက ပေးသောဆုများမှာ ရင်ဝယ်ပီတိ ခံစားမိခဲ့ကြရ၏။ ဘိုးဘွားများအတွက် နိုင်ငံတော်အစိုးရ၊ လူမှု ဝန်ထမ်းဦးစီးဌာနမှလည်း စားစရိတ်၊ အဝတ်အထည်စရိတ်၊ စားနပ်ရိက္ခာဆန်များ ကို နှစ်စဉ်ထောက်ပံ့လှူဒါန်းပေးကြောင်းလည်း သိရ၏။ ငွေကြေးလှည့်ပတ်သုံးစွဲမှုအနေဖြင့် ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအမှုဆောင်အဖွဲ့မှ "ဘဏ္ဍာရေးအာဏာ" စည်းမျဉ်း၊ စည်းကမ်းများအတိုင်းသုံးစွဲလျက်ရှိပြီး ပိုလျှံငွေများကို မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)တွင် ငွေစုဘဏ်စာရင်းများဖွင့်လှစ်အပ်နှံထားရှိခြင်း၊ ငွေစုလက်မှတ်များ ဝယ်ယူစုဆောင်းထားရှိခြင်း၊ ရန်ပုံငွေအဖြစ် တစည်းတလုံးတည်း စုပေါင်းရန်ပုံငွေသာထားရှိပြီး နှစ်စဉ်(ဘတ်ဂျက်) စာရင်းများ ရေးဆွဲလျာထားသုံးစွဲကြောင်းလည်း သိရှိခဲ့ရ၏။ မင်းကွန်းဘိုးဘွားရိပ်သာတွင် အဘိုးအဘွား ၁၂၅ ဦးအထိ လက်ခံနိုင်ပြီး လက်ရှိတွင် အဘိုး ၂၇ ဦး၊ အဘွား ၄၁ ဦး စုစုပေါင်း ၆၈ ဦးကို လက်ခံပြုစုစောင့်ရှောက်ထားကြောင်းလည်း သိရသည်။ မင်းကွန်းဘိုးဘွားရိပ်သာကို ၁၉၁၅ ခုနှစ်မှ စတင်တည်ထောင်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် နှစ်(၁၀၀) သက်တမ်း ပြည့်တော့မည်ဖြစ်သည်။ မင်းကွန်းဘိုးဘွားရိပ်သာကြီး ဆက်လက်၍ ပိုမိုတည်တံ့ခိုင်မြဲစေရန်အတွက် နိုင်ငံတော်အစိုးရ၏ တစ်ဖက်တစ်လမ်းမှ မေတ္တာ၊စေတနာဖြင့် ထောက်ပံ့ကူညီပေးမှု၊ အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် အသိပညာရှင်၊ အတတ်ပညာရှင်အသီးသီးတို့၏ ကာယ၊ ဉာဏ၊ ဝီရိယ၊ အမြော်အမြင်တို့ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် စိတ်ဝင်တစား စေတနာထား ပါဝင်အားပေးကူညီမှု၊ စေတနာရှင်၊ ကုသိုလ်ရှင်အပေါင်းတို့၏ သဒ္ဓါထက်သန်ပါဝင်ကူညီမှုတို့အပေါ်တွင် အထူးတည်မှီလျက်ရှိပေသည်။

ဘိုးဘွားများအား တစ်နေ့တာ ကျွေးမွေးလိုပါက အုပ်ချုပ်ရေးအဖွဲ့က စီစဉ်ပေးလျက်ရှိပြီး တစ်နေ့စာ ကျွေးမွေးစရိတ်အဖြစ် အလှူငွေကျပ်တစ်သိန်း သတ်မှတ်ထားကြောင်း၊ ကိုယ်တိုင်ချက်ပြုတ်လှူဒါန်းလိုပါကလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလှူရှင်များအနေဖြင့် သံဃာတော်များပင့်ဖိတ်၍ နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဧည့်သည်များအား နံနက်စာကျွေးမွေးခြင်းများ ပြုလုပ်လိုပါကလည်း သင့်တင့်သောနှုန်းထားဖြင့် စီစဉ်ပေးလျက်ရှိကြောင်းနှင့် ဘိုးဘွားရိပ်သာသို့ ဆက်သွယ်စုံစမ်းလှူဒါန်းလိုပါက ဖုန်း ၀၂-၆၀၅၆၄၊ ၀၂-၃၇၅၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ဘိုးဘွားတို့ဘဝ ပိုမိုသာယာလှပစေရေးအတွက် ရည်မျှော်ပြီး မင်းကွန်းဘိုးဘွားရိပ်သာ၏ နှစ် (၁၀၀)ပြည့် အကြိုအဖြစ် တစ်ဖက်တစ်လမ်းမှ မျှဝေရှုံးဆော်လိုက်ပါသည်။ ။

ကားရောင်းမည်

Toyota Vitz
Model 2008
အပြာရောင် ၁. ၃
9F 6...
Push Start /U grade
ရောင်းဈေး-(၁၀၄)သိန်း

တိုက်ခန်းငှားမည်

27'x75' Hall Type
ဒုတိယထပ်၊ဖုန်းပါ၊ဓာတ်လှေကားပါ၊ ထောင့်ခန်း၊ စက်ရုံလမ်း၊ မင်္ဂလာဈေးရှေ့ (ရတနာမြိုင်ကွန်ဒို)
ဈေးနှုန်း(၉. ၅)သိန်း
ဆက်သွယ်ရန် ဖုန်း-၀၉၇၃၀၉၀၉၇၈

မလေးရှားနိုင်ငံ Lot 1313, Jalan Bukit Kumening, Shah Alam ရှိ မောင်ကျော်ဇင်ထွန်း[၁၂/ကတတ(နိုင်)၀၂၅၄၀]၏ (၂၃-၁-၂၀၁၄)ရက် စာမျက်နှာ(၁၄)ကြေးမုံသတင်းစာပါ ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း ကြော်ငြာချက်ကိုပြန်လည်ရှင်းလင်းခြင်း

၁။ မောင်ကျော်ဇင်ထွန်းနှင့် မနှင်းလဲ့ရည် [၁၂/သခန(နိုင်)၁၁၆၆၈၁] တို့သည် ကျောက်တံတားမြို့နယ်၊ တရားရုံး၌ နှစ်ဦးသဘောတူ တရားသူကြီးရှေ့မှောက်၌ ကျမ်းကျိန်ပြီး လက်ထပ်ခဲ့ကြပါသည်။

၂။ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ၃-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် မင်္ဂလာအခမ်းအနားကျင်းပခဲ့ပြီး ညနေထမင်းစားပွဲကို ကန်တော်မင်ရွှေဘဲစားသောက်ဆိုင်၌ ပြုလုပ်ခဲ့ကြပါသည်။

၃။ ထိုသို့မင်္ဂလာအခမ်းအနားကျင်းပပြီးစီးပြီးနောက် မလေးရှားနိုင်ငံသို့ မနှင်းလဲ့ရည်သည် ခင်ပွန်းဖြစ်သူ မောင်ကျော်ဇင်ထွန်းနှင့် လိုက်ပါသွားခဲ့ကြပါသည်။

မောင်ကျော်ဇင်ထွန်းသည် မလေးရှားနိုင်ငံတွင် အင်ဒိုနီးရှားအမျိုးသမီးတစ်ဦးကို ယူထားပြီး ကလေးတစ်ယောက်ရရှိထားကြောင်း မနှင်းလဲ့ရည် မလေးရှားနိုင်ငံရောက်ရှိမှ သိရသဖြင့် ဇနီးမောင်နှံတို့မကြာခဏစကားများရန်ဖြစ်ကြပါသည်။

မောင်ကျော်ဇင်ထွန်းသည် မလေးရှားနိုင်ငံတွင် အိမ်ထောင်ရှိသူတစ်ဦးဖြစ်ပါလျက် ကျောက်တံတားမြို့နယ်တရားရုံး၌ ကျွန်မအား သွေးဆောင်ဖြားယောင်းလိမ်လည်ပြီး လက်ထပ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ မောင်ကျော်ဇင်ထွန်း၏ ၂၃-၁-၂၀၁၃ရက် စာမျက်နှာ(၁၄)ပါ "ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း" ကြော်ငြာပါအကြောင်းအရာများသည် မှန်ကန်မှုလုံးဝမရှိပါကြောင်းနှင့် ကျွန်မ၌သာလျှင် လူမှုရေးအရ များစွာနစ်နာဆုံးရှုံးလျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းအပ်ပါသည်။ မည်သူမဆို စုံစမ်းမေးမြန်းနိုင်ပါသည်။ မနှင်းလဲ့ရည်[၁၂/သခန(နိုင်)၁၁၆၆၈၁]

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ ဦးဘခင်လမ်း၊ အမှတ်(၁၁/၄၅၆)၊ မြေအကျယ်အဝန်း(၄၀×၆၀)ပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အဆောက်အအုံအပါအဝင် ဒေါ်ခင်လေးကြည် (CE-၀၀၇၉၄၆) အမည်ပေါက် ပါမစ်မြေကွက်အား အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ရောက်ရရှိထားသူ ဦးသန်းဝင်း[၁၂/ဥကတ(နိုင်)၁၃၄၇၃၇]နှင့် ဒေါ်ခိုင်ခိုင်လွင်[၁၂/ဥကတ(နိုင်)၀၄၅၆၀၅]တို့ထံမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဆွေဆွေသန်း[၁၄/ညတန(နိုင်)၀၆၄၈၁၉]
အမှတ်(၇၂၇/၃၇)၊ ပြည်ထောင်စုလမ်းမကြီး၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၃၉၀၉၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်(၉၃၇)၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေ၊ ဧရိယာ(၀. ၀၅၅)ဧက အကျယ်အဝန်းပေ(၄၀×၆၀)ရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို မြေအမည်ပေါက်နှင့် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်သီတာ(MGE-၁၆၇၂၇၅) [၁၂/ဗဟန(နိုင်)၀၄၇၃၆၃]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဇော်ဝင်း(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၃၆)
ရုံး-အမှတ်(၅၅)၊ အခန်း(၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အိမ်-အမှတ်(၄၅)၊ ၂၆လမ်း၊ မြေညီ၊ (၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၉၆၈၅၊၀၉-၅၁၉၄၉၉၈၊ ၀၉-၄၉၂၅၅၈၂၁

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် **ရခိုင်အမျိုးသားပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ လမ်းမတော်တောင်ရပ်ကွက်၊ လမ်းမကြီး၊ အမှတ်(၃၉၃)တွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင်အမျိုးသားပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၇-၁-၂၀၁၄ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီအမည် အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန်ကြေညာအပ်ပါသည်။

ရခိုင်အမျိုးသားပါတီ၏ အလံပုံစံ

ရခိုင်အမျိုးသားပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရေဆေးချစ်သူ ပန်းချီပြပွဲခင်းကျင်းပြသ

မန္တလေး ဇန်နဝါရီ ၂၇

မန္တလေးမြို့မှ ပန်းချီဆရာနှစ်ဦး၏ ရေဆေးသီးသန့်ဖြင့် ရေးဆွဲထားသည့် ရေဆေးချစ်သူ ပန်းချီပြပွဲကို ဇန်နဝါရီ ၂၁ ရက်တွင် ဓမ္မသာလခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပန်းချီဝါသနာရှင်များနှင့်ပန်းချီမြတ်နိုးသူများအတွက် ပန်းချီဆရာဇော်ထွန်းအောင်နှင့် ဆရာစိုးအောင်တို့က (Two man show) ရေဆေးသီးသန့်ပန်းချီကားပေါင်း ၆၀ ကို ခင်းကျင်းပြသထားပြီး ပန်းချီကားအများစုမှာ မြန်မာ့သဘာဝအငွေ့အသက်များနှင့် မန္တလေးပုံရိပ်များ ထည့်သွင်းရေးဆွဲထားကြောင်း ပန်းချီဆရာစိုးအောင်က ပြောကြားသည်။

"ထူးခြားချက်အနေနဲ့ ပန်းချီတစ်ကားချင်းမှာ ကဗျာတစ်ပုဒ်စီ ဖွဲ့ဆိုထားပါတယ်။ ရေဆေးနဲ့ပန်းချီရေးဆွဲတာ အခုခေတ်မှာနည်းပါးလာတဲ့အတွက် ရေဆေးပန်းချီကို တန်ဖိုးထားတတ်စေရန် ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ နှစ်ယောက်က ပုံ ၆၀ ကို နှစ်လခွဲခန့်အချိန်ယူရေးဆွဲခဲ့တာဖြစ်ပါတယ်။ ပြီးတော့ ဒီခန်းမကြီးမှာ အရင်ကအုပ်စုဖွဲ့ပြီး ပွဲလုပ်တာတွေပဲ ရှိခဲ့ပါတယ်။ အခုလို နှစ်ယောက်တွဲပြီး ပွဲလုပ်ဖြစ်တာ ပထမဆုံးဖြစ်တဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်"ဟု ၎င်းက ဆိုသည်။

အဆိုပါ ပြပွဲကို ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ခင်းကျင်းပြသခဲ့ပြီး ပန်းချီကားများကို ငွေကျပ် ၃၀၀၀၀ မှ ၁၅၀၀၀၀ အထိ ရောင်းချပေးခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

SECRET အဖွဲ့၏ အယ်လ်ဘမ်သစ် ဖေဖော်ဝါရီလအတွင်း ထွက်ရှိမည်

SECRET တောင်ကိုရီးယားကေပေါ့ပ် အဖွဲ့သည် ၎င်းတို့၏ အောင်မြင်မှုကိုဂျပန်နိုင်ငံ၌ ထပ်မံခဲ့ထွင်သည့်အနေဖြင့် ဂျပန်စတိုင်လ်တေးအယ်လ်ဘမ်သစ် 'I DO I DO ကို ဖေဖော်ဝါရီလအတွင်း ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ယခုလကုန် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ယင်းအယ်လ်ဘမ်၏ ပရိုမိုးရှင်းအတွက် ဂျပန်နိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်ကြောင်း၊ ယင်းအယ်လ်ဘမ်တွင်ပါဝင်မည့် I Do I Do နှင့် CALLING U သီချင်းများကို ပုံစံနှစ်မျိုးဖြင့် တင်ဆက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါအယ်လ်ဘမ်သစ်အတွက် ဖေဖော်ဝါရီ ၆ ရက်တွင် ဂျပန်ပရိသတ်နှင့်တွေ့ဆုံပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

"အခု အယ်လ်ဘမ်အတွက် ထူးခြားတဲ့ပရိုမိုးရှင်းပွဲတွေ အများကြီးလုပ်ဖို့ စီစဉ်ထားပါတယ်။ SECRET အဖွဲ့အနေနဲ့ မကြာသေးမီက ဂျပန်အေဂျင်စီတစ်ခုနဲ့ သဘောတူစာချုပ်တွေလည်း ချုပ်ထားတာဖြစ်လို့ မကြာခင်မှာ ထူးခြားတဲ့ပရိုမိုးရှင်းပွဲတွေနဲ့ ပရိသတ်တွေဆီ ရောက်လာမှာပါ"ဟု တီအက်စ်အင်န်တာတိန်းမန့်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

တောင်ကိုရီးယားကေပေါ့ပ် SECRET သည် ၂၀၁၁ ခုနှစ်က 'မက်ဒေါနား'အမည်ရှိအယ်လ်ဘမ်ဖြင့် ဂျပန်နိုင်ငံတွင်အောင်မြင်မှုများရယူထားခဲ့ပြီး ၂၀၁၂ ခုနှစ်အတွင်းက ဂျပန်နိုင်ငံ တိုကျို၊ အိုဆာကာနှင့် နာဂိုယာမြို့များတွင် Secret Time 2012 အမည်ရှိ ဂီတဖျော်ဖြေပွဲများကို ဆင်နွှဲခဲ့ကြောင်း သိရသည်။

နစ်ကိုးလ်ကစ်ဒ်မင်းန်၏ ဇာတ်ကားဖြင့် ကိန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်ဖွင့်လှစ်မည်

မေ ၁၄ ရက်မှ ၂၅ ရက်အထိ ပြင်သစ်နိုင်ငံ ကိန်းစ်မြို့၌ ကျင်းပမည့် (၆၇)ကြိမ်မြောက် ကိန်းစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် ဟောလိဝုဒ်မင်းသမီးနစ်ကိုးလ်ကစ်ဒ်မင်းန်၏ Grace Of Monaco ဇာတ်ကားဖြင့် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

Grace Of Monaco အမည်ရှိအတ္ထုပ္ပတ္တိဇာတ်ကားတွင် မင်းသမီးနစ်ကိုးလ်က အမေရိကန်ရုပ်ရှင် မင်းသမီးဟောင်းဂရေ့စ်ကယ်လီအဖြစ်လည်းကောင်း၊ မင်းသားတွမ်ရို့သ်က ဂရေ့စ်ကယ်လီ၏ ခင်ပွန်းအဖြစ်လည်းကောင်း ပါဝင်သရုပ်ဆောင်ထားကြသည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာလကတည်းက ထုတ်လုပ်ရန်ပြင်ဆင်ထားသည့် ယင်းဇာတ်ကား ဖြန့်ချိချိန်ကို အချိန်ကြာမြင့်စွာ ရွှေ့ဆိုင်းထားခဲ့ပြီး ယခုနှစ် မတ် ၁၄ ရက်တွင် ဖြန့်ချိရန် စီစဉ်ထားကြောင်း သိရသည်။

မျိုးစန္ဒာမောင် - စုစည်းသည်

ASIA KING

ရုံးခန်းပြောင်းရွှေ့ခြင်း BUHLER

Buhler Asia Pte.,Ltd(Myanmar Branch)ရုံးခန်းကို အမှတ်-၁၄၁၊ ၁၄၅(၃)လွှာ၊ ယူနိုက်တက်ကွန်ဒို၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်မှ အမှတ်(၇)၊ စန္ဒကူးလမ်းသွယ်၊ ကမာကြည်လမ်း၊ အကွက်အမှတ်(၃၀)၊ သင်္ဃန်းကျွန်းမြို့နယ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါကြောင်းကို မိတ်ဟောင်းမိတ်သစ်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

Buhler Asia Pte.,Ltd(Myanmar Branch Office)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ စိုက်ပျိုးရေး(၂)လမ်း၊ အမှတ်(၁၃/၅၃၈)တစ်ထပ်အိမ်နှင့်မြေ (၂၀ပေ×၆၀ပေ)ကိုအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူကာ လက်ရှိပိုင်ဆိုင်ပါကြောင်းဝန်ခံကတိပြုသူ ဒေါ်ဥမ္မာစိုး[၁၂/မဂဒ(နိုင်)၀၈၉၃၆၈]ထံမှဝယ်ယူရန်အတွက် ကျွန်ုပ်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသောနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့လာရောက်၍ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ဒေါ်သူသူနှင်းမောင် [၉/မနတ(နိုင်)၀၆၆၄၄၃]
၂၃/၁ကောက်သွယ်(၂)လမ်း၊ ၂၉ရပ်ကွက်၊ သုဝဏ္ဏ ဖုန်း-၀၉၅၁၅၀၅၃၈

09-5137594,
09-5137593

မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း အသင်းဝင်များသိသာပါရန်

၂၀၁၃-၂၀၁၅ခုနှစ် (၂)နှစ်တာကာလအတွင်း အသင်း၏အလုပ်အမှုဆောင်သစ်များအား ပွင့်လင်းမြင်သာစွာ စနစ်တကျ ရွေးချယ်မည်ဖြစ်ပါ၍ အလုပ်အမှုဆောင်အဖြစ်ပါဝင်လိုသည့် အသင်းသားများအနေဖြင့် အသင်းရုံး သို့ ၁၁-၂-၂၀၁၄ရက် နောက်ဆုံးထား၍ ဆန္ဒပြုနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

မှတ်ချက်။ ။ဆန္ဒပြုလွှာနှင့်ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်ပုံစံတို့ကို အသင်းဝင်များအားလုံးထံသို့ အမြန်ချောပို့ဖြင့် အချိန်မီ ပေးပို့ထားပြီးဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် မရရှိသူများသည် အသင်းရုံးတွင် ပုံစံများလာရောက်ထုတ်ယူနိုင်ပါသည်။

မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း

ဘော်လီဘောမိသားစုလူမှုရေးအသင်း သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

ဘော်လီဘောမိသားစုလူမှုရေး အသင်း၏ (၁၁)ကြိမ်မြောက် သက်ကြီး ပူဇော်ပွဲ၊ ပညာရည်ချွန်နှင့် အားကစား ထူးချွန်ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျောက်ဆည် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘော်လီဘော မိသားစုလူမှုရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးကျော်ဝင်းက အခမ်း အနားမှူးအဖြစ် ဆောင်ရွက်ပြီး ဥက္ကဋ္ဌ ဦးမြင့်သိန်းက အမှာစကားပြောကြား သည်။ ဆက်လက်၍ ဒုဥက္ကဋ္ဌ ဦးဝင်းမြင့်က ၂၀၁၄-၁၅ ခုနှစ် အမှု ဆောင်စာရင်းကို ကြေညာပြီး ဘဏ္ဍာ ရေးမှူး ဒေါ်ဖြူဖြူဇော်က ၂၀၁၃-၁၄ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြား တင်ပြသည်။ ယင်းနောက် ဒုဥက္ကဋ္ဌ ဦးတင့်လွင်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်း ကောင်း၊ ဒုဥက္ကဋ္ဌ ဦးထွန်းလင်းက တေးဂီတအဖွဲ့ကို လည်းကောင်း၊ ဒု ဥက္ကဋ္ဌ ဦးမြတ်ချိုဝင်းက(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ တွင် ရွှေတံဆိပ်ရရှိခဲ့သည့် မြန်မာ အမျိုးသား ထိုင်လျက်ဘော်လီဘော အသင်းကို ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်သည်။

ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်သည်။

ၡင်းနောက် တက္ကသိုလ်ဝင်စာမေး ပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများ အား ဆုများချီးမြှင့်ပြီး ကန်တော့ခံ ပုဂ္ဂိုလ်ကြီးများအား ကန်တော့ခံပစ္စည်း များနှင့် ကန်တော့ကြသည်။ ထို့နောက် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း ဦးသက်တင်က ဩဝါဒ စကားပြောကြားသည်။ **(ချစ်ကိုကို)**

ဘော်လီဘောမိသားစုလူမှုရေး အသင်းဒုဥက္ကဋ္ဌ ဦးတင့်လွင် အလှူရှင် များအား ဂုဏ်ပြုမှတ်တမ်းလွှာပေး အပ်စဉ်။

တံခွန်စိုက်ဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် အား/ကာသိပ္ပ (ရန်ကုန်)နှင့် Horizon International School တို့ ပူးပေါင်း၍ (၆)ကြိမ်မြောက် (Horizon Open Table Tennis Championship 2014)(Horizon တံခွန်စိုက် ဖလားစားပွဲတင် တင်းနစ်ပြိုင်ပွဲ)၏ နောက်ဆုံးဗိုလ်လုပွဲများ နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်တွင် ရန်ကုန်မြို့ သာကေတမြို့နယ် အမှတ်(၂၃၅) ရွှေခင်းသာ မြို့ပတ်လမ်း(သန်လျင်တံတားအနီး)ရှိ Horizon International School (Shukhinthar Campus)၌ ဆက်လက်ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားအသက်(၁၂)နှစ်အောက် ပြိုင်ပွဲတွင် ရှင်းသန့်ရဲရင့်(MISY)၊ အမျိုးသမီးအသက်(၁၂) နှစ်အောက်ပြိုင်ပွဲတွင် ယဉ်ဝေခိုင်(အထက-၁ ဒဂုံ)၊ အမျိုးသားအသက်(၁၅)နှစ်အောက်ပြိုင်ပွဲတွင် စိုးမင်းဦး (အလက-၁ ဒဂုံ)၊ အမျိုးသမီးအသက်(၁၅)နှစ်အောက်ပြိုင် ပွဲတွင် နန်းဆက်ဝါ(အလက-၂ ဗိုလ်တထောင်)၊ အမျိုးသား အသက်(၁၈)နှစ်အောက် ပြိုင်ပွဲတွင် ဝီလီယံ(PISM)၊ အမျိုးသားအပျော်တမ်း တတိယတန်းအဆင့်ပြိုင်ပွဲတွင် ရဲထွန်းအောင်၊ အမျိုးသားဒုတိယတန်းအဆင့်ပြိုင်ပွဲတွင် အောင်ခိုင်(သုဝဏ္ဏကလပ်)၊ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲ တွင် အေးမြတ်သူ(ဘဏ္ဍာအခွန်)၊ အမျိုးသားအလွတ်တန်း ပထမတန်းအဆင့်ပြိုင်ပွဲတွင် အောင်ထွန်းနှင့် အသက်(၄၅) နှစ်အထက်ပြိုင်ပွဲတွင် လှမျိုးခိုင်တို့ကအသီးသီးဗိုလ်စွဲသွား ကြပြီး Horizon International School မှ တာဝန်ရှိသူ များနှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှတာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ကြေးမုံ)**

အက်ဖ်အေဖလား ပဉ္စမအဆင့်ပြိုင်ပွဲ

မန်စီးတီးနှင့် ချယ်လ်ဆီး၊ အာဆင်နယ်နှင့် လီဗာပူးတို့ တွေ့ဆုံ

အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ် များတွင် ပရီမီယာလိဂ်၏ အမှတ်ပေး ဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်နေ သော အသင်းကြီးများ ထိပ်တိုက်ဆုံ တွေ့နေကြောင်းတွေ့ရသည်။ ယင်း ပွဲစဉ်တွင် နည်းပြပယ်လီဂရီနီ၏ မန်စီးတီးအသင်းသည် နည်းပြ မော်ရင်ဟို၏ ချယ်လ်ဆီးအသင်းနှင့် လည်းကောင်း၊ နည်းပြအာစင် ဝင်းဂါး၏ အာဆင်နယ်အသင်းသည် ဘရန်ဒန်ရော့ဂျာ၏ လီဗာပူးအသင်း နှင့်လည်းကောင်း ထိပ်တိုက်တွေ့ဆုံ နေကြောင်း သိရသည်။

နည်းပြ ရောဘတ်တိုမာတီနက်ဇ်၏ အဲဗာတန်အသင်းသည် ၎င်း၏ ယခင် အသင်းဟောင်းတစ်သင်းဖြစ်သည့် ဆွမ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရ မည်ဖြစ်ပြီး ဆန်းဒါးလန်းအသင်းမှာမူ ဆောက်သမ်တန်အသင်းအား အိမ်ကွင်း လက်ခံကစားရမည်ဖြစ်သည်။

ထို့အပြင် ကာဒစ်ဖ်အသင်းသည် ဝီဂန်အသင်းနှင့် လည်းကောင်း၊ ဟားစီးတီးအသင်းသည် ဘရိုက်တန် အသင်းနှင့် လည်းကောင်း၊ ရှက်ဖီးဝက် နက်စ်ဒေးအသင်းသည် ချန်ပီယံရှစ် ကလပ် ချာတန်အသင်းနှင့်လည်း ကောင်း အသီးသီးယှဉ်ပြိုင်ကစား ရမည်ဖြစ်ပြီး အဆိုပါအက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

အဆိုပါ အက်ဖ်အေဖလားပွဲစဉ် ကစားမည့်ရက်ပိုင်းတွင် လီဗာပူး အသင်းအတွက် ပွဲကျပ်ကာလမဟုတ် သော်လည်း အာဆင်နယ်အသင်းသည် အက်ဖ်အေဖလားတွင် လီဗာပူးနှင့် လည်းကောင်း၊ ချန်ပီယံလိဂ်တွင်လည်း ဘိုင်ယန်မြူးနစ်အသင်းနှင့် လည်း ကောင်း၊ ယှဉ်ပြိုင်ကစားရရန်ရှိနေပြီး မန်စီးတီးအသင်းသည်လည်း အက်ဖ် အေဖလားတွင် ချယ်လ်ဆီးအသင်းနှင့် လည်းကောင်း၊ ချန်ပီယံလိဂ်တွင် ဘာစီ လိုနာအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင် ကစားရန်ရှိနေကြောင်း သိရသည်။

အဲဗာတန်နောက်ခံလူ လေတန်ဘိန်းစ် စာချုပ်သစ်ထပ်တိုးချုပ်ဆို

ငွေကြယ်

အဲဗာတန်နောက်တန်းကစားသမား လေတန်ဘိန်းစ်သည် အသင်းနှင့်လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုး ချုပ်ဆိုလိုက်ပြီဖြစ်သည်။ မန်ယူအသင်းနည်းပြ ဒေးဗစ် မိုယက်သည် ပြီးခဲ့သည့်နွေရာသီက နောက်ခံလူလေတန် ဘိန်းစ်အား မန်ယူအသင်းသို့ခေါ်ယူရန် နှစ်ကြိမ်တိုင်တိုင် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။

နောက်တန်းကစားသမားလေတန်ဘိန်းစ်သည် ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် ဝီဂန်အသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင်ခြောက်သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူ ဖြစ်ပြီး ဥရောပဘောလုံးလောကတွင် အကောင်းဆုံးဘယ် နောက်ခံကစားသမားများထဲမှ တစ်ဦးအပါအဝင်အဖြစ် ကျော်ကြားလာခဲ့သည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။

မွေးနေ့ဆုတောင်း

ချစ်သား၊ချစ်သမီးနှင့် ချစ်မြေးတို့အတွက် ကြမ်းတမ်းသောဘဝကို ကြံ့ကြံ့ခိုင် ဖြတ်သန်း လျှောက်လှမ်း၍ မိသားစုဘဝ တိုးတက်မြင့်မား ရင်းနှီးကြိုးပမ်းခဲ့သော ကျေးဇူးရှင် ပါပါကြီး ဦးစိုးမြင့်(Managing Director, Tharaphu Soe Myint Co.,Ltd)၏ ၂၈-၁-၂၀၁၄ရက်တွင် ကျရောက်မည့် (၆၆)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် အေးငြိမ်း သာယာသောဘဝကို ဖြတ်သန်းလျှောက်လှမ်းရင်း ချစ်သား၊ ချစ်သမီးမှသည် ချစ်မြေးများ တိုင်အောင် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး ဆတက်ထမ်းပိုး ကျေပွန်စွာထမ်းဆောင်စေရေး ဆုံးမ လမ်းညွှန်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဦးအေးမင်းငွေ(**Director, Tharaphu Soe Myint Co.,Ltd**)-ဒေါ်နွယ်နီတင်

ဦးကျော်ဇင်ထွေး(**Director ,Tharaphu Soe Myint Co.,Ltd**)-ဒေါ်ကေကေခိုင်

ချစ်မြေးကလေးများ





ရွှေဟင်္သာတာဝါ
တိုက်(B)
အခန်းငှားရန်ရှိသည်။
ပွဲစား၊ အကျိုးဆောင်မလိုပါ။
ဖုန်း-၀၉-၅၁၄၉၉၆၂(ရုံးချိန်အတွင်းသာ)

အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို လွန်ခဲ့သောနှစ်(၅၀)ကျော်ဖြစ်သည့် ၁၉၅၉ ခုနှစ်ကပင်စတင်ကျင်းပခဲ့ရာ အာရှတိုက်ရှိ အခြားမည်သည့်ဒေသတွင်းပြိုင်ပွဲထက်မဆို နှစ်များစွာစောစွာ ကျင်းပသည့်ပြိုင်ပွဲတစ်ခုအဖြစ် တည်ရှိနေပေသည်။ အရှေ့တောင်အာရှနိုင်ငံများမှာ အားကစားအဆင့်အတန်းတွင် အရှေ့အာရှနိုင်ငံများကိုအသာမရသော်လည်း ဆီးဂိမ်းပြိုင်ပွဲမှာမူ နှစ်ပေါင်း(၅၀)ကြာအောင် နှစ်နှစ်တစ်ကြိမ်(၁၉၆၃ ခုနှစ်မှလွဲ၍) အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့သည့်အတွက် အာရှတိုက်တွင်ဂုဏ်သိက္ခာရှိသည့်ပြိုင်ပွဲတစ်ခုအဖြစ် တည်ရှိနေခြင်းဖြစ်ပေသည်။ ယခုအခါ မြန်မာသည်အာရှတွင် ဂုဏ်ယူရမည့်ပြိုင်ပွဲ(သို့မဟုတ်)ဆီးဂိမ်းကိုအောင်အောင်မြင်မြင်ဆင်နွှဲနိုင်ခဲ့ပြီ ဖြစ်ပေသည်။

အားကစားစွမ်းအင်နှင့် မြန်မာ့အားကစားစိတ်ဓာတ်

တက္ကသိုလ်တင်ခ

အောင်ဆန်းကွင်းပေါ်ထွန်းခဲ့ခြင်း

အရှေ့တောင်အာရှအဖွဲ့ဝင် မြန်မာသည် ဗမာပြည်အားကစားအသင်း [(Burma(Myanmar) Atheletics Association)]ကို ၁၉၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ယင်းအသင်းမှာ ဘောလုံးအပါအဝင် အခြားအားကစားပွဲများကို ဦးဆောင်ကျင်းပနိုင်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ မြန်မာပြည်အားကစားအသင်းပေါ်ပေါက်လာပြီးနောက် ဘောလုံးပွဲများကို စနစ်တကျကျင်းပလာနိုင်ခဲ့သည်။

ယခင်က မြို့မကျောင်းရှေ့ရှိ မိုင်ဒါကွင်းမှာ ထင်ရှားသောအားကစားကွင်းတစ်ခုဖြစ်သည်။ ၁၉၁၀ ပြည့်နှစ်တွင် ဗမာပြည်အားကစားအသင်းက ယခုလက်ရှိအောင်ဆန်းကွင်းနေရာ၌ ဘောလုံးကွင်းသစ်တစ်ကွင်းကိုစခဲ့ရာ အသင်းအမည်ကိုအစွဲပြု၍ ဘီအေအေကွင်းဟူ၍ ခေါ်ဆိုခဲ့ကြသည်။ နောင်လွတ်လပ်ရေးခေတ်တွင် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုသောအားဖြင့် အောင်ဆန်းကွင်းဟုမော်ကွန်းတင်နိုင်ခဲ့ပေသည်။ ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းခဲ့သော မြန်မာ့အားကစားစိတ်ဓာတ်မှသည် အောင်ဆန်းကွင်းထင်လင်းမြင်သာဖြစ်ပေါ်လာခဲ့ပေသည်။

ဗမာပြည်အိုလံပစ်အသင်း

ဗမာပြည်အိုလံပစ်အသင်း [Burma(Myanmar) Atheletics Association] ကို ၁၉၄၆ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် စတင်တည်ထောင်ခဲ့ပေသည်။ ကာယဗလဦးရှိန်၊ ဦးဇော်ဝိတ်နှင့် မစ္စတာဘတ်စကင်းတို့က ဗိုလ်ချုပ်အောင်ဆန်းနေအိမ်သို့သွားရောက်ကာ ဗမာပြည်အိုလံပစ်အသင်း၏နာယကအဖြစ် တာဝန်ယူဆောင်ရွက်ပေးပါရန် ပန်ကြားချက်ကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က လက်ခံလိုက်သောအခါ မြန်မာ့အားကစားလောကအတွက် အားတက်ဖွယ်ဖြစ်ခဲ့ပေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် နာယကအဖြစ် လက်ခံရုံမက ဗိုလ်ချုပ်ရန့်(စ်) (General Rance) (နောင်ခါတွင် မြန်မာပြည်ဘုရင်ခံ)ကိုပါ ပူးတွဲနာယကအဖြစ် တင်မြှောက်ရန် အကြံပြုပေးခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မကြာမီ ရန်ကုန်မြို့ ဆိုရန်ကိုဖီလာ အဆောက်အအုံ၌ ကျင်းပမည့် ပြန်လည်ထူထောင်ရေး ကွန်ဖရင့်အမီ အားကစားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တစ်ရပ် ရေးဆွဲတင်ပြရန်လည်း အသင်း၏နာယကအနေဖြင့် လမ်းညွှန်ပေးခဲ့သည်။ ဗမာပြည်အိုလံပစ်အသင်းကို ဖွဲ့စည်းခဲ့ပြီးနောက် ၁၉၄၇ ခုနှစ် မေလ ၁ ရက်တွင် စစ်ဒဏ်ကြောင့်ပျက်စီးခဲ့ရသည့် ဘီအေအေအားကစားကွင်းကြီးအား ပြန်လည်ပြုပြင်ရန်အတွက် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့ကြပေသည်။

ဗမာပြည်အိုလံပစ်အသင်းသည် ၁၉၄၆ ခုနှစ် ဇူလိုင်လတွင် နိုင်ငံတကာအိုလံပစ်ကော်မတီနှင့် အဆက်အသွယ်ရရှိခဲ့ပေသည်။ ယင်းသို့ အဆက်အသွယ်ရရှိမှု အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့တော်ခန်းမ၌ ၁၉၄၇ ခုနှစ် ဇူလိုင် ၈ ရက်တွင် လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ရာ အသင်း၏ နာယကဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်ရန့်(စ်)တို့ နှစ်ဦးစလုံးတက်ရောက်ခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းက အခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင်

"ကိုယ်ကျန်းမာမှ စိတ်ချမ်းသာမည်၊ စိတ်ချမ်းသာမှ တိုင်းပြည်အကျိုးပြုနိုင်မည်၊ ပြည်သူ့သားကောင်းများဖြစ်မည်"ဟူ၍ ကျန်းမာရေးအရေးကြီးပုံကို ထည့်သွင်းပြောကြားခဲ့ပေသည်။ ဗိုလ်ချုပ်အောင်ဆန်းကွယ်လွန်သွားပြီးနောက် သခင်နုက နာယကအဖြစ် ဆောင်ရွက်ခဲ့ပေသည်။ ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းထားခဲ့သည့် မြန်မာ့အားကစားစိတ်ဓာတ်သည် ရိုက်ခတ်လှုပ်ရှား ထင်ရှားလာခဲ့ရပေသည်။

၁၉၄၈ ခုနှစ်တွင် လန်ဒန်အိုလံပစ်ပွဲတော်သို့ ဝင်ရောက်နိုင်ရန်အတွက် ဗမာပြည်အိုလံပစ်အသင်းအား နိုင်ငံတော်အစိုးရက ငွေကျပ် တစ်သိန်းပေးအပ်ထောက်ပံ့ခဲ့သည်။ အသင်းအမှုဆောင်များကလည်း နောက်ထပ်ငွေကျပ်တစ်သိန်းကို ပြည်သူများထံမှ ကောက်ခံရှာဖွေပေးခဲ့သည်။

> **"ယခုအခါ မြန်မာသည် အာရှတွင် ဂုဏ်ယူရမည့်ပွဲ (သို့မဟုတ်) ဆီးဂိမ်းကို အောင်အောင်မြင်မြင်ဆင်နွှဲနိုင်ခဲ့သည့်အပြင် နောက်ဆက်တွဲ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများကို ထူးထူးခြားခြား ထင်ထင်ရှားရှား ကျင်းပပေးနိုင်ပြီဖြစ်"**

သို့ဖြင့် ဗမာပြည်အိုလံပစ်အသင်းက ကြီးမှူး၍ လန်ဒန်အိုလံပစ်ပွဲတော်အတွက် လူရွေးသည့်အနေဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ပထမအကြိမ်မြန်မာ့အိုလံပစ်ပွဲတော်ကို ကျင်းပနိုင်ခဲ့ပေသည်။ ထိုမှတစ်ဆင့် မြန်မာပြည်အနှံ့ ခရိုင်အသီးသီးတွင် အသင်းခွဲများ တည်ထောင်နိုင်ခဲ့သည်။

ဦးဇော်ဝိတ်သည် ဗမာပြည်အိုလံပစ်အသင်း၏ ကိုယ်စား မြန်မာပြည်အနှံ့လှည့်လည်ကာ အားကစားစိတ်ဓာတ်တိုးတက်လာစေရေးအတွက် ဆောင်ရွက်ခဲ့သည်။ သို့သော် နိုင်ငံအတွင်း မငြိမ်သက်မှုများကြောင့် ဗမာပြည်အိုလံပစ်အသင်းအနေဖြင့် အားကစားလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။ တိုင်းပြည်တည်ငြိမ်အေးချမ်းလာသောအခါမှသာ အားကစားလုပ်ငန်းများတွင် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မည်။ ကော်မတီတစ်ရပ်ဖွဲ့စည်းနိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြသည်။

ဤသို့ဖြင့် နှစ်အနည်းငယ်အတွင်းတွင် "အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ"ဟူ၍ ပေါ်ပေါက်လာရခြင်းဖြစ်ပေသည်။

မြန်မာပြည်ကာယဗလအဖွဲ့

မြန်မာပြည်ကာယဗလအဖွဲ့ကို ၁၉၂၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့ကို အင်္ဂလိပ်ဘာသာဖြင့် [Burma (Myanmar) Physical Culture League] ဟူ၍ ခေါ်ဆိုကြသည်။ စတင်ဖွဲ့စည်းတည်ထောင်သူမှာ ကာယဗလဦးရှိန် ဖြစ်ပေသည်။ မြန်မာပြည်ကာယဗလအဖွဲ့ဖွဲ့စည်းတည်ထောင်ရခြင်း၏ရည်ရွယ်ချက်မှာ တစ်မျိုးသားလုံး ကျန်းမာသန်စွမ်းရေးဖြစ်ပြီး အဖွဲ့၏ဆောင်ပုဒ်မှာ (အာရောဂျံပရမံလာဘံ) ဟူ၍ ဖြစ်ပေသည်။

၁၉၃၀ ပြည့်နှစ်တွင် မြန်မာပြည်ကာယဗလအဖွဲ့မှ ကြီးမှူးကာ အလေးမပွဲကိုကျင်းပခဲ့ပေသည်။

ကာယဗလဦးရှိန်သည် ၁၉၁၁ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင်စတင်၍ အလေးမခဲ့သည်။ ထိုစဉ်က မြန်မာလူမျိုးများထဲမှ အလေးမသူမရှိသေး၍ စာအုပ်များကိုဖတ်ပြီး လေ့ကျင့်ခဲ့ရသည်။ ထိုကုမ္ပဏီမှ ရှစ်ပေါင်ရှိသော အလေးပြားကိုဝယ်၍ ပုံသွင်းပြီး အလေးမခဲ့သည်။ အလေးကိုမရခြင်း၏ရည်ရွယ်ချက်မှာ တိုင်းပြည်နိုးကြားမှုနှင့် မြန်မာတို့၏ သတ္တိဖော်ထုတ်ပြလိုသောကြောင့် ဖြစ်ပေသည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီက မြန်မာကို ကမ္ဘာက မသိသေးပေ။ ထိုအချိန်တွင် မြန်မာလူမျိုးကို ကမ္ဘာကသိရှိစေရန် ကာယဗလဦးရှိန်သည် အလေးမ အားကစားခြင်းဖြင့် သိရှိအောင်ဆောင်ရွက်ခဲ့သည်။ ထိုအချိန်က ဦးဇော်ဝိတ်သည် (၁၇) နှစ်သာရှိပြီး ဦးရှိန်ထံရောက်လာကာ တပည့်ခံကာ အလေးမခဲ့သည်။

၁၉၃၅ ခုနှစ်တွင် ဦးရှိန်နှင့်ဦးဇော်ဝိတ်တို့ ဆရာတပည့်နှစ်ယောက် အိန္ဒိယသို့သွားကာ အလေးမပြိုင်ပွဲဝင်ခဲ့ပြီး အရွေးခံခဲ့ရသဖြင့် ဂျာမနီနိုင်ငံ ဘာလင်မြို့ အိုလံပစ်ပွဲတော်သို့သွား၍ အလေးမပြိုင်ပွဲဝင်ခဲ့သည်။ ထိုစဉ်က အိန္ဒိယနိုင်ငံ၏ ကိုယ်စားသွားခဲ့ရသဖြင့် မြန်မာလူမျိုးဟူ၍မသိကြ။ အိန္ဒိယလူမျိုးဟူ၍ သတ်မှတ်ခဲ့ကြသည်။

အိုလံပစ်ပွဲတော်အပြီးတွင်မှ မြန်မာလူမျိုးတို့၏ ဇွဲသတ္တိကိုလည်း ကမ္ဘာကသိရှိသွားကြသည်။ ပြည်တွင်းပြည်ပအတွက် လုပ်ဆောင်နိုင်စရာ တာဝန်ရှိနေကြောင်း အမှတ်တရသိရှိသွားခဲ့ကြသည်။

၁၉၃၅ ခုနှစ်တွင် အိန္ဒိယပြည်၌လည်းကောင်း၊ ကာယဗလဦးရှိန်နှင့် ဦးဇော်ဝိတ်တို့ သွားရောက်ယှဉ်ပြိုင်ခြင်းဖြင့် ကာယဗလလောက၌ မြန်မာကို ကမ္ဘာကပင်သိရှိခဲ့ကြပေသည်။

စစ်ပြီးခေတ် ၁၉၅၁ ခုနှစ်၌ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ပထမ အာရှဗိုလ်လုပွဲကျင်းပ၍ တတိယဆု သုံးဆုကိုရရှိခဲ့သည်။ ဒုတိယအကြိမ် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ တပ်ကြပ်ကြီး ထွန်းမောင်နှင့် မောင်မောင်လွင်တို့အား ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေတံဆိပ် နှစ်ခုရရှိခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ဖင်လန်နိုင်ငံ၌ ကျင်းပသော ကမ္ဘာ့ချန်ပီယံရွေးပွဲတွင် တပ်ကြပ်ကြီးထွန်းမောင်သည် တတိယဆုရရှိခဲ့ပြန်သည်။ ၁၉၅၅ ခုနှစ် ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ (၁၃၈)တန်းတွင် တပ်ကြပ်ကြီးထွန်းမောင်သည် တတိယဆု ရရှိခဲ့ပြန်သည်။

၁၉၅၆ ခုနှစ် သြစတြေးလျနိုင်ငံ မဲဘုန်းမြို့တွင် ကျင်းပသော အိုလံပစ်ပွဲတော်တွင်လည်းကောင်း၊ ၁၉၆၀ ခုနှစ် ဂျပန်နိုင်ငံတွင်ကျင်းပသော အိုလံပစ်ပွဲများတွင်လည်းကောင်း နည်းပြအဖြစ်ဆောင်ရွက်ခဲ့သည်။

ကာယဗလဦးရှိန်သည် အသက်(၂၀)အရွယ်မှစ၍ စာအလွန်ဖတ်ခဲ့ကာ ငယ်စဉ်ကဗိုလ်တထောင်(၆၁)လမ်းမှ ဘားနပ်ပိဋကတ်တိုက်သို့ နေ့စဉ် နံနက်တိုင်းခြေကျင်သွား၍ စာဖတ်သည်။ အင်္ဂလိပ်သတင်းစာကို အမေရိကန်မှ တိုက်ရိုက်မှာ၍ကြည့်သည်။ ညီဖြစ်သူဦးစိန်(ဦးပဂိုဒ)ကို အိန္ဒိယသို့ခေါ်သွားကာ သတင်းစာလုပ်ငန်းများကို လေ့လာစေပြီး တိုးတက်ရေးသတင်းစာထုတ်ဝေခဲ့သည်။ သူသည် တိုးတက်ရေးသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို ကိုယ်တိုင်ထုတ်ဝေခဲ့ပြီး "စာနယ်ဇင်း" ဝေါဟာရကိုပင်စ၍ တီထွင်ခဲ့ပေသည်။

ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းခဲ့သော မြန်မာ့အားကစားစိတ်ဓာတ်ကို ရိုက်ခတ်လှုပ်ရှားထင်ရှားစေခဲ့သူနှစ်ဦးမှာ ကာယဗလဦးရှိန်နှင့် တိုးတက်ရေးဦးစိန်(ဦးပဂိုဒ) ညီအစ်ကိုနှစ်ဦး၏ ထူးခြားကြိုးစားစီမံဆောင်ရွက်မှုကို အသိအမှတ်ပြုမော်ကွန်းတင်ရမည် ဖြစ်ပေသည်။

ယခုအခါ မြန်မာသည် အာရှတွင် ဂုဏ်ယူရမည့်ပွဲ (သို့မဟုတ်)ဆီးဂိမ်းကို အောင်အောင်မြင်မြင် ဆင်နွှဲနိုင်ခဲ့သည့်အပြင် နောက်ဆက်တွဲ(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများကို ထူးထူးခြားခြားထင်ထင်ရှားရှားကျင်းပပေးနိုင်ပြီဖြစ်ပေရာ ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းထားခဲ့သော မြန်မာ့အားကစားစိတ်ဓာတ်သည် ကမ္ဘာတည်စေမည်ဟု ဂုဏ်ပြုမော်ကွန်းတင်လိုက်ရပေသည်။ ။

ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသရုပ်ပြပွဲ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးညဏ်ဝင်းသည် ဇန်နဝါရီ ၂၄ ရက် နံနက်က သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် မကျည်းကွင်းကျေးရွာအုပ်စု၌ စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား တွေ့ဆုံသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် လိပ်ဥကုန်းကွင်း၊ ချောင်းသုံးခွကျေးရွာအုပ်စု၌ စက်မှုလယ်ယာစနစ် လယ်ယာမြေဧက ၁၀၀ ဖော်ထုတ်မည့်နေရာနှင့် စိမ်းရောင်စပ်မျိုးစပါးစံပြစိုက်ကွက်နှင့် ပုလဲသွယ်စပ်မျိုးစပါး စံပြစိုက်ကွက်တို့တွင် ပျိုးထောင်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နယ်မြေလုံခြုံရေးအရ ရှောင်တိမ်းလာသူများကို ကျန်းမာရေး စောင့်ရှောက်မှုစီမံချက် ရှင်းပြ

မြစ်ကြီးနား ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ ကျန်းမာရေးမှူး အသင်းနှင့် UNICEF အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် နယ်မြေလုံခြုံရေးအရ ခေတ္တရှောင်တိမ်းလာသော မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရမြှင့်တင်ရေးလုပ်ငန်းစီမံချက် မြို့နယ်အဆင့် ရှင်းလင်းပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာန မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **ခရိုင်ပြန်/ဆက်**

ပင်လုံမြို့ကျက်သရေဆောင် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်၏ ရေကန်တော်သန့်ရှင်းသာယာရေး လုပ်ငန်းများကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက အဆိုပါရေကန်တော်၌ ကျင်းပပြီး ရေကန်တော်အတွင်းရှိ ငါးများကိုဆယ်ယူ၍ လွိုင်လင် ရေကန် (မြကန်သာ)သို့ လွှတ်ပေးခြင်းကို လွိုင်လင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်နှင့် မြို့နယ်ရဲမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနများမှ တာဝန်ရှိသူများကြီးကြပ်၍ ဆောင်ရွက်ခဲ့ကြစဉ်။

သတင်းနှင့်ဓာတ်ပုံ- မိုးလွင်ဦး (လွိုင်လင်)

ပြည်ပစားအုံးဆီများ လိုသည်ထက် ပို၍တင်သွင်း ပြည်တွင်းပဲစိုက်တောင်သူများ အရှုံးပေါ်လျက်ရှိ

မန္တလေး ဇန်နဝါရီ ၂၇

ပြည်ပမှ စားအုံးဆီများလိုအပ်သည်ထက်တင်သွင်းနေခြင်းကြောင့် ပြည်တွင်းမြေပဲစိုက်တောင်သူများ အရှုံးပေါ်လျက်ရှိကြောင်းမန္တလေးတိုင်းဒေသကြီး ဆီလုပ်ငန်းရှင်များနှင့် ဆီကုန်သည်များအသင်းမှတာဝန်ရှိသူတစ်ဦး ကပြောသည်။

တရုတ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ စားအုံးဆီများ ပြည်တွင်းစားသုံးမှုထက် ပိုမိုတင်သွင်းလာသည့်အပြင် ဈေးနှုန်းမှာလည်း ပြည်တွင်းထွက်ပဲဆီဈေးနှုန်းနှင့် ထက်ဝက်ခန့်ကွာမှုကြောင့်တောင်သူများ အရှုံးပေါ်ခြင်းဖြစ်ကြောင်းအဆိုပါအသင်းမှ ဥက္ကဋ္ဌ ဦးကိုကြီးကပြောသည်။

“ဈေးကွက်မှာပြည်တွင်းထွက်ဆီတွေ ရောင်းအားကျဆင်းလာတဲ့အတွက် တောင်သူတွေအရှုံးပေါ်ပြီး မြေပဲစိုက်နှုန်း လျော့ကျလာပါတယ်။ ဈေးနှုန်းကလည်း တစ်ဝက်လောက်ကွာနေတဲ့အတွက် စားသုံးသူတွေက ဈေးသက်သာတဲ့ ပြည်ပစားအုံးဆီတွေကိုပဲ ဝယ်ယူမှုရှိကြတယ်”ဟု ၎င်းကပြောသည်။

ထို့ကြောင့် ပြည်ပမှတင်သွင်းလာသည့်ဆီများ အားအကန့်အသတ်ဖြင့်သာတင်သွင်းခွင့်ပြုလိုက်မည်ဆိုပါက တောင်သူများလည်း အဆင်ပြေစေနိုင်ပြီး ပြည်တွင်းစားသုံးသူများလည်း သင့်တင့်သည့်ဈေးနှုန်းဖြင့် ပြည်တွင်းစားသုံးဆီများအား ဝယ်ယူနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

“အကန့်အသတ်နဲ့တင်သွင်းခွင့်ပြုလိုက်မယ်ဆိုရင် ပြည်တွင်းစားသုံးဆီဈေးကွက်ရှိလာပြီးတော့ တောင်သူတွေကို စိုက်ပျိုးနိုင်ဖို့ တွန်းအားပေးရာလဲရောက်ပါတယ်။ လက်ရှိမြေပဲဆီဈေးနှုန်းအနေနဲ့က တော့တစ်ပိဿာငွေကျပ်၂၈၀၀ မှ ၃၅၀၀ ကြားရှိနေပါတယ်” ဟု ၎င်းကပြောသည်။

ထိုကဲ့သို့ ကန့်သတ်လိုက်မည်ဆိုပါက နောက်ဆက်တွဲအကျိုးဆက်အဖြစ်မြေပဲများ အထွက်နှုန်းအားကောင်းလာပြီး တိရစ္ဆာန်အစာဖြစ်သည့် မြေပဲကုန်ကြမ်းများလည်း ဈေးပေါလာကာ သား၊ ငါးဈေးနှုန်းများလည်း ကျဆင်းလာမည်ဖြစ်ကြောင်း ၎င်းက အကြံပြုပြောသည်။

လက်ရှိအချိန်တွင် ယခုနှစ်အတွက် မြေပဲလုံးဆန်များဝယ်ယူမှုကို တရုတ်နိုင်ငံမှ ရပ်ဆိုင်းလိုက်ခြင်းကြောင့် မြေပဲဈေးနှုန်းကျဆင်းသွားခဲ့သော်လည်း နှမ်းဝယ်ယူမှု ရှိနေသည့်အတွက် နှမ်းဆီများဈေးမြင့်တက်လျက်ရှိကြောင်း ၎င်းကပြောသည်။

“မနှစ်ကတရုတ်က မြေပဲလုံးဆန်တင်ပို့မှု ခွင့်ပြုထားခဲ့တယ်။ ဒါပေမယ့် ဒီနှစ်ဝယ်ယူမှုမရှိတော့တဲ့အတွက် တစ်ပိဿာငွေကျပ်၂၅၀၀ ကနေ ငွေကျပ် ၁၆၀၀ လောက်အထိ ကျသွားတယ်။ နှမ်းကတော့ ဝယ်ယူနေဆဲဖြစ်တဲ့အတွက် တစ်ပိဿာငွေကျပ် ၄၈၀၀ ကနေ ငွေကျပ် ၅၀၀၀ ကြားအထိ ဈေးမြင့်တက်နေပါတယ်” ဟု ၎င်းကပြောသည်။

နှစ်စဉ် အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပြည်တွင်းသို့ စားအုန်းဆီတင်သွင်းမှုအနေဖြင့် တန်ချိန် ၃၀၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။ **အောင်ရဲသွင်**

မြေလတ် သတင်းတိုများ

မိုးညှင်းမြို့နယ် အခြေခံပညာမူလတန်းအဆင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ကချင်ပြည်နယ်၊ မိုးညင်းမြို့နယ်၊ တဲကြီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းရှေ့အားကစားကွင်း မဏ္ဍပ်၌ ကျင်းပခဲ့သည်။ အ-မ-ကကျောင်းအုပ်ကြီး ဦးသိန်းလွင်က ၂၀၁၃-၂၀၁၄ ခု ပညာသင်နှစ် ကျောင်းသား၊ သူများ ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်မှုများကိုလည်းကောင်း၊ တဲကြီးကုန်း အ-မ-က ကျောင်းမိဘဆရာအသင်း ဒုဥက္ကဋ္ဌ ဒေါ်တင်မြိုင်က အ-မ-က ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ၂၀၁၁-၂၀၁၂ ခု ပညာသင်နှစ်နှင့် ၂၀၁၂-၂၀၁၃ ခု ပညာသင်နှစ်များတွင် ထူးချွန်ဆုရ သူများကို မြို့နယ်ပညာရေး လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **ခရိုင်ပြန်/ဆက်**

နတ်မောက်မြို့နယ်တွင် ပံ့ပိုးချေးငွေများပေးအပ်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်သည် ချေးငွေဒုတိယအများဆုံးရရှိသည့် မြို့နယ်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ခန်းမ၌ ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီကကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြှင့်တင်ရေး ပံ့ပိုးချေးငွေပေးအပ်ပွဲအခမ်းအနားမှ သိရသည်။ ယင်းအခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ တိုင်းသမဝါယမဦးစီးအရာရှိ ဒေါ်ဆယ်တင်၊ ဌာနဆိုင်ရာများ၊ အသင်းစုဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အခြေခံသမဝါယမအသင်း အမှုဆောင်များနှင့် အသင်းသားများ တက်ရောက်ကြ သည်။ အဆိုပါ အခမ်းအနား၌ အသင်းဟောင်း ၃၀ နှင့် အသင်းသစ် ၄၅ သင်းအတွက် စုစုပေါင်းထုတ်ချေးငွေကျပ် ၃၈၆၈. ၈၅ သိန်းကို ပေးအပ်ခဲ့ပြီး တောင်သူအသင်းသားတစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်း၊ အတိုး တစ်ကျပ်ပြားငါးဆယ်ဖြင့် သက်သာသော အတိုးနှုန်းဖြင့် ချေးငွေထုတ်ပေးခဲ့ကြောင်း သိရသည်။

ဥမ္မာခင် (ပြန်/ဆက်)

မိုးညှင်းမြို့နယ် ပညာရေးစုံညီပွဲတော် ကျင်းပ

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် ဘီလူး (မြို့ဟောင်း) ကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းရှေ့အားကစားကွင်းမဏ္ဍပ်၌ ကျင်းပသည်။ အခမ်းအနားတွင် မိုးညှင်းခရိုင်ပညာရေးမှူး ဦးလာရွှယ်က ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် နိုင်ငံတော်အစိုးရ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်မှုလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကျောင်းအုပ်ကြီး ဦးရန်မျိုးအောင်က ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ ကျောင်းသား၊ သူများ ပညာရည်တိုးတက်ရေးအတွက် ဆရာ၊ ဆရာမများက ကျောင်းတွင်း ပညာရေးလုပ်ငန်း ကြိုးပမ်းမှုများကိုလည်းကောင်း ရှင်းလင်းခဲ့သည်။ **ရိုင်ပြန်/ဆက်**

[illegible]

[illegible]

Sport Shirt, T-Shirt Wholesales
Open Now GM999
Tel : (+951)-544576 , 09-420085858

လူငယ်ဖွံ့ဖြိုးရေးဆောင်းပါး

‘ကင်းထောက်ဆိုသည်မှာ’

ခင်ဇော်(အိုင်ဘီစီ)

၁၃-၁-၂၀၁၄ နေ့တွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်သော မြန်မာနိုင်ငံကင်းထောက်ဗဟိုကော်မတီဖွဲ့စည်းရေးညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာ၌ “ကင်းထောက်ဆိုသည်မှာ စာသင်ခန်းထဲတွင် အတန်းစာထူးချွန်သည်ဖြစ်စေ၊ မထူးချွန်သည်ဖြစ်စေ လူတိုင်းပါဝင်၍ ရသည့် အဖွဲ့အစည်းတစ်မျိုးဖြစ်ကြောင်း၊ အားလုံးပါဝင်နိုင်ကြောင်း၊ လူတိုင်း၊ အဆင့်တိုင်း ပါဝင်နိုင်သည့် အခွင့်အလမ်းရှိနေသည့်အတွက် ပိုပြီးကျယ်ပြန့်သည်ဟု ယူဆမိပါကြောင်း” ထည့်သွင်းပြောကြားသွားပါသည်။

ဒုတိယသမ္မတက “ကင်းထောက်သို့မဟုတ် Scout ဆိုသည်မှာ ဘာလဲဟူသည့်အဓိပ္ပာယ်ကို ပြန်ရှာကြည့်ပါက လူငယ်များကို လက်တွေ့ကျသည့် ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်သင်ကြားပေးခြင်း၊ စခန်းထွက်လေ့ကျင့်ပေးခြင်းဟု ဖော်ပြထားသည်ကို တွေ့ရကြောင်း၊ ကင်းထောက်အဖွဲ့တွင် ပါဝင်လှုပ်ရှားခြင်းအားဖြင့် မိမိအတွက် တစ်ကိုယ်ရေကျွမ်းကျင်တတ်မြောက်မှုရရှိနိုင်သည့်အပြင် အများနှင့် စုပေါင်းလုပ်ဆောင်ခွင့်ရသည့်အတွက် အများနှင့်လည်း သဟဇာတပိုဖြစ်စေကြောင်း၊ ကိုယ့်ဒေသ၊ ကိုယ့်ကျောင်းတွင် နှစ်လုံးပေါက် လှုပ်ရှားမှုပြုလုပ် နိုင်ကြမည်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ကို ပီပီပြင်ပြင်ဖွဲ့စည်းဆောင်ရွက် နိုင်အောင် သက်ဆိုင်သူအားလုံးကို ဖိတ်ခေါ်ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ကင်းထောက်လုပ်ငန်းသည် လူမှုဝန် ထမ်းကိစ္စအတွက် ဖြစ်သည်ဟူသည့် အချက်ကို သတိပြုရန်လိုကြောင်း၊ ကင်းထောက်ဆိုသည်မှာ သူတစ်ပါးကို စောင့်ကြည့်ရန်၊ သူတစ်ပါးထက် သာစေရန်နှင့် သူတစ်ပါးကို ကူညီတတ်သူ၊ အစဉ်အမြဲအသင့်အနေအထားဖြစ်နေသူ၊ စိတ်ပါလက်ပါ လုပ်ကိုင်တတ်သူ၊ အများအတွက် အသုံးဝင်သူစသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်စေရန် လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း” အကျယ်တဝင့် လမ်းညွှန်မိန့်ကြားသွားသည်ကို တွေ့ရပါသည်။

ကိုယ်တိုင် လူရည်ချွန်တစ်ဦးဖြစ်ခဲ့သော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် လူရည်ချွန်၏ သဘာဝနှင့် ကင်းထောက်သဘာဝ အနည်းငယ်ကွာခြားပုံကို မီးမောင်းထိုးပြခဲ့ပါသည်။ လူရည်ချွန်များမှာ ကျောင်းတွင်အထူးချွန်ဆုံးဟု သတ်မှတ်

> **ကိုယ့်ကိုယ်ကိုယ် အားကိုး ယုံကြည်စိတ်ရှိအောင် မွေးမြူရန် . . .**

ခံရသူကို ရွေးထုတ်ကာ ချီးမြှင့်သည့် အစီအစဉ်ဖြစ်သည့်အတွက် အရေအတွက် ကန့်သတ်ချက်ရှိကြောင်း၊ သတ်မှတ်အပန်းဖြေစခန်းမှ ပြန်ရောက်လာလျှင် လှုပ်ရှားမှုနည်းသွားတတ်ပုံနှင့် ကင်းထောက်သည် အတန်းစာ ထူးချွန်သည်ဖြစ်စေ၊ မထူးချွန်သည်ဖြစ်စေ အားလုံးပါဝင်နိုင်သည့် အခွင့်အလမ်းရှိပုံ၊ ကိုယ့်ဒေသ၊ ကိုယ့်ကျောင်းတွင် နှစ်လုံးပေါက် လှုပ်ရှားမှုပြုနိုင်ပုံ၊ အများစုနှင့် စုပေါင်း လုပ်ဆောင်ခွင့်ရသည့်အတွက် အများနှင့် သဟဇာတ ပိုဖြစ်စေနိုင်ပုံတို့ကို ဖော်ညွှန်းမိန့်ကြားသွားသည်ကို တွေ့ရပါသည်။

ဒုတိယသမ္မတအနေနှင့် ကင်းထောက်လုပ်ငန်းအကြောင်းကို ယခုပြောသည်ထက် ပိုသိ၍ ပိုပြောချင်မည်ဖြစ်သော်လည်း အခမ်းအနား အချိန် ကန့်သတ်ချက်အရ ဤမျှသာ မကျဉ်းမကျယ် ပြောခဲ့ခြင်းဖြစ်မည်ဟု ယူဆပါ သည်။ ဒုတိယသမ္မတက ဆက်၍ လမ်းညွှန်ပြောဆိုလိုမည်ဟု ထင်သော အချက်အချို့ကို စိတ်ကူးခန့်မှန်း၍ ဖြည့်စွက်တင်ပြကြည့်ပါမည်။ သဘော တူမျှ လိမ့်မည်ဟု ယုံကြည်ပါသည်။

ကင်းထောက်လုပ်ငန်း၏ရည်ရွယ်ချက်မှာ လူငယ်များကို တာဝန်သိသော နိုင်ငံသားဖြစ်စေရန်၊ အကျင့်စာရိတ္တကောင်းမွန် ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းခန်းတွင်းနှင့် ကျောင်းပြင်ပ ဖွံ့ဖြိုးမှုလုပ်ငန်းများ ပညာပေးအစီအစဉ်များ၊ အရွယ်ရောက်လာသည့်အခါ အလုပ်အကိုင်အခြေပြု ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူထုအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်လုပ်ဆောင်ရင်း ကိုယ့်ကိုယ်ကို အားကိုးယုံကြည်စိတ်ရှိအောင် လေ့ကျင့်မွေးမြူရန် ဖြစ်ပါသည်။ ငယ်ရွယ်သော ကင်းထောက်များအတွက်ဆိုလျှင် ကင်းထောက်နည်းစနစ်သည် ယုံကြည်စိတ်ချရခြင်း၊ နိုင်ငံသားကောင်းပီသခြင်းနှင့် အခန်းပြင်ပကျွမ်းကျင်မှုများ အပါအဝင်ဖြစ်သော ကင်းထောက်တန်ဖိုးများကို မြှင့်တင်သည့်နည်းလမ်းဖြစ်ပြီး တောစခန်းထွက်ခြင်း၊ ရေကူးခြင်း၊ လှေလှော်ခြင်း၊ ခရီးကြမ်းထွက်ခြင်းစသည့် လှုပ်ရှားမှုများဖြင့် လေ့ကျင့်မွေးမြူသည့်စနစ် ဖြစ် ပါသည်။

အသက်အရွယ်လိုက်၍ကင်းထောက်လူငယ်များ၏ အဆင့်ကို သတ်မှတ်လေ့ရှိပါသည်။ အသက် ငါးနှစ်မှ ၁၁ နှစ်အထိ ကင်းထောက်ငယ်များကို ကျားငယ်၊ ဝံပုလွေငယ်ဟု ခေါ်ဝေါ်လေ့ရှိပါသည်။ မြန်မာနိုင်ငံတွင် ဝံပုလွေငယ် (Wolf Cub)ဟု ခေါ်ခဲ့ပါ သည်။

စာမျက်နှာ ၂၀ သို့

ရှမ်းပြည်နယ်၊ ပင်လုံပြည်ထောင်စုကျောက်တိုင် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၇ ရက်တွင် အပြီးဆောက်လုပ်မည်ဖြစ်ရာ အဆိုပါ ပင်လုံ ကျောက်တိုင်ရှိရာ ပန်းခြံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇန်နဝါရီလ ၂၅ ရက်တွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းထွန်းနှင့်အတူ လွိုင်လင် တပ်နယ်မှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် လုပ်ငန်းပြီးစီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

သတင်းနှင့်ဓာတ်ပုံ- မိုးလွင်ဦး (လွိုင်လင်)

သတင်းတိုများ

ပုသိမ်ခရိုင်ကော်မရှင်လုပ်ငန်းညှိနှိုင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၏ ခရိုင်ကော်မရှင်လုပ်ငန်းညှိနှိုင်းမှုကို ယခုလအတွင်း ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပခဲ့ရာ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူးက မြို့နယ်ကော်မရှင်ရုံးများ မြေနေရာ ရရှိရေးနှင့် လုပ်ငန်းများဆောင်ရွက်မှုတွင် အဆင်ပြေစေရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ခရိုင်ပြန်/ဆက်

ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းဆင်းပွဲကျင်းပ

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ မြို့လှမြို့နယ်ခွဲ ကိုယ့်အားကိုယ်ကိုး မူကြို ကျောင်း၏ ၂၀၁၃-၂၀၁၄ ခု ပညာသင်နှစ် ကျောင်းဆင်းပွဲ အခမ်းအနားကို ယခုလအတွင်း ကျင်းပခဲ့ရာ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ပြီး မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးအေးလှိုင်က မူကြိုကျောင်းသားကျောင်းသူ ၂၆ ဦးတို့အား ကျောင်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

ဝါဝါ (ဗန်းမော်)

လယ်သမားများအား ချေးငွေများထုတ်ချေး

ဝါးခယ်မမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ဝါးခယ်မမြို့နယ်အတွင်း ကျေးရွာများရှိ တောင်သူ လယ်သမားများအား စပါးနှင့် ပဲစိုက်ဧကများအတွက် ချေးငွေများ ထုတ်ချေးခဲ့ရာ တောင်သူဦးရေ တစ်သောင်းကျော်၏ စပါးနှင့်ပဲ စိုက်ဧကရှစ်သောင်းကျော်အတွက် ချေးငွေ ၇၉၄၀၅. ၂ သိန်း ထုတ်ချေးပေးခဲ့သည်။ **ဒေါ်ခင်ရူပါအေး(မြောင်းမြ)**











ပုလောမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန်၊ ဇန်နဝါရီ ၂၇

အမှုဆောင်အဖွဲ့၏ သက်တမ်းကို တစ်နှစ်အစား သုံးနှစ်ပြင်ဆင် သတ်မှတ်ပြီး အသင်းသားများထံပေးပို့သည့် အကြံပေးစာများအား လက်ခံဖြေကြားခြင်းများကို ဇန်နဝါရီ ၂၅ ရက်က ရန်ကုန်အနောက်ပိုင်း ခရိုင်၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်း၊ ဗိုလ်ချုပ်ကြေးရုပ်အနီး သဘာဝကန်တော်ကြီး ဥယျာဉ် (Royal Graden Restaurant) ၌ ကျင်းပခဲ့သည့် ပုလောမြို့နယ် အသင်း(ရန်ကုန်) သင်းလုံးကျွတ် နှစ်ပတ်လည်အစည်း အဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြုလုပ်ခဲ့သည်။

သုခမ္မမဏိဇောတရေ သီရိ သုခမ္မမဏိဇောတရေ ဦးမောင်လှနှင့် အမှုဆောင်များ၊ ပုလောအသင်းသူ အသင်းသားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ ပုလောမြို့ နယ်အသင်း(ရန်ကုန်) အသင်းသူ အသင်းသားများမှ သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ကြပြီး နံနက် ၉ နာရီတွင် အခမ်းအနားကို စတင်ကာ သဘာပတိအဖွဲ့ဝင် အကြံပေး နာယကဦးလေးမောင်က အမှာစကား ပြောကြားသည်။ ထို့နောက် ပုလော မြို့ နယ်အသင်း အဝေးရောက် (ပုလော) ဥက္ကဌ ပုလောမဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှစိုးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

၂၀၁၃ ခုနှစ် အမှုဆောင် အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းအား အတည်ပြုချက်ရယူ၍ နာယက အမှုဆောင်များအား ဂုဏ်ပြုလွှာချီးမြှင့် ခြင်း၊ ပညာတံခွန်ဆုနှင့် ပညာရည်ချွန် ဆုများချီးမြှင့်ခြင်းများ ကျင်းပခဲ့သည်။ အခမ်းအနားသို့ တက်ရောက်သူများကို ကံစမ်းမဲအစီအစဉ်ပြုလုပ်ပေးခဲ့သည်။ **ကိုတင်မောင်ဦး(အလုံ)**

ကံမမြစ်ကမ်းပါးမြေပြိုခြင်း ဆက်မဖြစ်ပွားရန် ဆောင်ရွက်

ကံမ၊ ဇန်နဝါရီ ၂၇

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့ မြစ်ကမ်းတစ်လျှောက် ဧရာဝတီ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးမြေပြိုခြင်းများ ရေနည်းကာလတွင် ဆက်တိုက်ဖြစ်ပွားခဲ့ရာ နေအိမ်ရှစ်လုံး ရွှေ့ပြောင်းခဲ့ရသည်။

ထပ်မံ၍ မဖြစ်ပွားစေရန်အတွက် တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် မြို့နယ်မှ တာဝန်ရှိသူများ ပူးပေါင်း၍ ကမ်းပါးပြိုသည့် နေရာများတွင် ရေလှိုင်းရိုက်ခတ်မှုသက်သာစေရန် သဲအိတ်များ ချည်နှောင်ထားသည့် ဝါးပင်များစိုက်ထူခြင်း၊ အထက်ဘက် ၁ မိုင်ခန့် အကွာတွင် မြစ်ကမ်းပါးသို့ ရေဦးထိုးခြင်းမှ သက်သာစေရန် မျောတိုင်၊ ဝါးကပ်များဖြင့်ပြုလုပ်ထားသည့် ရေလွှဲရေကာပေ ၅၀၀ အရှည် စီတန်းစိုက်ထူ၍ ရေစီးကြောင်းပြောင်းပေးခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည်။ **ကျော်ဇေယျဝင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့်အဖွဲ့သည် ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် မြို့နယ် အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေး ဦးစီး၍ ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ၆၇ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မြို့နယ်အားကစားကွင်း၌ ကျင်းပရာ တက်ရောက်အားပေး ဖွင့်လှစ်ပေးခဲ့ပြီး ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာ ကိုးရပ်ကွက်မှ ပြိုင်ပွဲဝင်အသင်းပေါင်း ၃၁ သင်းတို့က ကွင်းအတွင်း နေရာယူကြပြီးနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက အမှာစကားပြောကြားစဉ်။ သတင်း- ဒေါ်ခင်ဝင်းကြည်၊ ဓာတ်ပုံ- သန်းငွေ (ဒလ)

ကျန်းမာရေးကဏ္ဍများနှင့် လျှပ်စစ်ကဏ္ဍများအတွက် ကမ္ဘာ့ဘဏ်မှ ဒေါ်လာသန်း ၂၀၀၀ အသုံးပြုမည်

ရန်ကုန်၊ ဇန်နဝါရီလ ၂၇

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍများ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးများနှင့် နိုင်ငံအတွင်းရှိ လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ရရှိစေရေးတို့အတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း နှစ်ထောင်အသုံးပြုဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဂျင်ယုံကင်းမ်က ဇန်နဝါရီ ၂၆ ရက် က ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ရှိ ဆေးရုံသို့လာရောက်လည်ပတ်စဉ် ပြောသည်။

"လက်ရှိ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း စဉ်တွေရဲ့ အသီးအပွင့်တွေဆင်းရဲနွမ်း ပါးတဲ့ပြည်သူတွေဆီကို မြန်မြန်ဆန်ဆန် ရောက်နိုင်ဖို့အတွက် ကျွန်တော်တို့အနေနဲ့ ကူညီမှုတွေကို တိုးမြှင့် ဆောင်ရွက်သွားဖို့ ရည်ရွယ်ထားပါတယ်။ ဒေါ်လာသန်း တစ်ထောင်ပမာဏနဲ့ ဆောင်ရွက်သွားမယ့် နှစ်ရှည် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ထဲမှာ မြန်မာနိုင်ငံအစိုးရရဲ့ စီမံကိန်းတွေဖြစ်တဲ့ ဆင်းရဲချမ်းသာမရွေး လူတိုင်း လက်လှမ်းမီနိုင်မယ့် ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို အကောင်အထည်ဖော်နိုင်ဖို့နဲ့ ၂၀၃၀ ပြည့်နှစ်မတိုင်ခင်မှာ လူတိုင်းအတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိနိုင်ဖို့ဆိုတဲ့ လုပ်ငန်းတွေလည်း ပါဝင်မှာဖြစ်ပါတယ်"ဟု ကမ္ဘာ့ဘဏ်အုပ်စု ဥက္ကဋ္ဌ ဂျင်ယုံကင်းမ်က ပြောသည်။

ဇန်နဝါရီ ၂၆ ရက်တွင် ကမ္ဘာ့ဘဏ်အုပ်စု ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်အရမြန်မာနိုင်ငံသို့ ကူညီထောက်ပံ့မှုများပေးနိုင်ရန် ကမ္ဘာ့ဘဏ်အုပ်စုသည် ၎င်း၏အဖွဲ့အစည်းများဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA)၊ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)နှင့် နိုင်ငံစုံ အကျိုးတူရင်းနှီးမြှုပ်နှံမှုအာမခံရေးအေဂျင်စီ (MIGA)အဖွဲ့များထံမှ ကျွမ်းကျင်မှုများ၊ အရင်းအမြစ်များကို ရယူအသုံးချသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်ရှိနေခြင်းကို ဖြည့်ဆည်းနိုင်ရန် ဓာတ်အားပိုမို တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ထုတ်လွှင့်ဖြန့်ဖြူးနိုင်ရေး လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ သန်းတစ်ထောင် အသုံးပြုဆောင် ရွက်သွားရန် ရည်ရွယ်ထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်နေ ပြည်သူအများစု၏ ၇၅ ရာခိုင်နှုန်းသည် အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုများ မရရှိကြပဲ ဆေးဝါးကုသမှုခံယူနိုင်ရန် ငွေကြေးမတတ်နိုင်သည့် ဆင်းရဲနွမ်းပါးသော မိသားစုများဖြစ်ကြကြောင်း၊ ဆေးဝါးကုသမှုများတွင် မိမိတို့ကိုယ်ပိုင်ငွေကြေးများဖြင့် သုံးစွဲနေရ သည့် ကျန်းမာရေးအသုံးစရိတ် မြင့်မားနေမှုများကိုလည်း ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံအပေါ် ကျန်းမာရေးစောင့်ရှောက်မှု ကတိပြုမှုသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ လူတိုင်းလက်လှမ်းမှီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ် အကောင်အထည်ဖော်ရန် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်နှစ်ခုအတွက် ဦးတည်ဆောင်ရွက်ခြင်းဖြစ်ပြီး ဆင်းရဲသောပြည်သူများ၏ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများကို ၄၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိ မြှင့်တက်သွားနိုင်ရန် ဖြစ်သည်။ **တင်မောင်ဦး**

မိုးကုတ်မြို့နယ်အသင်း (ရန်ကုန်မြို့)

အင်ကျင်ဝိုင်အဖောင်း
ရောင်းရန်ရှိသည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၀၅၅၈၉၄

AC-Express
Saloon Hi-Ace
မြန်မာ
09-49589762
09-49589764
09-421013999
09-421014999

ကိုးဘွဲ့ရရှိပြီးသော အပြတ်သုံး သိမ်၊ ဘုရား၊ ကျောင်း အကာခံယူပါ။
KBZ Bank Account No. 076 12 100 73 733

အတွေးအမြင်ဆောင်းပါး

'အာရောဂျံနှင့်သူရာ'

ရဲထွန်းအောင်(မှော်ဘီ)

[illegible]

သူတစ်ပါးကို စောင့်ကြည့်ရန် သူတစ်ပါးထက်သာစေရန် . . .

[illegible]

[illegible]

သတင်းတို

ဒေသဝက်မျိုးများ အတိုးမဲ့အကြွေးစနစ်ဖြင့်ဖြန့်ဝေ

[illegible]

ဒေါပြို့နယ်တိုးတွားရိပ်သာဆောက်လုပ်ရန်အတွက်
အလှူငွေပေးအပ်ပွဲအခမ်းအနားဖိတ်ကြားလွှာ

[illegible]

Oasis
ချောင်းသာ

Ks-34000
Ks-32000

WIN Japanese Language School

Section	Period	Day	Month
Intermediate	4. 2. 2014	Mon~Wed	4.5
Basic	11.2.2014	Tue~Fri	3
Basic	25.2.2014	Tue~Fri	3
Basic	22.2.2014	Sat,Sun	5
Basic Conversation	22.2.2014	Sat,Sun	4
Intermediate	4. 3. 2014	Tue~Fri	3.5
Basic	4. 3. 2014	Tue~Thu	4.5
Basic	18.3.2014	Tue~Thu	4.5

(Main School) No.278,(First Floor),Theinbyu Road. Botahtaung .
Tel: 294613, 297998, 299493
(Branch School) Tel:01- 2304767

Discount (15000/-Ks)
Ph: 09-73048888

ရောင်းမည်
Mazda Bongo Truck
2007(1000 Kg)

NELC
"Don't Worry, Just Speak!!!"
Nelson English Language Centre
Native Speaker ဆရာများနှင့် Local ဆရာ/ဆရာမများဖြင့် သင်ကြားပေးပါသည်။
Pre-School (Age 3 to 5)
★ Intro, Level - 1, 2, 3
★ Listening /Speaking 1,2
★ IELTS (Foundation)
Opening in February

တရုတ်ကြက်ခြေနီအဖွဲ့မှ ကန်ပိုက်တီး၌ အိမ်ထောင်စု ၅၀၀၀ ကျော်အား အထောက်အကူပြု ပစ္စည်းများ လှူရန်စီစဉ်

မြိတ်မြို့၊ တုံးဗျောကျေးရွာ အ.လ.ကခွဲနှင့် အင်္ဂမော်ကျေးရွာ အ.ထ.က (၅) ကျောင်းသား၊ ကျောင်းသူများ နံရံကပ်ဓာတ်ပုံများကို ကြည့်ရှုကြပြီး ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတများကို ရှာဖွေလေ့လာတတ်စေရန်နှင့် စာကြည့်တိုက်များကို အသုံးပြုတတ်လာစေရန် ရည်ရွယ်၍ ပညာပေးဟောပြောပွဲကို မြိတ်မြို့မှ မိုင် ၃၀ ခန့်ဝေးသည့် တုံးဗျောကျေးရွာ အ.လ.က (ခွဲ) ၌ ဇန်နဝါရီ ၂၄ ရက်က ကျင်းပခဲ့သည်။ သတင်းနှင့်ဓာတ်ပုံ- ဇော်မျိုးနိုင် (ခရိုင်ပြန်/ဆက်)

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ စီမံမှုဖြင့် တရုတ်နိုင်ငံကြက်ခြေနီအဖွဲ့မှ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့၊ ကန်ပိုက်တီးဒေသ အစိုးရအုပ်ချုပ်မှုအောက်ရှိ ကချင်တိုင်းရင်းသား ဒုက္ခသည် အိမ်ထောင်စု ၅၀၀၀ အတွက် မိသားစု အထောက်အကူပြုအိမ်သုံးပစ္စည်းများကို ဖေဖော်ဝါရီ ပထမပတ်တွင် လှူဒါန်းနိုင်ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

လိုင်ဇာဘက်ကိုလည်း အိမ်ထောင်စု. . .

"ဖေဖော်ဝါရီ ပထမပတ် ၅ ရက် ၆ ရက်လောက် ဖြစ်မယ်ထင်တယ်။ တရုတ်ကြက်ခြေနီက အိမ်ထောင်စု ၅၀၀၀ ကို မြစ်ကြီးနား၊ ဝိုင်းမော်မြို့၊ ကန်ပိုက်တီးမှာ လာရောက်လွှဲပြောင်း လှူဒါန်းမှာပါ" ဟု မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဒုတိယအထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်ကျော်ထွဋ်က ပြောသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ စီမံခန့်ခွဲမှုဖြင့် တရုတ်နိုင်ငံ ကြက်ခြေနီအဖွဲ့မှ လာရောက်လှူဒါန်း ခြင်းဖြစ်ပြီး ဒုက္ခသည် အိမ်ထောင်စု ၅၀၀၀ ကို ဝေငှပေးမည်ဖြစ်ကာ မိသားစု အထောက်အကူပစ္စည်း တစ်စုံတွင် ကလေး၊ လူကြီးအပါအဝင် မိသားစုဝင် ငါးဦးစာ အဝတ်အထည်များ၊ လုံချည်များ၊ အနွေးထည်များနှင့် တစ်ကိုယ်ရည်သုံး ပစ္စည်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"လိုင်ဇာဘက်ကိုလည်း အိမ်ထောင်စု ၅၀၀၀ အတွက် မိသားစုသုံး အထောက်အကူပစ္စည်းတွေ ထပ်လှူဦးမှာပါ။ တာဝန်ရှိသူတွေနဲ့ ဘယ်နေ့ လှူမယ်ဆိုတာ ညှိနှိုင်းနေပါတယ်" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အနေဖြင့် ကချင်ပြည်နယ်၊ ကေအိုင်အိုလက်အောက်ရှိ ဒုက္ခသည်စခန်းများသို့ အထောက်အပံ့ပစ္စည်းများ လှူဒါန်းနိုင်ရန် ဒုတိယအကြိမ်ထိ ကေအိုင်အိုဘက်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ထားသော်လည်း ယခုချိန်ထိ တုံ့ပြန်မှုမရရှိသေးကြောင်း သိရသည်။ **စိုးအောင်ဖေ**

ဟံလင်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှု

ဝက်လက် ဇန်နဝါရီ ၂၇

သမ္မတရုံး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဦးဆောင်သည့် UNIESCO ကမ္ဘာ့အမွေအနှစ်ကော်မတီမှ စစ်ဆေးရေးအဖွဲ့သည် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် လိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဟံလင်း ကျေးရွာသို့ ဇန်နဝါရီ ၂၄ ရက်တွင် ရောက်ရှိပြီး ဟံလင်းရှေးဟောင်း ယဉ်ကျေးမှုပြတိုက်ကို ကြည့်ရှုသည်။

ထို့နောက် ရှေးဟောင်း နည်းပညာအချက်အလက်ဌာန၌ ရှေးဟောင်းသုတေသန ဦးစီးဌာနမှ တာဝန်ရှိသူများက ဝန်ကြီးဦးလှထွန်း ဦးဆောင်သည့် UNIESCO ကမ္ဘာ့အမွေအနှစ်ကော်မတီမှ စစ်ဆေးရေးအဖွဲ့အား ဟံလင်းရှေးဟောင်း ယဉ်ကျေးမှု နယ်မြေနှင့် ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းတင်ပြခဲ့ပြီး ဟံလင်းရှေးဟောင်းနယ်မြေ ကုန်းအမှတ် ၉၊ ၂၂၊ ၁၇၊ ၁၈ နှင့် ရေပူစမ်းတို့အား ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် ဟံလင်း အ-လ-က ကျောင်းတွင် ကျင်းပသည့် ကမ္ဘာ့အမွေအနှစ်နှင့် ဟံလင်း ယဉ်ကျေးမှု ဉာဏ်စမ်းပဟေဠိပြိုင်ပွဲသို့ တက်ရောက်ပြီး အထက်တန်းအဆင့် ဆုရရှိသူများအား ဝန်ကြီးနှင့် အဖွဲ့က ဆုချီးမြှင့်ပေးခဲ့သည်။

နန်းမြင့် (ပြန်/ဆက်)

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက်
ဦးညဏ်လွင်
B.Sc(Phy)M.Sc(Thesis)

Section A : 1-2-2014
Section B : 4-2-2014

City&Guilds(UK)
Diploma and Advanced Diploma
Engineering Diploma
Civil
Electrical
Electronic
Electrical Installation
Mechanical
Air-Con & Refrigeration
Mechatronic
Plumbing
Mechanical and Electrical(M&E)
Diploma in IT
Software Developer(IT)
IT System Support (IT)
TECH

Cambridge University ... Native and Local Instructor
Cambridge University
GETC
Opening in February
Basic English
Communicative English
IELTS
General English New
Business English New
537895,502775,530097
www.getc-languageschool.com

Isssue 28.indd 19 1/27/2014 11:24:54 AM

ညောင်ဦးမြို့နယ် ညောင်ပင်ကန်ကျေးရွာ အစိုးရမူလတန်းကျောင်းမှ ထူးချွန်သည့် ကျောင်းသူ၊ ကျောင်းသား ၂၄ ဦးအား ဇန်နဝါရီလ ၂၄ ရက်က ညောင်ဦးခရိုင်မှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးဦးလှမြင့်နှင့် မိဘဆရာများက ဆုများ ချီးမြှင့်ပေးခဲ့သည်။ သတင်းနှင့်ဓာတ်ပုံ- ကျော်ဌေး (ညောင်ဦး)

ထင်းကုန်ကျမှု ၆၀ ရာခိုင်နှုန်းသက်သာမည့် မီးဖိုများ အရစ်ကျရောင်းချသွားမည်

ပျော်ဘွယ် ဇန်နဝါရီ ၂၇

ပျော်ဘွယ်မြို့နယ်အတွင်း ထင်းကုန်ကျမှု ၆၀ရာခိုင်နှုန်း သက်သာစေမည့် စွမ်းအားမြင့် မီးဖိုများအား တရုတ်ကုမ္ပဏီ တစ်ခုနှင့် ပူးပေါင်းပြီး၍အရစ်ကျပေးချေမှုဖြင့် ဇန်နဝါရီလ နောက်ဆုံးပတ်မှ စတင်ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကျေးလက်ပြည်သူများ ထင်းသုံးစွဲမှုလျော့ကျစေပြီး သဘာဝတောများအပေါ် မှီခိုရမှု လျော့နည်းသက်သာစေ ရန်ရည်ရွယ်၍ သစ်တောဦးစီးဌာနနှင့် တရုတ်ကုမ္ပဏီ တစ်ခုဖြစ်သည့်နှင့်ပူးပေါင်းကာ တရုတ်နိုင်ငံထုတ်စွမ်းအားမြှင့်မီးဖို M5000 Cook Stove များကို ပျော်ဘွယ်မြို့အတွင်းရှိ ကျေးရွာများ၌ စတင် ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါ မီးဖိုသုံးခြင်းအားဖြင့် ထင်းအသုံးပြုရသည့် သာမန်မီးဖိုထက်အပူရှိန်မြင့်တက်မှု သုံးဆပိုစေရန် ပြုလုပ်ထားခြင်းကြောင့် သာမန်သုံးပွင့်ဆိုင် ဖိုခနောက်မီးဖိုများထက် ထင်းကုန်ကျမှုမှာ ၆၀ ရာခိုင်နှုန်း သက်သာမည်ဖြစ်ပြီး ရေတစ်လီတာဆူရန် ငါးမိနစ်ခန့်မျှသာကြာကြောင်း သိရသည်။

၎င်းစွမ်းအားမြှင့်မီးဖို၏ တန်ဖိုးမှာ ကျပ် ၁၅၀၀၀ ဖြစ်၍ ပထမဆုံး ကျပ် ၅၀၀၀ ပေးသွင်းပြီးကျန်ငွေကို တစ်ကြိမ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် လေးရစ်ပေးကာ အရစ်ကျပေးချေခြင်းစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

"ဝယ်ယူရမဲ့သူတွေက ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်ဖြစ်၊ တာဝန်ရှိသူတစ်ဦးဦးရဲ့ ထောက်ခံချက်နဲ့ မှတ်ပုံတင်နံပါတ်ပေးပြီးသွားရင် ကနဦး ငွေ ၅၀၀၀ သွင်းပြီးရင် ဝယ်နိုင်ပြီလို့ ပြောတယ်။ ဒါပေမယ့် အကျိုးထူးတွေရှိပေမယ့် လက်ရှိသုံးနေတဲ့ ရိုးရိုးသုံးပွင့်ဆိုင် မီးဖိုတွေထက် ဈေးက အဆမတန်ကွာနေတယ်။ သုံးရမှာလည်း တရင်းတနှီးဖြစ်နေတော့ စဉ်းစားရပါတယ်" ဟု ဒေသခံအိမ်ရှင်မတစ်ဦးက ပြောသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး ချက်ပြုတ် စားသောက်ရေးအတွက် ထင်းကို လောင်စာအဖြစ်သုံးစွဲလျက်ရှိသည်။ **ရှုလိုင်မိုး**

"ကင်းထောက်ဆိုသည်မှာ" (စာမျက်နှာ၁၆)မှ

ဝံပုလွေ၏ အစီအစဉ်မှာ လူငယ်ကလေးများကို အကျင့်စာရိတ္တ ကောင်းမွန်ရန်၊ နိုင်ငံသားပီသရန်နှင့် ကိုယ်လက်ကြံ့ခိုင်ရန် ဦးတည်ချက် ထားရှိပါသည်။

ကင်းထောက်လုလင် (Boy Scout) မှာ အသက် ၁၁ နှစ်မှ ၁၈ နှစ်အတွင်း လူငယ်များဖြစ်ပြီး၊ ဝံပုလွေငယ်သက်တမ်းတွင် ဝံပုလွေများအဆင့် ကျွမ်းကျင်မှုရရှိပြီးသူ၊ သို့မဟုတ် အတန်းစာမူလတန်းအောင်မြင်ပြီးသူ ဝင်ခွင့်ရရှိပါသည်။ တောစခန်းထွက်ခြင်း၊ လှေလှော်ရေကူးခြင်း၊ ခရီးကြမ်းထွက်ခြင်းစသည့် လေ့ကျင့်လှုပ်ရှားမှုများဖြင့် အကျင့်စာရိတ္တဖွံ့ဖြိုးရန်၊ နိုင်ငံသားပီသရန်နှင့် ကျန်းမာကြံ့ခိုင်ရန် လေ့ကျင့်ခြင်းဖြစ်ပါသည်။ ဤအဆင့်တွင် ဆောင်ရွက်ရသော လှုပ်ရှားမှုများအတွက် ကြိုးချည်နည်းများ လေ့ကျင့်ခြင်း၊ သစ်ပင်တက်ခြင်း၊ ရေကူးခြင်း၊ အလံဖြင့်အချက်ပြခြင်း၊ စူးစမ်းလေ့လာမှုလေ့ကျင့်ခြင်း၊ အဖွဲ့အစည်းစိတ်ဓာတ်နှင့် ရိုင်းပင်းကူညီမှုစိတ်ဓာတ်လေ့ကျင့်မွေးမြူခြင်းစသည်တို့ကို ခြောက်ယောက်မှ ရှစ်ယောက်အထိ ပါဝင်သော "ကင်းစိတ်"ဟု ခေါ်သည့် အစုအဖွဲ့ငယ်ကလေးများဖွဲ့၍ ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်ကြပါသည်။

ကင်းထောက်လုလင်တွင် အဖွဲ့ဝင်ခါစအဆင့်ကို ဖုဝါးနုကင်းထောက် (Tender Foot)ခေါ် အခြေခံကင်းထောက်အဖွဲ့ဝင်ဟု ခေါ်ပါသည်။ အခြေခံ ကင်းထောက်ပညာရပ် လက်တွေ့စာမေးပွဲဖြေဆိုအောင်မြင်ပြီးလျှင် ဒုတိယတန်းကင်းထောက် (Second Class)၊ ပထမတန်းကင်းထောက် (First Class)စသည်ဖြင့် အဆင့် တက်သွားပါသည်။ အဆင့်တက်ရန် လိုအပ်သည့် ကင်းထောက်ကျွမ်းကျင်မှု သတ်မှတ်ချက်များရှိသကဲ့သို့ အထူးပြုကျွမ်းကျင်မှု တံဆိပ်စာမေးပွဲများကို ဖြေဆို၍ ကျွမ်းကျင်တံဆိပ် (Merit Badge)များကိုလည်း ဂုဏ်ယူစွာ တပ်ဆင်နိုင်ပါသည်။ မီးသတ်၊ အသက် ကယ်၊ ရေကူး၊ တောင်တက်၊ စခန်းချ၊ သစ်ခုတ်၊ တံတားထိုး၊ တောတောင် တွင်းခြေရာကောက်၊ အချက်ပြသ တင်းပို့၊ လူမှုရေးစသည့် ကျွမ်းကျင် တံဆိပ်များစွာရှိရာ ယခုအခါသစ် တောအတတ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကျွမ်းကျင်သူတံဆိပ်စသည်များအတွက်လည်း ပြဋ္ဌာန်းချက်များရှိလာပြီး ဖြစ်ပါသည်။

ကျွမ်းကျင်တံဆိပ်များ တပ်ဆင်ထားသော ကင်းထောက်လုလင်တစ်ဦးသည် လူ့အသိုင်းအဝိုင်းတွင် ဘက်စုံစွယ်စုံနှံ့စပ်ကျွမ်းကျင်သူဖြစ်ကာ ကင်းထောက်လုပ်ငန်း၏ ပင်မရည်ရွယ်ချက်ဖြစ်သော တာဝန်သိသူ၊ နိုင်ငံသားကောင်း ပီသသူ၊ ကျန်းမာကြံ့ခိုင်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ အများအကျိုးလိုလားထမ်းဆောင်သူအဖြစ် အလိုလို အသိမှတ်ပြုခံပါသည်။

ကင်းထောက်လုလင်တို့သည် သစ္စာအဓိဋ္ဌာန် သုံးချက်ဖြစ်သော တိုင်းပြည်နှင့် အမျိုးဘာသာ သာသနာကို စောင့်ရှောက်ရန်၊ သူတစ်ပါးကို အမြဲကူညီရန်နှင့် ကင်းထောက်ကျင့်ဝတ် စည်းကမ်းတို့ကို လိုက်နာရန် သစ္စာပြု ရပါသည်။ ကျင့်ဝတ်စည်းကမ်း ၁၀ ချက်မှာ ယုံကြည်ခံထိုက်ခြင်း၊ သစ္စာရှိခြင်း၊ ကူညီခြင်း၊ ခင်မင်ခြင်း၊ ယဉ်ကျေးခြင်း၊ ကြင်နာခြင်း၊ အမိန့်နာခံခြင်း၊ ပျော်ရွှင်ခြင်း၊ ခြိုးခြံချွေတာခြင်းနှင့် ရဲရင့်ခြင်းတို့ဖြစ်သည်။ အမေရိကန်တို့က သန့်ရှင်းခြင်းနှင့် ရိုသေလေးစားခြင်းတို့ကို ထပ်တိုးထားပါသည်။ ကင်းထောက်ဆောင်ပုဒ်မှာ အစဉ်အသင့် (Be Prepared) ဖြစ်ပြီး၊ ကြွေးကြော်သံ (Slogan) မှာ နေ့စဉ်ပြုဖွယ်တစ်ခု ကောင်းစွာပြုရန် (One good turn a day) ဖြစ်ပါသည်။

ကမ္ဘာ့ကင်းထောက်လုပ်ငန်းကို ၁၉၀၈ ခုနှစ်တွင် အင်္ဂလန်နိုင်ငံတွင် စတင်တည်ထောက်ခဲ့သော ဒုတိယဗိုလ်ချုပ်ကြီး ရောဘတ်ဘေဒင်ပါဝဲလ်၊ နောင်တွင် လော့ဒ်ဘေဒင်ပါဝဲလ်က 'လူငယ်များအတွက် ကင်းထောက်လုပ်ငန်း' (Scouting for Boys)စာအုပ်ကို ရေးသားခဲ့သည်။ လူငယ်များအတွက် ကင်းထောက်လုပ်ငန်းစာအုပ်မှာ ကင်းထောက်လုလင်များအတွက် သင်ကြားဖွယ်ရာအကြောင်းအရာများစွာကို ဆရာကိုင်အဖြစ် ရေးသားထားသည့် စာအုပ်ဖြစ်ပါသည်။ မူရင်းစာအုပ်တွင် အပိုင်း ခြောက်ပိုင်း၊ အခန်း ၂၈ ခန်းနှင့် မှတ်စုများ ပါဝင်သည်။ စာရေးသူသည် ၁၉၄၁ ခုနှစ်တွင် ကွယ်လွန်ပြီး နှစ် ၇၀ ကျော်အကြာ ၂၀၁၁ ခုနှစ်တွင် စာအုပ်သည် အင်တာနက်ပေါ် ရောက်ခဲ့သည်။

ကင်းထောက်လုလင်အဖွဲ့အစည်းကို ကင်းစိတ်ဟူသည့် အဖွဲ့ငယ်များအဖြစ် ဖွဲ့စည်းထားရာ ကင်းစိတ်တစ်ခုချင်းကို ခေါင်းဆောင်ရသည့် ကင်းစိတ်ဦးစီးသည် အဓိကခေါင်းဆောင်ငယ်ဖြစ်သည်။ ကင်းစိတ်ဦးစီး တစ်ဦးလိုက်နာဆောင်ရွက်ရမည့် လက်စွဲစာအုပ်ဖြစ်သော 'ကင်းစိတ်ဦးစီးလက်စွဲ' (Patrol Leadeer's Handbook)သည် အလွန်ပြည့်စုံသောလက်စွဲစာအုပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၁၀ ပြည့် နှစ်တွင် ကင်းထောက်လုပ်ငန်းစတင်ခဲ့ သည်။ အိန္ဒိယနိုင်ငံနှင့် သီးခြားကင်းထောက်လုပ်ငန်း ၁၉၂၂ ခုနှစ်တွင် ဖြစ်ပေါ်သည်။ ကင်းထောက်လုပ်ငန်း တစ်ခေတ်ဆန်းခဲ့သော ၁၉၄၈ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိအတွင်း 'ကင်းစိတ်ဦးစီးလက်စွဲ'စာအုပ်ကို မြန်မာဘာသာဖြင့် ထုတ်ဝေခဲ့ဖူးပါသည်။ 'လူငယ်များအတွက် ကင်းထောက်လုပ်ငန်း'နှင့် 'ကင်းစိတ်ဦးစီးလက်စွဲ' စာအုပ်တို့သည် ကင်းထောက် အဖွဲ့အစည်းကို ပြန်လည်ဦးဆောင် ဖွဲ့စည်းနေသူများ၊ ကင်းထောက်ဆရာများနှင့် ကင်းထောက်လူငယ်များအတွက် အလွန်အသုံးဝင်သည့် လက်စွဲများဖြစ်ပါသည်။ ယခုအခါ အင်တာနက်တွင် 'ခေါက်'ကြည့်နိုင်ပါသည်။

လူ့အသိုင်းအဝိုင်းတွင် ဘက်စုံ၊ စွယ်စုံ နှံ့စပ်ကျွမ်းကျင်သူဖြစ်. . .

မြန်မာနိုင်ငံတွင် ကင်းထောက်မောင်များသာမက ကင်းထောက်မယ်များကိုပါ ပြန်လည်ဖွဲ့စည်းနေပြီဖြစ်၍ ဝမ်းသာရပါပေသည်။

ဓမ္မဒါယာဒ အရှင်နန္ဒသာရ
ခွန်အားဖြည့်ဓမ္မ

ကားဝယ်လိုသူ နှင့် ရောင်းချလိုသူများအားလုံး စောင့်မျှော်နေကြသော မြန်မာနိုင်ငံ၏ အကြီးဆုံး ကားပြပွဲကြီး
မိုင်ဒါကွင်းကားပြပွဲကြီး(ရန်ကုန်မြို့)
နံနက်(၉)နာရီ မှ ည(၇)နာရီ
မိုင်ဒါကွင်း၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့
SMART BUSINESS GROUP

မြန်မာနိုင်ငံတော် ဗိုလ်ချုပ်

ကံ့ကော်ရွှေပြည်

ဆရာကြီး ဒေါက်တာသန်းထွန်း B.A, H.G.P, R.L, D.I.L, DMA, D.B.A (USA), Ph.D(Law)(USA)

အစဉ်အလာကြီးမားသော ကံ့ကော်ရွှေပြည် မှ ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ် ဝန်ခံချက်

မတ်လ

ကားဝိုင်းလုံးငှားသည်။

CRANE

518474, 095094914, 0943164788

HTET OO MARITIME TRAINING INSTITUTE

Whole Package နေ့မြို့ ... BST နှင့် Pre-Sea ... CDC / Passport ... (၅)ဝ ... (၂)နာရီ ... နှင့် Coffee ...

၁။ BST (4 Tickets) - (... နှင့် Coffee ...)

၂။ Tanker Familiarization Course (T.F) - (... နှင့် Coffee ...) (Oil, Chemical, Liquefied Gas)

၃။ Pre-sea Course (Deck, Engine) - (Onboard Excursion) ...

၄။ Deck Officer Class - 5 (NCV) ... April ...

(၁) ... Ph: 09 250278274, 01-544565

(၂) ... Ph: 09 421154222

Happy Chinese New Year 2014

ကာဘီယာစိန်တိုက်

ကာဘီယာစိန်တိုက် မှ ...

Chinese New Year ...

1ct အထက်မှ 10ct အထက်ထိ Certified Diamond စိန်ပွင့်များကို သင့်တင့်သော နှုန်းထားဖြင့်ရောင်းချပေးပါမည်။

"ကာဘီယာစိန်တိုက်က စိန်အပွင့်ကြီးများကိုဝယ်ယူထားခြင်းဖြင့်ဂုဏ်ယူကြပါစို့..."

Show Room(I) No.137 ... Tel : 248838, 384905, 241929

Show Room(II) No.52 ... Tel : 253308, 09 73249881

New Generation Unit

NGU

(၁၀) ဦးသီးသန့်တော်ပါ ... ဇာတ်မင်းသားများ

သစ်ပင်စိုက်ပါ ကမ္ဘာ သာယာလှပ စိမ်းမြ

“အသုဘကျွေးမှုတင်ရှိခြင်း”

ဘုရား၊ ရတနာ၊ သိမ်၊ ကျောင်း ... ကြီး

အဘသည်ထောင်အမှတ်ကိုနေထိ ဦးစံညွှန်းဆောင်း (မြန်မာတေး)

အသက်(၆၃)နှစ်

ဦးထက်မြင့် အိမ်ခြံမြေအကျိုးဆောင် (ပုဂ္ဂလိက)

Ph: 09 73200737, 09 420161837, 09 401505643, 09 41 ...

အများသိစေရန်အသိပေးကြေငြာချက်

LL.B

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

“ ကန့်ကွက်နိုင်ပါသည် ”

YE NOOS & ASSOCIATES (Law Firm)

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရတနာ၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်ညွန့် (၈၈)နှစ်

ဒေါ်ဖွန့်ပါ၊ ဆင်ပုန်းတောရစ္စမှ မိုင်သာ

မိသားစု

ESSENTIAL

FOREIGN LANGUAGES CENTRE

KHIN KHIN WIN B.A (Eng), Credit, M.A(EFL), UFL, FCLT (BC)

- Band ... IELTS ... သင်တန်းများ
- Visa နှင့် Job Interviews အတွက် Private Lesson များ
- Starters, Movers, Flyers, KET, PET, FCE, CAE, CPE သင်တန်းများ
- ... Letter, Essay writing သင်တန်းများ
- Foreigner များအတွက် English နှင့် Myanmar ဘာသာသင်တန်းများ
- English 4 skills သင်တန်းများ

... Tel: ... HP: ...

ပိုင်ရှင်ကိုယ်တိုင်(အမြန်ရောင်းမည်)

ဆင်မလိုက်ဈေးကွန်ဒို(ကမာရွတ်မြို့နယ်)

(1700 Sqft)1MBR,2BR,No-10E,2800L

တွံတေးလမ်းမပေးတင်(မြေသီးသန့်)

Ph-095127617,09250266260,0973184590

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်း

အမှတ်(၅၅)၊ ၄-လွှာ၏တရားဝင်ပိုင်ရှင်မှ အသိပေးကြေငြာချက်

LL.B, D.B.L, D.M.L

Diploma in Global English

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးပြုံး
(ကျုံကဒတ်ကျေးရွာ၊ သံဖြူဇရပ်)
အသက်(၉၃)နှစ်

ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-ဒေါ်သန်းသန်းအေးတို့၏ ဖခင် ဦးပြုံး အသက်(၉၃)နှစ်သည် ၂၇-၁-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဇနီး ဒေါ်နီနီ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးပြုံး (၉၃)နှစ်
(ကျုံကဒတ်ကျေးရွာ၊ သံဖြူဇရပ်)

သံဖြူဇရပ်မြို့နယ်၊ ပဒိုင်လေးကျေးရွာနေ (ဦးသာအေး-ဒေါ်မပု)တို့၏ သား၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ကျေးရွာနေ (ဦးထွန်းခင်-ဒေါ်သိုင်းမေ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၆)ရပ်ကွက်၊ မြို့မငြိမ်းလမ်း၊ အမှတ်(၈၇)နေ ဒေါ်ဖွားတင်(ခ)ဒေါ်ကောက်၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ဖွားရီ၏ အစ်ကို၊ ဦးတင်ထွန်း-ဒေါ်ညစ်လွင်၊ ဦးစိုးမင်း-ဒေါ်သန်းသန်းစော၊ ဒေါ်ဇာဇာအေး၊ ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-ဒေါ်သန်းသန်းအေး၊ ဦးမျိုးတင့်ရွှေ-ဒေါ်မြင့်မြင့်ရီ၊ (ဦးမင်းလွင်)-ဒေါ်စိုးစိုးရီ၊ ဦးသန်းစိုး-ဒေါ်ခင်အေးမူ၊ ဦးချစ်ခိုင်-ဒေါ်သက်သက်ရီတို့၏ ဖခင်၊ မြေး ၂၃ ယောက်၊ မြစ် ၁၁ ယောက်တို့၏ အဘိုးသည် ၂၇-၁-၂၀၁၄(တနင်္လာနေ့) ညနေ ၄း၄၇ နာရီတွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၁၄(တနင်္ဂနွေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမောင်မောင်ဦး(ညွှန်ကြားရေးမှူး)
အသက်(၅၃)နှစ်

ဤ"ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်းကြီး"၏ဘော်ဒါနေ အမြဲမောင်နှမ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ရည်သွေး၊ မယသော်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ဒေါ်ခင်အေးသန်း၏ချစ်လှစွာသောခင်ပွန်း ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်ဦးသည် ၁၆-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားသောကြောင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲနှမြောကြရပါသည်။

ဆရာကြီး ဂုဏ်ထူးဦးသိန်းနိုင်-ဆရာမကြီးဒေါ်ကြည်ကြည်တင်
ဆရာ/ဆရာမများ၊ ကျောင်းသူ/ကျောင်းသားများ
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း

မကွေးမြို့
နေ့စဉ်သံဃဒါနဆွမ်းလောင်းအသင်းဥက္ကဋ္ဌ
ဦးသိုက်ထွန်း (၈၅)နှစ်
ကျောင်းအုပ်ဆရာကြီး(အလက-နတ်မောက်/မြို့မ)မကွေး(ငြိမ်း)
သမိုင်းရေးရာဌာန ဗနတ
မကွေးမြို့နယ်တရားသူကြီးဥက္ကဋ္ဌ(ငြိမ်း)

မကွေးမြို့၊ မြို့မရပ်နေ(ဦးချိန်-ဒေါ်မြယဉ်)တို့၏သားဦးလှမိုး၏ညီ၊ ဒေါ်ခင်စိန်၏ခင်ပွန်း၊ ဒေါ်ဖြူဖြူထွန်း၊ (ဦးသက်တင်ထွန်း)-ဒေါ်သန်းငွေ၊ ဦးမောင်မောင်ဦး-ဒေါ်ကြူကြူထွန်း၊ ဦးအောင်စိုးထွန်း-ဒေါ်ခင်ညွန့်ဝေ၊ ဦးမျိုးဟိန်း-ဒေါ်လဲ့လဲ့ထွန်း၊ (ဦးမျိုးဝင်းကျော်)-ဒေါ်နှင်းနှင်းထွန်း၊ ဦးမျိုးဇော်ထွန်း၊ ဒေါ်လဲ့လဲ့ထွန်းတို့၏ဖခင်၊ မြေး၁၃ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၅-၁-၂၀၁၄(စနေနေ့)ည ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၁-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် အိုးဘိုရပ်၊(၆)လမ်း၊ အမှတ်(၁၇)နေအိမ်မှမကွေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်လှခင် (၈၄)နှစ်
(ဗိုလ်ချုပ်ရွာ၊ သန်လျင်)

သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာ၊ မကျီးတန်းပိုင်းနေ (ဦးမောင်လွင်-ဒေါ်အေးခက်)တို့၏ သမီး၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ စကားဝါလမ်း၊ တိုက်(၃/၅)နေ (ဦးသီး)၏ ဇနီး၊ ရဲမှူးသိန်းလှိုင်(မြို့နယ် ရဲတပ်ဖွဲ့မှူး၊ တောင်ဒဂုံ) - (ဒေါ်မြင့်မြင့်ဦး)၊ (ဦးအောင်သာကျော်)-ဒေါ်မြင့်မြင့်စန်း (ပဆင-ငြိမ်း)၊ ဒေါ်သက်သက်လွင် (MPPE)၊ (ဦးကျော်စိုးထွန်း)၊ ဦးဇော်မိုးထွန်း(ပဆင၊ ဗဟိုသင်တန်းကျောင်း)၊ ဦးမျိုးထွန်း (ပဆင၊ ဗဟိုသင်တန်းကျောင်း)-ဒေါ်မူမူသက်(ကြံသီးနှံဌာနခွဲ၊ DICD)တို့၏ဖခင်၊မြေးခြောက်ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် ၂၇-၁-၂၀၁၄(တနင်္လာနေ့) နံနက် ၄ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဒေါ်ခင်လှ (၉၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်နေ (ဦးချစ်စရာ-ဒေါ်သောင်း)တို့၏သမီး၊ (ဦးရွှေမြ-ဒေါ်အေးကြူ)တို့၏ သမီးချွေးမ၊ အမှတ်(၃၄၇)၊ မေဓာဝီလမ်း၊ ၈၂/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးမြမောင်)၏ဇနီး၊ ဒေါ်အေးသန်း (မြတ်မောင်ရွှေဆိုင်၊ ရတနာသီဂီဈေး)၊ ဦးအောင်ထူး-ဒေါ်မေပုလဲ၊ ဦးနိုင်ဝင်း-ဒေါ်တုတုအောင်(ကောင်းဝေယံစတိုး)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ကိုအောင်ဇာနည်ထွန်း-မသက်သက်စုမော်(သဲစုအောင်ရွှေဆိုင်)၊ မသက်သက်နိုင်၊ မလဲ့လဲ့မိုး၊ မောင်ကောင်းဝေယံတို့၏ ချစ်လှစွာသောအဘွား၊ မသက်သံစဉ်ထွန်း၏ဘွားဘွားသည် ၂၆-၁-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်မြ အသက်(၈၀)
(ကျုံကဒတ်ရွာ/မော်လမြိုင်)

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်စံပြကျေးရွာနေ (ဦးအောင်သိန်း-ဒေါ်မိမာ)တို့၏ သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်မြို့၊ မြောက်ပိုင်းရပ်ကွက်နေ (ဦးအောင်ဖေ)၏ ဇနီး၊ ဒေါ်ရီရီမြင့်(အထပြ-ငြိမ်း)၊ ရဲမှူးကြူအင်း (မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မုံရွာမြို့)-ဒေါ်တင်တင်ယု၊ ဦးမြင့်အင်း-ဒေါ်ငွေငွေဝင်း(မြင့်ဝင်းလေးကားပစ္စည်းဆိုင်၊ သံဖြူဇရပ်မြို့)၊ ဦးမြင့်ဆိုင်-ဒေါ်ဖြူဖြူစိုး(အောင်ကလပ်ဘရိတ်ပြုပြင်ရောင်းဝယ်ရေး)၊ ဦးနေဆန်း-ဒေါ်အေးစန္ဒာဝင်း(ကားပစ္စည်းဆိုင်၊ ထောက်ကြန့်)၊ ဒေါ်ချိုချိုမြင့်၊ ဒေါက်တာတိုးတိုးအောင်(စည်ပင်သာယာရေးဝန်ကြီး၊ မွန်ပြည်နယ်အစိုးရအဖွဲ့)-ဒေါ်ခင်လေးသိင်္ဂီတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေး ၁၃ ယောက်တို့၏ အဘွားသည် ၂၇-၁-၂၀၁၄ ရက် မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ထောက်ကြန့်မြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော်ကြီး ဘဒ္ဒန္တ နန္ဒဝံသ
သိက္ခာတော်(၆၃)ဝါ၊ သက်တော်(၈၉)နှစ်
တမာပင်ကျောင်းတိုက်၊ တောင်ငူ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ မင်းကြီးညိုရပ်၊ တမာပင်ကျောင်းတိုက်၊ ပဓာန နာယက ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒဝံသ သည် (၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်) ၂၅-၁-၂၀၁၄(စနေနေ့) ည ၈း၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့်(၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်) ၃၁-၁-၂၀၁၄ (သောကြာနေ့)တွင် သာစုကီဠုန အန္တိမအဂ္ဂိ ဈာပနအခမ်းအနား ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဖျာပုံမြို့၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ကျောင်းတိုက်
ပဓာနနာယကဆရာတော်
ဘဒ္ဒန္တ ကုသလ
သိက္ခာတော်(၃၃)ဝါ၊ သက်တော်(၅၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ စာတိုက်(၉)လမ်း၊ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်းတိုက်၏ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကုသလသည် (၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်) ၂၇-၁-၂၀၁၄(တနင်္လာနေ့) နံနက် ၀၀း၁၂ နာရီတွင် ပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်) ၃၁-၁-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမပူဇာအခမ်းအနား ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား အသိပေးအပ်ပါသည်။

ဈာပနကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မမကြီး (၉၂)နှစ်
(လက်ခုပ်ကုန်း)

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ လက်ခုပ်ကုန်းကျေးရွာနေ(ဦးဖိုးချိ- ဒေါ်စော)တို့၏သမီး၊ (ဦးမောင်မောင်)၏ဇနီး၊ ဒေါ်အေးမြင့်-ဦးရှုကြိန်တို့၏မိခင်၊ ဒေါ်ဝေဝေနွယ်(New Prize Tours)၊ ဦးကျော်စွာဝင်း-ဒေါ်သိမ့်သိမ့်အိ(ကမ္ဘာဖြိုးရောင်းဝယ်ရေး)၊ ဦးလင်းအောင်ထက်(အင်ဂျင်နီယာမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-ဒေါ်အေးမြသူ(Cihwm Computer)တို့၏အဘွား၊ မောင်ဝေယံလင်းဦး၊ မဖြူလင်းသန့်၊ မအူဝဲတို့၏ဘွားဘွားကြီးသည် ၂၇-၁-၂၀၁၄ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် လက်ခုပ်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်ဂျမ်း (၆၈)နှစ်
(ရုပ်ဗေဒ-၁၉၆၄-၆၈)
ပဒုမ္မာရေယာဉ်အုပ်စု

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၅၄)နေ (ဦးချုံစိန်-ဒေါ်လှစိန်)တို့၏ သား၊ ဒေါ်ခင်မမ(ဌာနမှူး၊ ရူပဗေဒဌာန၊ ဆေးတက္ကသိုလ်-၁၊ ငြိမ်း)၏ ခင်ပွန်း၊ ဒေါက်တာကြွေအောင်(University of Queensland)၊ ပဒုမ္မာအောင်၊ ဦးခေါင်ထွင်မှ-ဒေါ်အေးသဇင်ဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မအိန္ဒြာခေါင်ထွင်မှ၏ အဘိုးသည် ၂၃-၁-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၀၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၄(စနေနေ့) တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောမြတ်ကျော် (၄၂)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ သပြေလမ်း၊ အမှတ်(၂၉/၇၃)နေ[ဦးကျော်ဒင်-ဒေါ်စတဲ(လ်)လာ]၊ (ဦးထွန်းလှ-ဒေါ်မင်းရှင်)တို့၏မြေး၊ ဦးထွန်းကျော်လာ-ဒေါ်မြညွန့် @ Daw Rose တို့၏သား၊ ဦးကျော်မင်းထိုက်-ဒေါ်နော်စတဲ(လ်)လာ၊ ဦးမောင်မောင်အေး၊ ဦးထွန်းမင်းထွေး-ဒေါ်သန္တာစိုးတို့၏အစ်ကို၊ မောင်သင့်မြတ်ထွန်း၊ မောင်ကျော်မြတ်ကောင်းတို့၏ဖခင်သည် ၂၆-၁-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၈-၁-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဉယျာဉ်တော်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဖီးဖီး နော်ဂလက်ဒစ်(စ)
(Naw Gladys)
အသက်(၇၉)နှစ်
လက်နှိပ်စက်စာရေး(ငြိမ်း)
ရေအားလျှပ်စစ်စီမံကိန်းဌာန၊
လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း(အလုံ-ရုံးချုပ်)
Hydel Project-E.P.C

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်းမ၊ အမှတ်(၄၁၄-က)နေ (စောဒေးဗစ်-နော်စိန်မြိုင်) တို့၏သမီး၊ [စောအောင်လွန်း-နော်ရို့(စ)] တို့၏ သမီးချွေးမ၊ (စောမောလယ်-နော်အေးမေ)၊ (စောခါလေး)-နော်အားဘော၊ နော်မူအား-(ဗိုလ်ကြီးစောစိုးမောင်)တို့၏ညီမ၊ (နော်အက်စတာ-ဦးမြတ်ရင်)၊ စောဆေဝါး-နော်ဖောအယ် တို့၏အစ်မ၊ (စောအာပြဟံထွန်း)၊ စောစရူဘာဘေလထွန်း၊ နော်ဂျေဟိုးရှီးဘာထွန်း-စောသောသီဘဲ့တို့၏မိခင်၊ စောမားဘလက်(စ)ကလူဒို၊ စောဖရက်ရှုပ်(စ)ကလူတောတို့၏အဘွား၊ (သိက္ခာတော်ရဆရာစောထွန်းနေလွန်း)၏ဇနီး နော်ဂလက်ဒစ်(စ)သည် ၂၆-၁-၂၀၁၄ရက် ညနေ၆နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၈-၁-၂၀၁၄ (အင်္ဂါနေ့) နံနက် ၉နာရီတွင် ရန်ကုန်ကရင်နှစ်ခြင်းအသင်းတော်(သူဌေးကုန်း) ဘုရားကျောင်း(ရန်ကုန်အနောက်ပိုင်းဆေးရုံရှေ့)၌ဆုတောင်းဝတ်ပြုပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဉယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးကြံအောင် (၇၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက် အရှေ့ရပ်ကွက်၊ စလင်းလမ်း၊ အမှတ်(၁၁)နေ (ဦးဘိုးငွေ-ဒေါ်လှညွန့်) တို့၏ သား၊ (ဦးလှ-ဒေါ်ကျင်ရ) တို့၏ တူ၊ ဒေါ်မြသန်း၏ ခင်ပွန်း၊ကိုလှဦး-မဝင်းမမမော်၊ကိုအောင်နိုင်-မလှလှရီ၊ ကိုကျော်တင့်-မငွေးငွေးရီ၊ ကိုမျိုးမြင့်အောင်-မမိုးမိုးခိုင်၊ ကိုထိန်လင်း၊ ကိုအောင်မြင့်-မတင်တင်ခိုင်တို့၏ ဖခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၇-၁-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၂-၂၀၁၄(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး
ဦးအောင်သန်း (၈၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်(၂၁)၊ ပထမထပ်(ခေါင်းရင်းခန်း)နေ (ဒေါ်သန်း)၊ ဒေါ်နန့်ရွှေစင်တို့၏ ခင်ပွန်း၊ ဦးကြည်ဝင်း(ဆိုင်ကယ်)-ဒေါ်သက်သက်ခိုင်၊ ဦးခင်ညို(ဆောက်လုပ်ရေးပစ္စည်းအထွေထွေရောင်းဝယ်ရေး)-ဒေါ်အေးအေးမြင့်တို့၏ မွေးသဖခင်၊ မညိုရွှေရည်ရည်နိုင်၊ မောင်နိုင်အောင်သူ၊ မဇွန်ပွင့်ဖြူ(ခေတ္တ-စင်ကာပူ)၊ မောင်သက်နိုင်ဦးတို့၏ အဘိုးသည် ၂၇-၁-၂၀၁၄ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
John Dai Khaw Zam
အသက်(၇၄)နှစ်
တကကဒိုက်ကိုဇမ်း(ရေ/ငြိမ်း)
ကိုယ်ပိုင်နံပါတ်(၈၃၁၈)
C.D.C(4464)First Engineer
(Gualnam Beh)

ချင်းပြည်နယ်၊ တီးတိန်မြို့၊ Taulzang ရွာနေ (Pu Thuah Lang-Pi Sum Don) တို့၏သားငယ်၊ (ဦးစီအူး-ဒေါ်ခင်စု)တို့၏ သားသမက်၊ (Pi Giak Khan Lian -Pu Ning Tual)၊ (Pu Lam Za Pau-Pi Ning Khaw Don)၊ (Pi Zel Za Man - Pu Pau Khen Do)၊ (Pu Hang Gin Mang - Pi Niang Khan Zen)တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ နန္ဒဝင်လမ်း၊ အမှတ်(၂၀)နေ ဒေါ်Christina မိမိခင်@Don Ngalh Cing ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ် Jullana ဒွန်လွန်းကျိန်၊ ဦး Gregory အောင်ကျော်မင်း (C/Oniteam Ltd.)၊မအက်စ္စတာလျန်ဇဝုန် တို့၏မွေးသဖခင်၊ မောင်Cyran Gregory ၊ မောင် Bernard Gregory၊ မ Catherine Zitan Min တို့၏ဘိုးဘိုး John Dai Khaw Zam(ခ)ဦးဂွန်ဒိုက်ကိုဇမ်းသည် ၂၇-၁-၂၀၁၄ရက် နံနက် ၆း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဉယျာဉ်ဗိမာန်တော်၌ မစ္ဆားတရားပူဇော်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ဓမာန္တေလ၊ ယုဇန၊ Fatima Church နှင့် နေအိမ်တို့မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသိန်းဇံ (၆၃)နှစ်

ရန်ကုန်မြို့၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ်(၇၁-ခ)နေ (ဦးတင်မြင့်-ဒေါ်ဆွေရီ) တို့၏ သား၊ (ဦးအုန်းသီး-ဒေါ်အေးကြည်)တို့၏ သားသမက်၊ ဦးအောင်မိုး(လယ်/ရှင်း၊ ငြိမ်း)-ဒေါ်မြင့်မြင့်စန်းတို့၏ ညီ၊ ဦးသိန်းဇော်၊ ဦးလှကြည်-ဒေါ်မြင့်မြင့်ဆွေ၊ ဦးစန်းအောင်-ဒေါ်ခင်ခင်ဦး၊ ဦးစောနိုင်တို့၏ အစ်ကို၊ ဒေါ်ရီရီဝင်း၏ ခင်ပွန်း၊ ကိုဝင်းမင်းသိန်း၊ ကိုသန့်ဇင်ဦး-မအေးမီသိန်း၊ ကိုထွန်းမင်းသိန်း-မဆုမွန်ဖြိုး၊ ကိုမျိုးမြင့်-မအေးမီအောင်၊ မသင်းသင်းအိတို့၏ ဖခင်၊ မောင်ဇော်ရဲနိုင်၊ မောင်စည်သူဟိန်းထက်၊ မကြေးမုံသန့်ဇင်၊ မဆုရတနာထွန်း၊ မောင်ဇေယျာထွန်း၊ မအေးမီမျိုး၊ မောင်ရှင်းထက်အောင်တို့၏ အဘိုးသည် ၂၆-၁-၂၀၁၄ ရက် ည ၁၁း၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၄ ရက် ညနေ ၆ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှ ကားများ ညနေ ၄း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
ဦးကျော်စိုး (၆၂)နှစ်
(ပွေးလှမြို့၊ ပင်းတယမြို့နယ်၊ ရှမ်းပြည်တောင်ပိုင်း)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၇)နေ (ဦးခွန်ကြည်-ဒေါ်ငွေမြိုင်)တို့၏ စတုတ္ထသား၊ (ဒေါ်မြစိန်)၊ ဦးကျော်ဝင်း၊ ဦးသီဟတို့၏ ညီ/မောင်၊ ဦးစိုးငွေ၏ အစ်ကို၊ (ဦးအောင်သန်း-ဒေါ်ဖွားစိန်)တို့၏ သားသမက်၊ ဒေါ်ညွန့်စီ၏ ချစ်လှစွာသောခင်ပွန်း၊ မရွှေစင်ကျော်၊ မမေမျက်သွယ်၊ မဝေဝေနှင်း၊ မောင်စိုးထိုက်အောင်(ခ)ဖိုးအုံ၊ မယဉ်မေစိုးတို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်၊ မောင်မျိုးမြတ်အောင်၊ မောင်ညီညီမင်းမြတ်၊ မဖူးပြည့်စုံတို့၏အဘိုး ဦးကျော်စိုးသည် ၂၆-၁-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းရွှေ(သုံးခွ)
မော်ကွန်းဝင်(တတိယဆင့်)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ (၆၆/၆၈)ဒုတိယထပ်နေ(ဦးဘိုးအောင်-ဒေါ်ပို)တို့၏သား၊ (ဒေါ်သန်းမြင့်)၏ခင်ပွန်း၊ ဦးမျိုးမြင့်(စက်မှုဝန်ကြီးဌာန-ငြိမ်း)-ဒေါ်ခင်ဗချို (ညွှန်ကြားရေးမှူး-ပဲခူးတိုင်းဒေသကြီး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)၊ ဒေါ်နီလာရွှေ (နည်းပညာတက္ကသိုလ်၊ သန်လျင်)တို့၏ဖခင်၊ ဒေါ်သက်သက်မာ၊ ဒေါ်သိန်းထွေးတို့၏ဘကြီး၊ မောင်သန့်မင်းဦး၏အဘိုးသည် ၂၆-၁-၂၀၁၄ (တနင်္ဂနွေနေ့)ည ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်အေးမြင့် (၆၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်၊ အရှေ့ရပ်ကွက်၊ ဌာနာလမ်း၊ အမှတ်(၈၇)နေ (ဦးဖေစိုး-ဒေါ်တင်အေး)တို့၏ သမီး၊ (ဦးကျော်လှိုင်-ဒေါ်မြစိန်)တို့၏ သမီးချွေးမ၊ (ဦးတင်ထွန်း)-ဒေါ်တင်တင်အေး၊ ဒေါ်အုန်းမြင့်၊ ဦးမြင့်သိန်း-ဒေါ်မြင့်မြင့်အေးတို့၏ညီမ၊ ဦးမောင်ကို-(ဒေါ်သန်းသန်းမြင့်)၊ ဦးအေးသိန်း၊ ဦးစိုးတင့်တို့၏ အစ်မ၊ ဦးစိုးမြင့်(ဌာနမှူး-ငြိမ်း၊ လေယာဉ်ဆိပ်ဌာန၊ မင်္ဂလာဒုံ)၏ ချစ်လှစွာသော ဇနီး၊ ကိုအောင်သီဟစိုး၊ ကိုမင်းသီဟစိုး၊ ဒေါက်တာတင်စိုးယဉ်၊ မတင်စိုးလွင် (ပြည့်စုံမင်းဆေးဆိုင်၊ ဗဟိုလမ်း၊ ခိုင်ရွှေဝါလမ်း)တို့၏ ချစ်လှစွာသောမိခင် ဒေါ်အေးမြင့်သည် ၂၆-၁-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၁၄(စနေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မဒွေးဒဣ္ဌိအောင်(ခ)ဒွေးဒွေး
အသက်(၂၂)နှစ်
Global Art

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ညောင်တန်းအိမ်ရာ၊ တိုက်(၄)၊ အခန်း(၄၀၁)နေ (ဦးကျော်မြိုင်-ဒေါ်မြစိန်)၊ ဦးတင်လှ-ဒေါ်ဝင်းကြည်တို့၏မြေး၊ ဦးသန်းငွေအောင်-ဒေါ်မြင့်မြင့်ရွှေတို့၏သမီးငယ်၊ မသိမ့်သုန္ဒီရီအောင် (မွေး/ရေဘဏ်)၏ညီမ မဒွေးဒဣ္ဌိအောင်သည်၂၇-၁-၂၀၁၄ (တနင်္လာနေ့) ညနေ ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစောမြင့်သိန်း(တွံတေး)
အသက်(၇၉)နှစ်
ပါတီစည်းကမ်းထိန်းသိမ်းရေး
ဗဟိုကော်မတီဝင်(ငြိမ်း)
မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အခန်း(၅၀၅)၊ တိုက်အမှတ်(၄)၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ လိပ်ကန်လမ်းနေ (ဦးလှဖေ-ဒေါ်ချယ်ရီ)တို့၏သား၊ (ဦးမန်းအောင်ရှိန်-ဒေါ်ဖွားရှိန်) တို့၏သားသမက်၊ (ဦးရွှေ)-ဒေါ်စိန်စိန်တို့၏ညီ၊ (ဦးလှသွင်-ဒေါ်အုန်းရီ)၊ (ဦးကျော်မြင့်)-ဒေါ်စိုးကြည်တို့၏အစ်ကို၊ (ဒေါ်အေးစိန်မြ)၏ခင်ပွန်း၊ ဦးသန်းထွဋ်ဦး-ဒေါ်ခင်ပြုံးဦး၊ ဦးစောကျော်စိုး(J.S,M Shipping Co.,Ltd.)-ဒေါ်ဇင်မာအေး၊ဦးဝင်းထွဋ်သိန်း-ဒေါ်နှင်းဆီ၊ (ဦးဉာဏ်ထွန်းနိုင်)၊ (ဒေါ်စိမ်းမာလေး)တို့၏ဖခင်၊ မောင်သန့်စင်စိုး(Grade IX A, ပညာနန်းတော်)၊ မောင်ကျော်ဇေယျာဝင်း (Grade V B, အထက-၂၊ ဒဂုံ)၊ မောင်အောင်ပြည့်စုံတို့၏အဘိုးသည် ၂၇-၁-၂၀၁၄ရက် နံနက် ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်ကျော်(ခ)ဖိုးစန္ဒာ
အသက်(၆၃)နှစ်
ဘော်လီဘောနည်းပြ(ငြိမ်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ သရဝဏ်ရိပ်သာ(၁)လမ်း၊ အမှတ်(၁၄)ငါးလွှာ(ဘီ) နေ (ဦးတီတီ-ဒေါ်ခင်ခင်)တို့၏သား၊ (ဦးအောင်ကြီး)-ဒေါ်မြသန်းတို့၏သားသမက်၊ ရဲအုပ်ဒေါ်သန်းသန်းအေး (စမ်းချောင်းမြို့နယ်ရဲတပ်ဖွဲ့)၏ခင်ပွန်း၊ ဗိုလ်ကြီးဖြိုးမောင်မောင်ကျော် (ရပခတောင်ကြီး)-မနွယ်နွယ်ထွန်း (KBZ Bank တောင်ကြီး၊ အေးသာယာ)တို့၏ မွေးသဖခင်၊ ဦးငွေးကြူ-(ဒေါ်ထားထားအေး)၊ ဒုတိယဗိုလ်မှူးကြီးအောင်စိုး(ငြိမ်း)-ဒေါ်ခင်သူဇာ(ES4E)၊ ဦးမောင်မောင်သော်-ဒေါ်စီစီအေးတို့၏ညီ/မောင် ဦးမောင်မောင်ကျော်သည် ၂၆-၁-၂၀၁၄(တနင်္ဂနွေနေ့)နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၄(အင်္ဂါနေ့) ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးဟိန်းထွန်း(D.S.A-46)
အသက်(၃၂)နှစ်

ဘားအံမြို့၊ (၃)ရပ်ကွက်၊ စွယ်တော်လမ်းနေ ဦးတင်မောင်-ဒေါ်ခင်သိန်းတို့၏ သားငယ်သည် ၂၆-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၄ ရက် မွန်းတည့် ၁၂နာရီတွင် ဘားအံမြို့ ထန်းကိုးပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးညွန့် (၉၂)နှစ်
(မအူပင်၊ ရေလဲကလေး)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ရပ်ကွက်၊ မာန်ပြေ(၈)လမ်းအနောက်၊ အမှတ်(၂၀၁)နေ (ဦးဘရှင်-ဒေါ်ငွေဘော်)တို့၏သား၊ ဒေါ်လှဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်လွင်-ဒေါ်ခင်သန်းရီ၊ ဦးတင်မြင့်-ဒေါ်လွင်လွင်၊ ဦးဝင်းမြင့်(မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ငြိမ်း)-ဒေါ်မာမာဆွေ၊ ဦးအောင်ဝင်း(မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ရန်ကုန်ရုံးခွဲ)၊ (ဦးခင်မောင်သစ်) - ဒေါ်သန်းသန်းဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၃ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၂၆-၁-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၄(အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအုန်း (၇၆)နှစ်
(ရုံးအဖွဲ့မှူး/ညွှန်မှူး-ငြိမ်း)
(စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ စီမံ/စီးပွား)၊
(ငါးသိုင်းချောင်း)

ရန်ကုန်မြို့၊ မ/ဒဂုံမြို့နယ်၊ အမှတ်(၄၃)၊ အောင်ဒီပါလမ်း၊ (၂၈)ရပ်ကွက်နေ (ဦးမောင်သန်း-ဒေါ်မြမေ) ငါးသိုင်းချောင်းမြို့တို့၏ သားကြီး၊ (ဦးပန်းထွေး-ဒေါ်သိန်းမေ)တို့၏ သားသမက်၊ ဒေါ်တင်နု(အာမခံ-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ (မောင်သိန်းထိုက်ဦး)၊ မောင်ညီညီထွေး-မနှင်းထိုက်ဝါတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးအုန်းသည် ၂၇-၁-၂၀၁၄(တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁ ၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်၊ အာရှနှင့်ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်အမှုဆောင်အတွင်းရေးမှူး Dr. Noeleen Heyzer အား ယနေ့ညနေ ၄ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဓာတ်ပုံ)**

ယင်းတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် Dr. Noeleen Heyzer တို့သည် အာရှနှင့်ပစိဖိတ်ဒေသ စီးပွားရေးနှင့်လူမှုရေးကော်မရှင်အနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီ အထောက်အပံ့ပေးနေမှုများ၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အကျိုးရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ စိန်ခေါ်မှုများကြားမှ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နေသည့်အတွက် နိုင်ငံတကာအသိုင်းအဝိုင်း၏ ယုံကြည်မှု ပြန်လည်ရရှိနေမှုများနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆက်လက်ဖော်ဆောင်သွားမည်

စာမျက်နှာ » ၆

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းမှုများမြှင့်တင်လျက်ရှိ

စာမျက်နှာ » ၇

ယနေ့ မိုးလေဝသ

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ဒဗလျူဘီအိုဝယ်တာဝိတ်ခါးပတ်လုပွဲ

ပက်ကွိုင်အိုနှင့် ဘရက်ဒ်လေ ယှဉ်ပြိုင်ထိုးသတ်မည်

နိုင်လင်းကြည်

ဒဗလျူဘီအို ဝယ်တာဝိတ်ခါးပတ်လုပွဲအဖြစ် လက်စ်ဗီးဂတ်မြို့၌ ဧပြီ ၁၂ ရက်တွင် ဖိလစ်ပိုင်ပရော်ဖက်ရှင်နယ် လက်ဝှေ့ကစားသမား ပက်ကွိုင်အိုနှင့် ရှုံးပွဲမရှိစံချိန်တင် အမေရိကန်ပရော်ဖက်ရှင်နယ် လက်ဝှေ့ကျော် ဘရက်ဒ်လေတို့ ယှဉ်ပြိုင်ထိုးသတ်သွားရန် ရှိနေကြောင်း သိရသည်။ အမေရိကန်ပရော်ဖက်ရှင်နယ် လက်ဝှေ့ကစားသမား ဘရက်ဒ်လေသည် လက်ရှိတွင် ဒဗလျူဘီအိုဝယ်တာဝိတ်ချန်ပီယံဖြစ်သည့်အပြင် ဒဗလျူဘီစီဂျူနီယာ ဝယ်တာဝိတ်ချန်ပီယံနှစ်ကြိမ် ရရှိထားသည့် လက်ဝှေ့ကျော်ဖြစ်ပြီး ၎င်း၏ လက်ဝှေ့သမားဘဝတစ်လျှောက်တွင် ၃၂ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ နိုင်ပွဲ ၃၁ ပွဲ၊ အလဲထိုးနိုင်ပွဲ ၁၂ ပွဲအထိ ရှိထားခဲ့သည်။

ထို့အပြင် ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွိုင်အိုသည်လည်း ဝါရင့်လက်ဝှေ့ကျော်တစ်ဦးပီပီ လက်ဝှေ့သမိုင်းတစ်လျှောက် ၆၂ ပွဲ ယှဉ်ပြိုင်ထိုးသတ်ကာ ပွဲနိုင် ၅၅ ပွဲ၊ အလဲထိုးနိုင်ပွဲ ၃၈ ပွဲ၊ ရှုံးပွဲ ငါးပွဲနှင့် ဒိုင်ပွဲရပ်အရ သရေပွဲ နှစ်ပွဲ အထိ ရရှိထားသူဖြစ်သည်။

အဆိုပါ လက်ဝှေ့ကျော်နှစ်ဦးသည် ၂၀၁၂ ခုနှစ် ဇွန် ၉ ရက်တွင် ဒဗလျူဘီအိုဝယ်တာဝိတ်ပြိုင်ပွဲတွင် အမှတ်ပေးဒိုင်၏ အငြင်းပွားဖွယ်ဆုံးဖြတ်ချက်ကြောင့် ဘရက်ဒ်လေက အနိုင်ရရှိခဲ့ပြီး ယခုပြိုင်ပွဲသည်ပက်ကွိုင်အိုအတွက် မကျေပွဲဟုဆိုရမည်ဖြစ်ရာ လက်ဝှေ့ချစ်ပရိသတ်အတွက် စိတ်ကြိုက်ဖြစ်စေမည့်ပွဲစဉ်တစ်ခုလည်းဖြစ်သည်။

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၃၈)ဘဏ်မြောက်

ကျောက်ဖြူဘဏ်ခွဲ ကို

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ် တွင်

၂၈.၁.၂၀၁၄ (အင်္ဂါနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

<u>ဆက်သွယ်ရန်လိပ်စာ</u>

ကျောက်ဖြူဘဏ်ခွဲ

အမှတ်(ဈ/ ည–၆၅)၊ ဈေးလမ်း၊ အလယ်ပိုင်းရပ်ကွက်၊

ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ်။

ဖုန်း – (၀၄၃) ၄၆၆၃၈/ ၃၉/ ၄၀

ဖက်စ် – (၀၄၃) ၄၆၆၄၂/ ၄၃/ ၄၄

www.kbzbank.com

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) AO Mono Chrome Copier - (15) Nos
(ခ) i7 Computer - (500) Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် (၅၀၀၀ိ/-)နှုန်းဖြင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် တင်ဒါလျှောက်လွှာများဝယ်ယူနိုင်ပြီး ၁၄-၂-၂၀၁၄ ရက် ညနေ (၁၆း၃၀) နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံ အပါအဝင် တင်ဒါခေါ်ယူသည့် ပစ္စည်းတစ်ခုချင်း၏ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

၄။ ပြည့်စုံစွာ ဖြည့်စွက်ထားခြင်း မရှိသော တင်ဒါပုံစံများကို ရွေးချယ်မှုပြုမည်မဟုတ်ကြောင်း ကြိုတင် အသိပေးအပ်ပါသည်။

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်) ပစ္စည်းဝယ်ယူရေးအဖွဲ့
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
ရုံးအမှတ်(၄၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၀၅၊ ၀၆၇-၄၁၀၄၀၉

အထက(၂)ရန်ကင်း(ကျောက်ကုန်း၊ စိန်မိုက်ကယ်)
(၂၀)ကြိမ်မြောက်အာစရိယပူဇော်ကန်တော့ပွဲ
၁၉၅၉-၆၀မှ ၂၀၁၃ခုနှစ်အထိ ကျောင်းသား/သူဟောင်းများ

၁၉၅၉-၆၀ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ ပညာသင်ကြားခဲ့သောကျောင်းသား၊ ကျောင်းသူများ၏ (၂၀)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၉ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီမှစတင်၍ အထက(၂)ရန်ကင်း ကျောင်းခန်းမဆောင်တွင် ကျင်းပမည်ဖြစ်ပါသောကြောင့် ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့်အလှူငွေများကို အောက်ပါသူငယ်ချင်းများထံတွင် ဆက်လက်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်ရန်-	အထက(၂)ရန်ကင်း	-၀၁-၅၆၂၉၆၇
	ဦးကြည်ဝင်း	-၀၉-၀၅၁၁၉၇၁၀
	ဦးစိန်ထွန်း	-၀၉-၅၁၅၅၆၅၁
	ဦးမြတ်ခိုင်(လျှပ်တစ်ပြက်)	-၀၉-၉၉၂၇၀၉၈
	ဒေါ်ခင်မမစိုးကြည်	-၀၉-၇၃၁၃၉၆၀၂
	ကိုဝင်းသော်	-၀၉-၅၄၅၄၁၁၁
	Dr.ဆုမွန်သော်	-၀၉-၅၀၁၈၅၁၀၊ ၀၉-၇၃၁၅၄၈၀၀
	ကိုဟိန်းသူပိုင်	-၀၉-၅၄၀၅၅၉၆

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း
မြေ၊ အဆောက်အအုံနှင့် အရောင်းဆိုင်များ
ငှားရမ်းရန်
အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ အောက်ဖော်ပြပါ မြေ၊ အဆောက်အအုံနှင့် ဆိုင်ခန်းများအား ပုဂ္ဂလိကသို့ ငှားရမ်းရေး ဆောင်ရွက်သွားပါမည်-

(က) အမှတ်(၄၈)၊ သမာဓိလမ်း၊ တာမွေလေးရပ်ကွက်၊တာမွေမြို့နယ်၊ရန်ကုန်မြို့ရှိ ယခင်ဘဲနှစ်ကောင် မြူစွမ်စက်ရုံ၏မြေကွက်(၀. ၄၇) ဧကပေါ်ရှိ

(၁) သိုလှောင်ရုံ(၁၄၄ပေ×ပေ ၉၀) ၁လုံး
(၂) ဝန်ထမ်းအိမ်ရာ(၃)ခန်းတွဲ ၂လုံး
(၃) လုံးချင်းဝန်ထမ်းအိမ်ရာ ၁လုံး
(၄) ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ ၁လုံး
(၅) ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ ၁လုံး

(ခ) အမှတ်(၁၀)၊အုတ်ကျင်းဘုတာရုံလမ်း၊၁၆ ရပ်ကွက်၊လှိုင်မြို့နယ်၊ ရန်ကုန်မြို့ရှိ ယခင်လှိုင်ဘီစကွတ်စက်ရုံခွဲ(၃)၏ မြေကွက် (၀. ၉၂၅) ဧကပေါ်ရှိ

(၁) ၂ထပ်ဂိုဒေါင်ပျက်(၁၆၈ပေ×ပေ၄၀) ၁လုံး
(၂) ဆပ်ပြာဂိုဒေါင်(ပေ ၂၁၀×ပေ၄၀) ၁လုံး
(၃) ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ ၂လုံး

၂။ တင်ဒါဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်/နေရာ-၂၉-၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ရုံး(၃၇)၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
(ခ) တင်ဒါပိတ်မည့်နေ့ရက်/အချိန်-၁၄-၂-၂၀၁၄ရက်(၁၀း၀၀)နာရီ(သောကြာနေ့)
(ဂ) တင်ဒါဖွင့်မည့်နေ့ရက်/အချိန်-၁၈-၂-၂၀၁၄ရက်(၁၀း၀၀)နာရီ(အင်္ဂါနေ့)
(ဃ) တင်ဒါတင်သွင်းမည့်နေရာ-စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ ဒုတိယဝန်ကြီး (၁)ရုံးခန်း၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်-

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
ဖုန်း ၀၆၇-၄၀၈၁၄၂၊ ၄၀၈၀၆၇၊ ၄၀၈၃၉၂

သွေးသည် အသက်

ဆောက်လုပ်ရေး Contractor, Engineer
များအတွက် Construction
" လုပ်ငန်းခွင်ဆောက်လုပ်ရေးနည်းပညာ "

Construction Management PE?
(R.C) Standard Code of Practice QA & QC?
(QS) Software BQ?
Skyscrapers (Super high - rise) များမှ Prestress Precast, Post- tension Flat Slab, Mega Steel Composite Column, Corewall, Curtain Wall....etc
.....? များကို Projector Slideshow နှင့် အလွယ်ကူဆုံး မြန်မာဘာသာဖြင့်ရှင်းပြပေးပါမည် . . . . .
3-2-2014 ➢ 7-2-2014
(5:30 PM - 7:00 PM)

TIN MAUNG HTWE (PE) (MBE) (0060)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၇၊ မြေကွက်အမှတ်၂၆၁၊ မြေကွက်တည်နေရာ အမှတ်(၂၆၁) ရွှေဟင်္သာလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြောက်၊ ဒေါ်မနီ(CJ-၀၂၀၇၃၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မနီနှင့်ခင်ပွန်း ဦးအောင်ကြည် ကွယ်လွန်သဖြင့် (၁)ဒေါ်လှလှရီ[၁၂/လသန(နိုင်) ၀၁၂၇၇၀] (၂)ဦးပြည့်စုံ[၁၂/လသန(နိုင်)၀၀၁၆၃၆] တို့က သား၊ သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၂၅၉၈/၁၃(၁၂-၁၁-၂၀၁၃)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်လှလှရီမှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်
သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၏ သတ္တမအကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်မှ (၂၀၁၂-၂၀၁၃)ပညာသင်နှစ်အတွက် ၂၀၁၃ခုနှစ် စက်တင်ဘာလတွင်ကျင်းပခဲ့သော ပဉ္စမနှစ် အင်ဂျင်နီယာဘွဲ့စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

ကျင်းပမည့်ရက်	-၂၃-၂-၂၀၁၄(တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ	-မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်ခန်းမ
ကျင်းပမည့်အချိန်	-နံနက်(၉း၀၀)နာရီ
အစမ်းလေ့ကျင့်မည့်ရက်	-၂၂-၂-၂၀၁၄(စနေနေ့)
အစမ်းလေ့ကျင့်မည့်အချိန်	-နံနက် ၉း၀၀ နာရီ

၂။ ဘွဲ့အပ်နှင်းရေးအတွက် မြန်မာဝတ်စုံ(သို့မဟုတ်)အနောက်တိုင်းဝတ်စုံဖြင့် (၂)လအတွင်းရိုက်ကူးထားသော (၂×၁. ၅)လက်မအရွယ် ဓာတ်ပုံ(၃)ပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်ပါသည်။

၃။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဤတက္ကသိုလ်ကျောင်းသားရေးရာဌာနတွင် ဝယ်ယူ၍ပြည့်စုံစွာဖြည့်စွက်ပြီး မှတ်ပုံတင်မိတ္တူတစ်စုံပူးတွဲ၍(၁၅-၂-၂၀၁၄)ရက်နေ့ နောက်ဆုံးထားပြီးလျှောက်ထားရန်။

၄။ ဘွဲ့နှင်းသဘင် တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/-(ကျပ် တစ်ထောင့်ငါးရာတိတိ) အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀ိ/-(ကျပ် တစ်ထောင်တိတိ) ပေးသွင်းရပါမည်။ စာတိုက်မှ ဘွဲ့နှင်းသဘင်ကြေးပေးပို့မည်ဆိုပါက ငွေပို့လွှာတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း (တက်ရောက်/အဝေးရောက်)ဟုဖော်ပြပြီး ပါမောက္ခချုပ်၊ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲ ခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်၊ လနှင့်နေရပ်လိပ်စာ အပြည့်အစုံတို့ကို တိကျစွာဖော်ပြရပါမည်။ ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ယခင်နှစ်မှ ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

၆။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်လွှာတင်သွင်းပြီး တက်ရောက်ယူရန် ပျက်ကွက်ပါကတစ်နှစ်ဆိုင်းငံ့ပြီးမှသာ ဘွဲ့လက်မှတ်ကို ထုတ်ပေးမည်ဖြစ်ပါသည်။

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ်ကျောင်းသားရေးရာဌာန (ဖုန်း-၀၆၄-၃၅၂၄၂)တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဒေါက်တာရီရီမြင့်-မော်ကွန်းထိန်း
မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ မိတ္ထီလာမြို့

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း
အသင်းဝင်များအား အသိပေးကြော်ငြာခြင်း

၁။ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းအနေဖြင့် [illegible]

၂။ [illegible]

၃။ [illegible]

၄။ [illegible] Email Address, Fax, Phone No [illegible]

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

အမှတ်(၂၉) UMFCCI Tower 7th Floor [illegible]

Tel/Fax: 01 214838, 214839, 214840 Email: [illegible]

http://www.myanmartimberassociation.org

ရွှေရော ရောင်းဝယ်ရေး
BOPP, CPP.PE Film **သတင်းကောင်း**

စက္ကူပုံနှိပ်တိုက်သုံး plastic lamination BOPP Film များ၊ ပုဆိုးအိတ်များ၊ CD အိတ်များနှင့် Plastic Printing အတွက် လိုအပ်သော BOPP Film အထူအပါး Size မျိုးစုံကို လက်လီ၊ လက်ကား ရောင်းချပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၂၀၈၆၀၃

ကျော်ကျော်နိုင်မိသားစု ကုမ္ပဏီလီမိတက်
ပြည်ပအလုပ်အကိုင် အကျိုးဆောင်အေဂျင်စီ-လိုင်စင်နံပါတ်-58/2013

အမှတ်(၂၄၉)၊ ဒုတိယထပ်(ညာ)၊ ဗားဂရာလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
(မြေနီကုန်းဝမုန်းပွင့်ကုန်တိုက်အနီး)
ဖုန်း ၀၁-၅၀၄၇၃၁၊ ၀၁-၅၀၄၀၇၉၊ ၀၉-၃၁၀၆၀၃၁၅

ဂျပန်၊ ဟောင်ကောင်၊ စင်ကာပူနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ချင်သူများအတွက် TRAINING VISA,WORK VISA များဖြင့် လုပ်ကိုင်ဆောင်ရွက်ပေးနေပါသည်။

ပျောက်ဆုံးကြောင်း
